
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပြဇာတ်ကဗျာ
ရေးထားတဲ့ဇာတ်လမ်းဖြစ်ပါတယ်။
ဒါကြောင့်
ဒီဝတ္ထုကို စဖြီးဖတ်ကတည်းက
ပြဇာတ်လို မြင်ယောင်ကြည့်ပေးပါ။

# အကြည်တော်
# ပရီးမိုး

တအုပ်တိုက်
အမှတ်(၁၃)၊ ၁၀၇-လမ်း၊
ပဂ်လာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၀၉၉၅

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

အဖုံးဒီဇိုင်း - ကိုဆန်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၇၊ စကားဝါလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ။
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၈၀၀ ကျပ်

အကြည်တော်
ဖရီးဗိုး / အကြည်တော် ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၃
၁၆၀ - စ ၊ ၁၃.၅ × ၂၀.၅ စင်တီ။
(၁) ဖရီးဗိုး

BURMESE CLASSIC .com



ဆေးရုံပေါ်တွင် အဘိုးအိုတစ်ယောက် လူကြီးရောဂါနှင့် သေအံ့မူးမူး ဖြစ်နေသည်။ သူ၏လက်များ နှာခေါင်းများတွင်လဲ ပိုက်အသွယ်သွယ်။

သူ၏ရှေ့တွင်တော့ သားဖြစ်သူ မှဆိုးဖိုမိုးသက်နှင့် သူ၏ဆက်ထက်ပွားများဖြစ်သော မိုးထက်နှင့်မိုးမြတ်ဟူသော အရွယ်ကောင်းမောင်နှမနှစ်ယောက် ရှိနေသည်။

"မြေးတို့ နားထောင်ကြ"

အဘိုးအို၏အသံမှာ ယဲ့ယဲ့သာ ထွက်တော့၏။ သုံးယောက်လုံးက အာရုံစိုက်နေကြသည်။

"အဘိုးမရှိတဲ့နောက်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့နေတတ်ပါတယ် အဘိုးရယ်"

မိုးထက်စကားကြောင့် သေခါနီးလူနာပင် တင်းသွား၏။

"တော့တောင် ငါမသေသေးဘူးကွ၊ မသေသေးဘူး"

မိုးထက်က ရုတ်လွှာလေးချပြီး

"သိပါတယ်အဘိုးရယ်၊ အဘိုးမရှိတော့ရင်လဲ နေတတ်ပါတယ်လို့"

"တယ်လေ"

သေခါနီးသွေးဆုံးကြီးတောင် သွေးတိုးချင်သွားသည်။

"စကားကိုသာ အသေအချာနားထောင်၊ ငါမရှိတော့ရင်"

ယခုမှ လူမဓာရှုပ် ပြန်ပေါက်သည်။

"သားဖြစ်သူတလဲ အသုံးမကျတဲ့ မုဆိုးဖို"

ဦးမိုးသတ် သူအသုံးမကျကြောင်းသိစေရန် ခေါင်းညိတ်ပြသည်။

"အသုံးမကျတဲ့သားတမွေးတဲ့ မြေးနှစ်ယောက်တလဲ ကြည့်ဦး၊ ယောကျ်ားဖြစ်တဲ့မိုးထက်က မခြောက်ရုံတမည်၊ အရာရာ တွန့်ဆုတ်ဆုတ်နဲ့"

မှန်ပေသည်။ သူလဲ ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြသည်။ မိုးထက်မှာ အများမကူညီလျှင် ဘာမှဖြစ်မြောက်အောင် လုပ်တတ်သူမဟုတ်။

"မိန်းမယူရင်တောင် ဘေးအိမ်ကူမှ ကလေးရမယ့်ကောင်မျိုး"

ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြန်သည်။ မိုးထက်မှာ ပြောသလောက် ပျော့ညံ့သည်။

"ဟော မိန်းကလေးဖြစ်တဲ့ မိုးမြတ်ကျတော့လဲ အစ်ကိုနဲ့တခြားစီ"



"အဘိုး သေခါနီး ဘယ်သူ့မကျေနပ်လဲ၊ ဘယ်သူ့ဆော်လွှတ်ရမလဲ ပြော"

"ဘောပြား"

"အိစ်"

မှန်ပေသည်။ မိုးမြတ်က ယောကျ်ားအလောင်းအလျာဖြစ်ချင်သော ယောကျ်ားလျာ။ ဆံပင်ကိုပင် ယောကျ်ားလေးလို ဘိုတေထိုးထား၏။

"ဟင်း မင်းတို့သုံးယောက်ကိုကြည့်ပြီး ငါရင်လေးတယ်တွယ်"

"ဟော့ အဘိုးရင်လေးနေတယ်တဲ့၊ အောက်စီဂျင်ပိုက်လေးဖြုတ်ပေးလိုက်ဦး"

မိုးထက်က တစ်စခန်းထပြန်သည်။ သူက ဘာအလိုက်တန်းဆိုးမှ သိသူမဟုတ်။

"တယ်လေ၊ အောက်စီဂျင်ပိုက် ဖြုတ်လိုက်ရင် ငါသေသွားမှာပေါ့ကွ၊ ခွီးထဲမှပဲ"

"ဩော် အဲလိုလား၊ ကျွန်တော်က အဘိုး အသက်အောင့်ပြီးနေချင်တယ်မှတ်လို့"

"တိတ်စမ်း၊ ငါပြောနေတာ မင်းတို့ဘဝကို ရင်လေးတယ်လို့ ပြောနေတာ"

"ဩော် အဲဒီလိုလား၊ ဒါဖြင့် ဆက်ပြော ဆက်ပြော"

ထိုသို့ရှင်းပြမှ ငြိမ်တော့၏။

"အဲဒီတော့ အဘိုးမှာချင်တာက"

အားလုံးနားပြန်စွင့်နေကြသည်။

"အဘိုးမရှိတော့ရင် မင်းတို့အဖြစ်မရှိပုံနဲ့တ ဘဝရှေ့ဆက်ဖို့ လွယ်မှာမဟုတ်ဘူး"

အဘိုးအိုကြီးမိုးစက်၏အသံက စိုးရိမ်စိတ်နှင့် ယိုယွဲ့သား

www.burmeseclassic.com

“ဒါကြောင့် မင်းတို့ကို ဦးစီး ထိန်းကျောင်းနိုင်မယ့် အိမ်ထောင်ထိန်း တော့ လိုလိမ့်မယ်ကွယ်”

သားအဖများ တစ်ယောက် မျက်နှာတစ်ယောက် ပြန်ကြည့်ကြ သည်။

“အဲဒီတော့ မင်းတို့ အိမ်ထောင် ပြုကြရလိမ့်မယ်”

“ဟာ အဘိုးကလဲ”

“မယူချင်လို့လား”

“ယူမှာ”

အားလုံးနှုတ်မှ တစ်ပြိုင် တည်း ထွက်လာကြသည်။ အဘိုး အိုက တက်ကြွနေသော သုံးယောက်လုံး ကိုကြည့်ပြီး




“ငါလဲ နေရဖို့သိပ်မရှိတော့ တဲ့အတွက် မင်းတို့ထဲက အိမ်ထောင် အရင်ပြုနိုင်တဲ့သူကို အမွေအားလုံး လွှဲ ပေးဖို့ ဆုံးဖြတ်လိုက်ပြီကွယ့်”

အားလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြန်သည်။ အတန် ကြာမှ တစ်လုံးမှ ဝင်မပြောသေးသော မိုးမြတ်က

“အဲဒါကြောင့် အဖေ့ကို ပြော တာပေါ့။ အဘိုးကို မြန်မာဗီဒီယိုကား





တွေ သိပ်မပြပါနဲ့ဆိုတာ”

သမီးဖြစ်သူစကားကြောင့် ဦးမိုးသက် မျက်လုံးပြူးသွားပြီး

“ဟေ ဘာဆိုင်လို့လဲကွ”

မိုးမြတ်မျက်နှာရှုံ့မဲ့လိုက်ပြီး

“ဆိုင်တာပေါ့ဗျ၊ အခုပဲကြည့်လေ၊ အဘိုး အသက်ထွက်ကာ နီးတာနဲ့ မြန်မာဗီဒီယိုကားထဲက အဘိုးကြီးတွေအတိုင်း စိတ်မချဘူး ဆိုပြီး သားသမီးမြေးမြစ်တွေကို အလုပ်မရှိအလုပ်ရှာ အိမ်ထောင် ချပေးဖို့ စကားစပြီ”

“ဟဲ့ နင့်အဘိုးက အင်္ဂလိပ်စာလဲမတတ်၊ မျက်လုံးလဲမကောင်း၊ စာလဲမဖတ်နိုင်တော့ အသံကြားရပြီးရော မြန်မာဗီဒီယိုပဲ ပြပေးနေရ တာပေါ့ တကတည်း”

“ပြပေးတာ တော်ရုံပဲပြပေးပေါ့၊ အခုတော့ အပြလွန်ပြီး မြန်မာဗီဒီယိုထဲက အကျင့်စွဲပြီ၊ ကြည့်လေ၊ အိုပြီဆိုတာနဲ့ အလုပ်မရှိ အလုပ်ရှာ သားသမီးအိမ်ထောင်ချပေးဖို့သာ လုပ်နေတော့တာ”

“တော် တော်ကြပါကွယ်”

အဘိုးကိုယ်တိုင် တားယူရသည်။

“ငါ့မှာလဲ သေကံလေးမပျောက်ခင် ပြောရတာပါ”

အဘိုးအိုက အသက်ကို မျှင်းရှူသည်။

“ကဲ အဲဒီတော့ ‘’င်းတို့သုံးယောက်ထဲက ငါမသေခင် အိမ် ထောင်ကျသူကို ငါ့အမွေတွေကို ခံစားခွင့်ပြုမယ်၊ နောက်ကျတဲ့သူ ကတော့”

“ဒါကတော့ အဘိုးမတရားဘူးဗျာ”

မိုးထက်က စကားစဖြတ်ပြောသည်။

“ဘာ ဘာလို့လဲဟင်”

သေကာနီးလူတောင် မျက်လုံးလေးပြူး၍ မေးရသည်။

www.burmeseclassic.com



"စဉ်းစားကြည့်ပါဦးဗျာ၊ အဖေဆိုတာ ဒါမျိုး လက်စလက်န ရှိတာသား"

မှန်သေသည်။ အဖေ လက်စလက်နရှိ၍ သူတို့လိုသားသမီး တွေထွက်လာတာပေါ့။

"နောက်ပြီး အဖေတ အခုချိန်ထိ ကုပ်ကမြင်း၊ ကာရာအို တေထာကာ ဝတ်နေတာ"

ဦးမိုးသက် တော်လံဆောင်မိမလို ဖြစ်ပြီးမှ

"ဟော့ကောင် အဲဒါ အရင်ကကွ၊ အခု အဲဒီတွေမဝတ်ဟာ (၁၀)နာရီကျော်၊ အဲလေ(၁၀)နှစ်ကျော် ရှိနေပြီ၊ မင်းတို့အရွယ်ရောက် တတည်းက"

"ဘာ(၁၀)နှစ်ကျော်လဲ၊ မပြောလိုက်ချင်ဘူး"

သူတို့စကားကို မိုးမြတ်က မျက်မှောင်ကြုတ်၍

"နေပါဦး၊ အဖေကာရာအိုကေသွားတာ အစ်ကိုက ဘယ်လို သိတာလဲ"

"သိတာပေါ့၊ ဆုံနေကျပဲကို၊ အဲလေ"

ပြောရင်းနှင့် ပေါ်မလိုပင် ဖြစ်လာကြ၏။ ဒါကို မိုးမြတ်က လဲ

"ဒါမျိုးပြောမယ်ဆို ကျွန်တော်လဲနာတာပဲ၊ ကျွန်တော်ရော မိန်းမယူလို့ရမလား ကဲပြော"

သူ့စကားကို လူမမာအဘိုးက

"အောင်မာ ရကွင်းအချင်းချင်း တီးချင်သေးတယ်ဟုတ်လား၊ မိန်းမက မိန်းမယူလို့ဖြစ်မလား၊ ယောကျ်ားပဲယူ"

"ဟာဗျာ၊ အဘိုးကလဲ၊ ကျားအချင်းချင်း ရှက်စရာကြီး"

သူ့ကိုယ်သူ ယောကျ်ားစိတ်ဝင်နေသော မိုးမြတ်က ခေါင်း ကုတ်၍ပြောသည်။





"ကဲ ငါပြောစရာစကားတော့ကုန်ပြီ၊ မင်းတို့ ငါမသေခင် အိမ်ထောင်ပြုကြ၊ အဲသည်လိုမှမဟုတ်ရင် ရှိသမျှငွေအားလုံး ငါလှူ ပစ်လိုက်မယ်၊ ဒါ ဒါပဲ"

ပြောရင်းပြောရင်း အသံမှာ တိုးတိမ်သွားသည်။ မျက်လုံး လဲ တအိအိနှင့် မှိတ်ကျသွားသောအခါ

"ဟာ အဖေ အဖေ"

"အဘိုး အဘိုး ဟာ လုပ်ကြပါဦး"

"ဟာ အဘိုး မျက်လုံးဖွင့်ဦး မျက်လုံးဖွင့်ဦးလေ"

အားလုံးစိုးရိမ်တကြီးအော်သံ၊ လဲနေသောအဘိုးကြီး မျက်လုံးဖတ်ခနဲ ပြန်ဖွင့်လာပြီး

"ဟာ အိပ်တော့မယ့်ဥစ္စာ၊ ဘာလာအော်နေတာလဲ"

ထိုတော့မှ သက်ပြင်းချကြရင်း

"မသိဘူးလေ၊ အဘိုးမျက်လုံးမှိတ်သွားလို့"

"အိပ်မယ့်ဟာကို မျက်လုံးမှိတ်မအိပ်ရင် ဘယ်လိုအိပ်မလဲ၊ သွား သွားကြ နားညည်းတယ်"

ဆိုကာ မျက်လုံးပြန်မှိတ်သွားသည်။ ထိုတော့မှ အားလုံး သက်ပြင်းချရင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ဇည့်ခန်းကား အေးနေသည်။

သုံးယောက်သားကလဲ အတွေးကိုယ်စီနှင့်မို့ ငြိမ်သက်နေ၏။ သုံးယောက်လုံးမှာ အမွေလက်ဝယ်ရရှိရေးအတွက် အကြံထုတ်နေကြဟန်တူသည်။ အတန်ကြာမှ ဦးမိုးသက်က

"ကဲ မင်းတို့လဲ ကြားပြီးပြီဆိုတော့ ထွေထွေထူးထူး ထပ်ပြောနေစရာ မလိုဘူး"

သားနှင့်သမီးတို့က ဦးမိုးသက်ကို စောင်းငဲ့ကြည့်သည်။

"ဒီနေရာမှာ မင်းတို့အဘိုးက သားနဲ့မြေးကို ခွဲခြားမထားဘဲ တစ်ပြေးညီ သတ်မှတ်လိုက်ပြီဆိုတော့ ငါက အဖေဖြစ်တယ်ဆိုပေမယ့် အလျှော့ပေးမှာ မဟုတ်ဘူး"

သူ့စကားကို မိုးထက်က ခေါင်းကုတ်ပြီး

"အဖေကလဲဗျာ၊ အဖေက မိန်းမရပြီးသားဟာပဲကို နည်းနည်းပါးပါး လျှော့ပေးပါလား"

"ဟာ လျှော့ပေးလို့ရမလား၊ ဒီအမွေမှ ငါမရရင် ငါလဲ ခွေးဖြစ်မယ့်ဟာကို၊ မင်းတို့ကလဲ အဖေဆိုပြီး ပြန်ကြည့်မှာမဟုတ်ဘူး၊ ငါရခဲ့ရင်တောင် မင်းတို့စားရဦးမှာ"

ကျန်သူများ မျက်နှာရှုံ့မဲ့ကုန်၏။ သားအဖအချင်းချင်း ခြေမြင်သည့်သဘော။ ဖခင်ဖြစ်သူ မည်မျှကပ်စေးနှဲတာ သိနှင့်ကိုး။ ဒါကို မိုးမြတ်ကလဲ တစ်စခန်းထပြန်သည်။

"အဖေတို့အစ်ကိုတို့က တော်သေးတာပေါ့ဗျာ၊ အဖေတို့အစ်ကိုတို့က မိန်းမယူတာနဲ့ အမွေရပြီ၊ ကျွန်တော့်မှာသာ မိန်းမယူလဲ အမွေမရ၊ ယောကျ်ားချင်းယူတော့လဲ ရှက်စရာကြီး"

မိုးမြတ်စကားကြောင့် ဟိုနှစ်ယောက် စိတ်ပျက်သွား၏။

မိန်းမဖြစ်ပါလျက် မိန်းမယူချင်နေသူမို့ ပြောရအင်မတန်ခက်သောကိစ္စ။

"ကဲ အဲဒီတော့ အဖြေက ရှင်းရှင်းလေးပဲ၊ ဘယ်သူတွေဘယ်လိုအခြေအနေပဲရှိရှိ၊ အရင်အိမ်ထောင်ကျသူက အမွေအရင်ရမှာမို့ ကိုယ့်ရဲ့ ကိုယ်ပိုင်နည်း ကိုယ်ပိုင်ဟန်နဲ့သာ ကြိုးစားကြပေတော့၊ ကဲ ငါတော့သွားပြီ"

ဆိုကာ ထထွက်သွားတော့

"ဟာ အဖေ အဖေ ဘယ်သွားမလို့လဲ"

"အဖေ အဖေ နေဦးလေ၊ ဘယ်သွား"

ဦးမိုးသက် နောက်ပင်ပြန်လှည့်မကြည့်ဘဲ

"မိန်းမသွားရှာမလို့၊ မိန်းမသွားရှာမလို့ဟေ့"

"ဟာ"

× × ×

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်လေးက သစ်ရိပ်ဝါးရိပ်တို့နှင့်အေးနေ၏။

မအေးနိုင်သူ မိုးထက်က ရှေ့တွင်ချထားပေးသည်မှာ ကြာပြီဖြစ်၍ အေးနေပြီဖြစ်သော လက်ဖက်ရည်ကိုပင် မသောက်အားသေး။ သူ့ရှေ့တွင်တော့ သူ့သူငယ်ချင်းများဖြစ်သော ရန်နိုင်၊ မင်းထက်၊ သူရတို့က သူ့အား အထူးအဆန်းသဖွယ် ငေးကြည့်နေကြသည်။

မိုးထက်က ခေါင်းကုတ်ပြီး

"အဲဒါကွာ၊ ငါလဲ ဘယ်လိုလုပ်ရမှန်းကို မသိတော့ပါဘူး"

မိုးထက်စကားကြောင့် သူငယ်ချင်းများ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြသည်။ မိုးထက်ဖြစ်နေပုံကိုကြည့်၍ ထူးဆန်း





နေပုံရသည်။ အတန်ကြာမှ သူရက

"မင်းကလဲကွာ၊ မိန်းမယူမှ အမွေရမယ်ဆိုလဲ အမွေလိုချင်ရင် မိန်းမယူလိုက်ပေါ့ကွာ၊ ဘာခက်တာမှတ်လို့"

"အဲဒါကို ခက်တာပေါ့ကွ၊ အဲဒါကိုခက်တာ"

မိုးထက်က ငိုသံဝဲကြီးနှင့် ပြန်ဖြေသည်။ ပြီးမှ

"မင်းတို့စဉ်းစားကြည့်လေ၊ မိန်းမယူဖို့ဆိုတာ ဘယ်မှာလဲ မိန်းမ"

"ဟ မိန်းမတွေ အများကြီးဥစ္စာကို"

သူရက အထွန့်တက်သည်။ မိုးထက်က

"မိန်းမတွေအများကြီးတော့ ဟုတ်တာပေါ့။ ဘယ်မှာလဲ ငါ့ရည်းစား၊ ဘယ်မှာလဲ ငါ့ကိုယူမယ့်မိန်းမ"

အားလုံး တစ်ယောက်မျက်နှာ ဟစ်ယောက်ကြည့်ကြပြန်သည်။ ရန်နိုင်က ဝင်၍

"မိန်းမများကွာ ရှားတာမှတ်လို့၊ မင်းထက်ဆိုကြည့်ပါလား၊ တစ်နေ့တစ်ယောက်ကို တွဲနေတာ"

မင်းထက်က ကော်လံထောင်၏။ မှန်ပေသည်။ မင်းထက်မှာ ယောကျ်ားတန်မဲ့ မိန်းမချောချောသူဖြစ်ပြီး မိန်းကလေးများ အလွန်ကျသူဖြစ်သည်။ သူ့ကိုကြည့်၍ မိုးထက်ရှုံ့မဲ့ကာ

"တွဲလို့ရမှာပေါ့ကွ၊ ဒီကောင်က မိန်းမချော၊ ပြီးတော့ နှာဘူး"

ကော်လံထောင်ထားသော မင်းထက် ပြန်ပျော့ကျသွားသည်။ သူရက

"မင်းကလဲကွာ၊ ဘာခက်တာမှတ်လို့၊ မိန်းမယူမှ အမွေရမယ်ဆိုလဲ အခုကစပြီး မိန်းမရအောင် ကြိုးစားပေါ့ကွ"

"ဟာ အဲဒီအတွက် အချိန်ပေးနေရင် ဘယ်မီတော့မှာလဲ"

"ဘာဖြစ်လို့"



www.burmeseclassic.com

www.burmeseclassic.com



“မင်းတို့လဲ သိတဲ့အတိုင်း ငါ့တို့အဖေက ငယ်ဖြူနှာဘူး၊ သူ ဦးသွားမှာပေါ့၊ အခုတောင် ကာရာအိုကေဆိုင် ပတ်ရှာနေလောက်ပြီ”

မှန်ပေသည်။ မိုးထက်အဖေဦးမိုးသက်မှာ ခေသူမဟုတ်။ သားဖြစ်သူနှင့်ပင် ကာရာအိုကေ၌ မျက်နှာပြောင်တိုက်ပြီး အခန်းလုရဲသူဖြစ်သည်။




“ဒီတစ်ရက်နှစ်ရက်အတွင်းမှာ ရရင်ရ၊ မရရင် သေပြီသာ မှတ်ပေတော့ပဲ”

အားလုံး ခေါင်းကုတ်သွား၏။

“အေးကွာ၊ မင်းဟာက အဘိုးလဲ မဆုံးခင် ဖြစ်ရမယ်၊ အဖေ ထက်လဲ လက်ဦးရမယ်ဆိုတော့ စဉ်းစားရကြပ်စရာကြီး”

ရန်နိုင်က ဆိုသည်။ ဒါကို မင်းထက်က

“မင်းတို့သာ ခက်တာပါကွာ၊ ငါ့လိုသာဆို ဒီနေ့ပြော၊ ဒီနေ့ အမွေရပြီ”

သူရက မင်းထက်ကိုကြည့်ပြီး

“မင်းက ပြောအားရှိတာပေါ့၊ မင်းက မိန်းမချော ဟာ”

သူရ စကားပြောနေရင်း ရပ်သွား၏။ ဒါကို မင်းထက်က

“ဘာလဲကွ၊ မင်းက ပြောလက်စတန်းလန်းကြီး”

သူရ ပြောလက်စ စကားကိုမဆက်ဘဲ မိုးထက်ဘက် ကမန်းကတန်းလှည့်ကာ

“မင်း မင်းက အဘိုးလဲမဆုံးခင်၊ အဖေလဲ လက်မဦးခင် မိန်းမရဖို့လိုတယ်ဟုတ်လား”

“အေးလေ ပြောပြီးသားဟာကို ဘာလာကြောင်နေတာလဲ”

“အဖေ့ထက်လဲ ဦးရမယ်”

“ပြောပြီးသားပါဆို”

သူရက မိုးထက်အကျႌကို ဆွဲပြီး

“အဲဒါ အဲဒါလိုမျိုး အမြန်ဖြစ်နိုင်တဲ့နည်း ငါသိပြီ”

“ဟေ ဘယ်လို ဘယ်လို အမြန်ဖြစ်နိုင်တဲ့နည်း၊ ဟုတ်လား”

“ဘယ်လို ဘယ်လိုလုပ်မှာလဲ”

အားလုံးစိတ်ဝင်စားသွားကြသည်။ သူရက ခေါင်းညိတ်သည်။ အားလုံး အားတက်သွားပြီး

“ဘယ်မှာလဲ ဘယ်မှာလဲ အဲဒီမိန်းမ”

“အဲဒီလောက်မြန်မြန်ရမယ့်မိန်းမ ပြစမ်း”

အားလုံး သိလိုစိတ်နှင့်မေးသည်။ သူရက ပိုင်ပိုင်ကြီးပြုံးပြီး မင်းထက်ကို လက်ညှိုးထိုးကာ

“ဒီမှာလေ မင်းမိန်းမ”

“ဟာစ်”

သူရစကားကြောင့် အားလုံး ကြက်သေ,သေသွား၏။ လက်ညှိုးအထိုးခံရသော မင်းထက်က တွန့်ဝင်သွားသည်။ ပြီးမှ အားလုံးက

“မင်းကလဲကွာ၊ အကောင်းမှတ်လို့ နားထောင်နေဟာ”



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ ကျားအချင်းချင်း"

"ဟော့ကောင် မင်းက ငါ့ကို မိန်းမနဲ့တူတယ်ဆိုပြီး စမ်းချင်နေတာလား၊ ပွင့်သွားမယ်နော်၊ နောက်စေ့ပါ"

သူတို့၏ တစ်ယောက်တစ်ပေါက်စကားကို သူရက လက်ကာပြပြီး

"အခုဟာက အမြန်ဆုံးဖြစ်တဲ့နည်း ဒီတစ်နည်းပဲရှိတယ်'

"ဘယ်လို"

"မင်းထက်ကို မိန်းမလိုဆင်လိုက်၊ ပြီးရင် မင်းအဘိုးကို ဒါတွန်တော့်မိန်းမပါလို့ပြပြီး အမွေထုတ်လိုက်ရုံပဲ၊ အလွယ်လေး"

အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ မင်းထက်က အကြောက်အကန် ခေါင်းကိုခါပြီး

"တခြား တခြားနည်း စဉ်းစားကြစမ်းပါကွာ၊ ဒါတော့ မဖြစ်နိုင်လို့ပါ၊ အဟီး မလိုက်လွန်းလို့ပါကွာ၊ နော် နော်"

သူ့စကားကို ကြားလား၊ မကြားလားမသိ။ ငြိမ်ကုန်ကြ၏။ ပြီးနောက် ခေါင်းသုံးခေါင်းက တိုင်ပင်ထားသလို ဆတ်ခနဲ ဝေ့ကြည့်ကြသည်။ မင်းထက်က မလုပ်ရန် တောင်းပန်သည့်အနေနှင့် ရင်ဘတ်ကို လက်ကလေးကာလိုက်၊ ပေါင်ကြားထဲ လက်ဖွက်လိုက်ဖြစ်နေသည်။

သုံးယောက်လုံး သူ့အပြုအမူကိုကြည့်ကာ ခေါင်းကို ဖြည်းညင်းစွာခါရင်း အကြည့်ပြန်ခွာသွားသည်။ ထိုတော့မှ မင်းထက်လဲ သူ့နဖူးပေါ် စီးကျနေသောချွေးစေးများကို သုတ်ခွင့်ရသည်။

ခေါင်းများ ဆတ်ခနဲ ပြန်ဝေ့တက်လာသည်။ သုံးယောက်လုံး စိုက်ကြည့်နေ၍ မင်းထက် ရှက်ကိုးရှက်ကန်း ဖြစ်နေမိသည်။ ထို့ကြောင့် လက်ပဲ ကာပြရမလို၊ ဆံပင်ပဲ သပ်ပြရမလို ဖြစ်နေမိသည်။

သုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြပြန်သည်။ အတန်ကြာမှ ရန်နိုင်က





"ဒီလိုလုပ်"

အားလုံးအာရုံများ ရန်နိုင့်ဆီ စုကုန်၏။

"ပြောတော့ မကောင်းဘူးပေါ့ကွာ၊ ဒါနဲ့ မိုးထက် မင်းအဘိုးရဲ့ အခြေအနေက"

မိုးထက် ခေါင်းခါပြီး

"နေ့လား၊ ညလားပဲပေါ့ကွာ"

ရန်နိုင်ခေါင်းညိတ်၏။ ပြီးမှ

"ဒါဖြင့် ခုနက အစီအစဉ်အတိုင်း မင်းထက်က ကူညီလိုက်"

မင်းထက် မျက်လုံးပြူးသွားသည်။

"ဟင် ငါက"

ရန်နိုင်က လက်ကာပြရင်း မိုးထက်ဖက်လှည့်ကာ

"ဒါပေမယ့် အလကားတော့မရဘူး"

"ဘယ်လို"

"တစ်ရက်ကို တစ်သိန်း"

"ဟာ"

အားလုံးအံ့အားသင့်ကုန်၏။ ဒါကို ရန်နိုင်က ခေါင်းညိတ်ပြီး

"ဟုတ်တယ်၊ မင်းအဘိုးလဲ မဆုံးခင်၊ မင်းအဖေလဲ လက်မဦးခင် လုပ်ရမယ်ဆိုတော့ ဒီဈေးနဲ့မှ သင့်တော်မယ်၊ နော် မင်းထက်"

မှန်ပေသည်။ တစ်ရက်တစ်သိန်းဆိုတာ နည်းတာမှတ်လို့၊ မင်းထက်ပင် ကြောင်ပြီးခေါင်းညိတ်မိသွားသည်။

"မိုးထက်အတွက်လဲ ဒါသင့်တော်တဲ့ဈေးပဲ၊ မင်းအဘိုး ဆယ်ရက်ထိခံမှ ဆယ်သိန်းပေးရမှာ၊ အဲ အဲဒီအတွက် မင်းရမယ့်အမွေတသိန်းကိုသိန်းချီပြီးပြန်ရမှာ၊ ကဲ ဘယ့်နှယ်လဲ"

www.burmeseclassic.com



နှစ်ယောက်လုံးအတွက် စဉ်းစားစရာတွေ ဖြစ်ကုန်၏။ အလုပ်မရှိသော မင်းထက်အတွက် မိန်းမလို တစ်ရက်နေရုံနှင့် တစ်ရက်တစ်သိန်းရမည်ဆိုတော့ နည်းသည့်ငွေကြေးမဟုတ်။

မိုးထက်အတွက်ကလဲ တစ်ရက်လျှင် တစ်သိန်းပေးရုံနှင့် အမွေကို သိန်းပေါင်းမြောက်မြားစွာ ပိုက်မိမည့် အခွင့်အရေးကိုး။

ထို့ကြောင့်. . .

"လုပ်မယ်ကွာ"

နှစ်ယောက်သားနှုတ်မှ ပြိုင်တူထွက်ကျလာတော့၏။

× × ×





ကန်တော်ကြီးရေပြင်ကို စိတ်လွတ်ကိုယ်လွတ် ငေးနေမိကြသည်။ ပန်းဆု၏မျက်နှာက တစ်မျိုးပင်။ မိန်းမချော,ချောလှသော ချစ်သူမင်းထက်ကို ပြန်လှည့်ကြည့်မိသည်။

မင်းထက်ကတော့ အဓိပ္ပာယ်မဲ့စွာငေးလျက်

"မောင်ရယ်၊ တစ်ရက်တစ်သိန်းရတာတော့ ဟုတ်ပါရဲ့၊ ဒါပေမယ့် မိန်းမအဝတ်အစားနဲ့ မိန်းမလိုနေဖို့ဆိုတာ"

မင်းထက် သက်ပြင်းချသည်။

"ဘယ်လောက်မှမဟုတ်တာဘဲဆုရယ်၊ နောက်ပြီး ဘယ်သူမှမြင်တာမှ မဟုတ်တာ"

"အဲဒါပြောနေတာ မဟုတ်ဘူး၊ လေးငါးဆယ်ရင်လောက်

www.burmeseclassic.com



သွားနေဖို့ကို မိန်းကလေးအဝတ်အစားက ဘယ်ကရမှာလဲလို့"

ပန်းဆုပြောမှ မင်းထက်ခေါင်းကုတ်သွားသည်။

"ဟုတ်သား၊ ဝယ်ဖို့ဆိုတာကလဲ အင်း"

"ငှားမယ်လေ"

"ဘာ"

မထင်မှတ်သောစကားကြောင့် မင်းထက် အံ့အားသင့်သွားသည်။ ပန်းဆုက ရှက်ကိုးရှက်ကန်းနှင့်

"ဟိုလေ လေးငါးဆယ်ရက်အတွက်တည်းနဲ့ ဝယ်မယ်ဆိုရင်လဲ ဈေးက နည်းမှာမဟုတ်ဘူး၊ အဲဒါကြောင့်ပါ"

မင်းထက်မျက်နှာ ဝင်းလက်သွားသည်။

"ဟုတ်သား၊ မဝယ်တော့ဘဲ ကိုယ့်ချစ်သူပန်းဆုဆီကပဲ မိန်းမအဝတ်အစား ငှားဝတ်လိုက်လို့ ရတာပဲကိုနော်"

သူ့စကားကို ပန်းဆုက ခန္ဓာကိုယ်လေးကြုံ့ပြီး

"အလကားတော့ မရဘူးနော်"

"ဘာ"

"အဝတ်အစားငှားခ တစ်ရက်ကို သုံးသောင်း"

"ဟင်"

မင်းထက် မျက်လုံးပြူးကာ ချစ်သူပန်းဆုကိုကြည့်သည်။ ပန်းဆုက နှုတ်ခမ်းစူပြီး

"ဟုတ်တယ်လေ၊ သူက ဟိုမှာ တစ်ရက်တစ်သိန်းတောင်ရမှာ၊ အဝတ်အစားဖိုးတော့ သုံးသောင်းလောက် ပေးသင့်တာပေါ့ပြီးတော့ ခုဖို့ခံဖို့ စီလီကွန်ပါ အပြီးအစီး အပဟီး"

"ဟယ်"

မင်းထက် ပါးစပ်ဟ၍ ငြိမ်နေမိသည်။ စိတ်ထဲတွင်လဲ

"သြော် မိန်းမ မိန်းမ မိန်းမတိုင်း ငွေမြင်ရင် ဒီအချိုးချည်း





ပါပဲလား"ဟုသာ။

"နောက်ပြီး ဆံပင်ကိုလည်း ဆံပင်တုမစွပ်နဲ့ သိလား၊ လူရှေ့သူရှေ့ ကျွတ်ကျတတ်တယ်"

"ဘယ်လိုလုပ်ရမလဲ"

"ဆံပင်ကို လိုသလိုဆက်သွားလိုက်၊ မထူးပါဘူးလေ၊ ကို့ကိုဆံပင်ဆက်ပေးရင်းနဲ့ ပန်းဆုပါ လိုက်ဆက်လိုက်တော့မယ်၊ ကို့ပိုက်ဆံနဲ့ပေါ့၊ အပဟိ"

မင်းထက် ပန်းဆုကို ဘုကြည့်ကြည့်သည်။ ဘာမှတော့ မပြောတော့။ ဆက်ပြောနေလျှင် ဆက်ခံရဖို့ ရှိနေနှင့်ကိုး။ ထို့ကြောင့်

× × ×



www.burmeseclassic.com

www.burmeseclassic.com



"အဖေ အဖေ မိုးမြတ် မိုးမြတ် အဖေတို့ မိုးမြတ်တို့ရှိလား"

အိမ်ထဲ အသံကျယ်ကျယ်နှင့် ပြေးဝင်လာသော မိုးထက်ကြောင့် အိမ်တွင်း သတင်းစာဖတ်ရင်း အကြံထုတ်နေသော ဖခင် ဦးမိုးသက်နှင့် အကြောင်းမရှိအကြောင်းရှာ ဂိမ်းဆော့နေသောမိုးမြတ်တို့ ခေါင်းထောင်သွားကြသည်။

မိုးထက်က အိမ်ထဲ အားရဝမ်းသာ ပြေးဝင်လာပြီး

"အောင်မြင်ပြီ၊ ကျွန်တော်အောင်မြင်သွားပြီ၊ ပေးတော့ အမွေပေးတော့၊ အမွေပေးတော့ ဟီးဟီး"

မဆီမဆိုင် သူ့စကားကြောင့် နှစ်ယောက်သား ပါးစပ်အဟောင်းသားနှင့် ကြောင်သွား၏။ ဒါကို မိုးထက်က ထိန်းမနိုင်သိမ်းမရဟန်





ကြီးနှင့်

"ဟီးဟီး အခုတော့ ဘာတတ်နိုင်သေးလဲ၊ အမွေရပြီ၊ အမွေရပြီ၊ ဟီးဟီး ဟီးဟီး"

ဧည့်ခန်းထဲ တဟီးဟီး တဟားဟားနှင့် လှည့်ပတ်နန့်နေသော မိုးထက်ကိုကြည့်၍ နှစ်ယောက်သား လိုက်လံကြည့်နေမိသည်။ နောက်မှ ဦးမိုးသက်က သတိဝင်ပြီး

"နေပါဦးကွ၊ ဘာဖြစ်လာတာလဲ၊ ဘာဖြစ်လို့ ဒီလောက်တောင် နန့်နေရတာလဲ၊ အဖေနန့်ဖို့လဲ ထားပါဦး"

ဦးမိုးသက်စကားကို မိုးထက်က ထိန်းမနိုင်သိမ်းမရဟန်ဖြင့်

"နန့်သင့်လို့နန့်တာ၊ နန့်ခွင့်ရလို့နန့်တာ၊ ဟီးဟီး ပြောနေကြာတယ်၊ ပေး ပေး အမွေပေး"

အတင်းကြီးလက်ဖြန့်တောင်းနေ၍ ဦးမိုးသက် မျက်မှောင်ကြုတ်သွားသည်။

"ဘာတွေလာပြောနေတာလဲ၊ မင်းကို ဘာအမွေပေးရမှာလဲ၊ ဘာကြောင့်ပေးရမှာလဲ"

မိုးထက်က အစွမ်းကုန်ပြနေသော သူ့ပါးစပ်ကို ထပ်ဖြဲပြီး

"မိန်းမရပြီလေ၊ ကျွန်တော် မိန်းမရပြီ၊ ကဲ ပြောထားတဲ့အတိုင်း အရင်မိန်းမရသူ ကျွန်တော့်ကို အမွေပေးတော့"

"ဟင်"

"ဟယ်"

နှစ်ယောက်သား ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။ နောက် ဂနာမငြိမ်ဖြစ်နေသော မိုးထက်ကို ပြူးပြီးကြည့်ကြသည်။ နောက်မှ မိုးမြတ်က သတိဝင်ပြီး

"နေ နေပါဦး၊ မနေ့ကပဲ အဘိုးက ဒီစကားပြောတယ်၊ ဒီနေ့ ကိုကိုက မိန်းမရပြီဆိုတာ ဖြစ်နိုင်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



မိုးမြတ်စကားကို မိုးထက်က ခုန်ဆွခုန်ဆွလုပ်ရင်း
"မယုံမရှိနဲ့ ကိုယ်တွေ့၊ ဟီဟိ"
ဦးမိုးသက် မျက်မှောင်ကြုတ်ကာ
"ဒါတော့မဖြစ်နိုင်ဘူး၊ မင်းအဖြစ်မရှိတာ ငါသိတယ်၊ ကာရာအိုကေမှာ အဖေနဲ့ ပြိုင်ပိုးတာတောင် အမြဲနောက်ကောက်ကျနေတဲ့ကောင်က နှစ်ရက်အတွင်း မိန်းမယူလိုက်တယ်ဆိုတာ လုံးဝ ယုံကြည်ဖွယ်ရာစကားလုံး မဟုတ်ဘူး"
"ဩော် တကယ်ပါဆို"
"တကယ်ဆို ဘယ်မှာလဲ လက်ဆုပ်လက်ကိုင်ပြ၊ မိန်းမကောင်းလားဖြစ်ရမှာနော်"
"ဩော် သေချာပေါက် မိန်းမမြတ်၊ အမြတ်ချည်းပဲ"
"ဒါဆို ဘယ်မှာလဲပြ"
ဦးမိုးသက်စကားကို မိုးထက်က မဖုံးနိုင်မဖိနိုင်အပြုံးမျိုးဖြင့်
"တကယ်နော်"
"တကယ် ကဲ ပြ"
မိုးထက်က အိမ်ပေါက်ဝဖက်လှည့်၍
"ချစ်ရေ ဖေဖေတို့ ညီမလေးတို့နဲ့ မိတ်ဆက်ရအောင် လာဟေ့"
အားလုံးအကြည့်များ အိမ်ပေါက်ဝ ရောက်သွားကြသည်။
"ဟာ"
"ဟင်"
နှစ်ယောက်သား မျက်လုံးများပြူးပြီး ကြောင်သွားကြသည်။
မှန်ပေသည်။ အိမ်ထဲ ဆင်မယဉ်သာ ခြေလှမ်းမျိုးနှင့် လှမ်းဝင်လာသော လွန်စွာလှပသည့် မိန်းမပျိုတစ်ဦး။
ခြေထောက်မှာကအစ ငွေခြေကျင်းဝတ်ဆင်ထားပြီး တစ်





နေကုန်ထိုင်ပြီး တစိမ့်စိမ့်ကြည့်လျှင်ပင် ပစ်ရက်စရာမရှိသော အလှပိုင်ရှင်။
မိုးထက်တစ်ယောက်သာ ခုန်ဆွခုန်ဆွဖြစ်နေပြီး ဟိုနှစ်ယောက်က အမျိုးသမီး၏အလှတွင် နစ်မျောပြီး တုတ်တုတ်မျှပင် မလှုပ်နိုင်။
မိုးထက်က လှမ်းဝင်လာသော မိန်းမပျိုကို ပခုံးမှ ပိုင်စိုးပိုင်နင်း ဖက်လိုက်ပြီး
"ဒါလေ ကျွန်တော်နဲ့လက်ထပ်တဲ့ မိန်းကလေး နာမည်က မင်းထက်"
"ဟင် နာမည်က ယောကျ်ားနာမည်ကြီး"
မိုးမြတ်က ဝင်ထောက်သည်။ ဒါကို အထာနပ်နေသော မင်းထက်က မူနွဲ့လိုက်ပြီး
"မင်းမင်းထက်ပါ၊ ကိုက အဖျားဆွတ်ခေါ်ရင်း မင်းထက်ဖြစ်သွားတာ"
အသံပါကြားသည်နှင့် ယောကျ်ားလျာမို့ မိုးမြတ် ဘယ်လိုမှ မထိန်းနိုင်တော့။ မင်းထက်ဆီပြေးသွားပြီး
"ဟယ် လှလိုက်တာ၊ မမရယ် လှလိုက်တာ၊ အာဘွား"
ဟူ၍ ပြေးပြီး ရှလူးလိုက်တော့ မိုးထက်လဲ စိတ်ပူသွားပြီး
"ဟေ့ ဟေ့ကောင်မ ဒါ ဒါ ငါ့ပစ္စည်းနော်၊ နင်ဝင်မပါနဲ့"
"ဘာလို့ဝင်မပါရမှာလဲ၊ အစ်ကို့ပစ္စည်း ကျွန်တော့်ပစ္စည်းပေါ့"
ဆိုကာ မင်းထက်ကို မလွှတ်တမ်း ကျစ်ကျစ်ပါအောင်ဖက်ထားရင်း ကကျွတ်ကကျွတ် လုပ်နေလေတော့သည်။
"ဟင် မလုပ် မလုပ်နဲ့လေ အာဘွားရှလူး"
မင်းထက်ကလဲ ရုပ်သာ မိန်းမရုပ်၊ နဂိုအခံက နှာဘူးမို့



www.burmeseclassic.com

www.burmeseclassic.com



[illegible] ရှက်ချင်ယောင်ဆောင်၍ ပြုံးဖြီးဖြီးနှင့် ပါးလေးပင် [illegible]နေ၏၊

ဒါတို့ အကြောင်းသိသောမိုးထက်က ယောက်ျားလျာမိုးမြတ်တို့ အတင်းသွားဆွဲပြီး

"ဟော့ကောင်မ တော်တော့ နင်လုပ်ရင် နင်နာတော့မယ်နော်"

ဟိုကလဲ မလျှော့။

"အို နာပါစေ၊ ဒါမျိုးလေးနဲ့ကတော့ အနာကို ခံလိုက်ဦးမယ်နော် မမ"

ဆိုကာ အတင်းတွယ်ကပ်ဖက်ထား၏။ ဟိုကောင်ကလဲ မွေးရာပါ နှာဘူးမို့ အတင်းပြန်ဖက်ကာ

"ကိုကိုကလဲ ညီမလေးချစ်လို့ဖက်တာ ဖက်ပါစေ၊ ဘာဖြစ်လို့လဲ ဟီးဟီး"

ဖိမ်ကျနေသော အသံကြီးနှင့် မျက်လုံးကြီးစင်းပြီးပြောသည်။ ဒါကို ဦးမိုးသက်ကလဲတမျှောင့်

"အေး အေးလေကွာ၊ မင်းညီမက ချစ်လို့ဖက်တာ ဖက်ပါစေ၊ ဖြစ်နိုင်ရင် အဖေကိုယ်တိုင်တောင် ဖက်ထားချင်သေး ဟေးဟေး"

"ဟမ်"

အခြေအနေက သိပ်ကောင်းပုံမပေါ်။ ဟိုကောင်ကလဲ မိန်းမအဝတ်အစားဝတ် မိန်းမလိုဆင်လိုက်တော့လဲ မိန်းမအချင်းချင်းပင် လည်ပြန်ငေးရမည့်ရုပ်မျိုးကို။ ညီမဖြစ်သူကလဲ ယောက်ျားလျာဆိုတော့ ဒီရုပ်မျိုးအကြိုက်ပေါ့။ ဖခင်ကပင် လက်တပြင်ပြင်။

ကြာလာလျှင် အမှုကြီးလာမည်စိုးသောကြောင့် မိုးထက်က

"ကဲ ကဲ ချစ်ချင်လဲ နောက်မှချစ်၊ အခုတော့ မမလဲ ခရီး





ပန်းလာတာမို့ ခဏတော့ ပေးနားဦး၊ ကဲ အခန်းထဲသွားရအောင်"

ဆိုပြီး မင်းထက်လက်ဆွဲတော့ မိုးမြတ်ကလဲ ပြန်ဆွဲထားပြီး

"ဘယ်အခန်းထဲသွားမှာလဲ"

"အာ ကိုယ့်အခန်းထဲသွားမှာပေါ့၊ ဘာဖြစ်လို့လဲ"

မိုးထက်စကားကို မိုးမြတ်က ခပ်တည်တည်နှင့်

"မင်္ဂလာဆောင်ပြီးပြီလား"

"ဟမ်"

ရုတ်တရက်အမေးကြောင့် မိုးထက်ကြောင်သွားသည်။ နောက် ယောင်တောင်ပေါင်တောင်နှင့်

"အာ မင်္ဂလာတော့ ဘယ်ဆောင်ရဦးမှာလဲ၊ အဘိုးကိုပြပြီး အဘိုးသဘောတူမှ"

"ဒါဆို တစ်ခန်းတည်းနေလို့ ဘယ်ဖြစ်မှာလဲ"

"ဘယ် ဘယ်လို"

"မင်္ဂလာမဆောင်ရသေးဘဲနဲ့ ယောက်ျားနဲ့မိန်းမ တစ်ခန်းတည်းနေဖို့ မသင့်တော်ဘူး၊ ဒီတော့ ဒီကမမကဲ ညီမအခန်းမှာပဲနေ"

"ဟမ်"

မိုးမြတ်စကားကြောင့် မိုးထက် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ နောက်မှ ကြောင်တောင်တောင်နှင့်

"ဟင် ဒါ ဒါ ငါယူမှာလေ၊ ငါ ငါပင့်လာတာလေ"

"ဘယ်သူပဲ ပင့်လာလာ၊ မင်္ဂလာမဆောင်မချင်း ယောက်ျားနဲ့မိန်းမ အတူမနေသင့်ဘူး၊ ဒါကြောင့် မမကို ညီမအခန်းထဲပဲ ပင့်ထားလိုက်မယ်"

"ဟာ"

မိုးထက်က ဘာဆက်ပြောရမှန်းမသိ။ ဒါကို ဖခင်ဖြစ်သူ ဦးမိုးသက်ကပါ



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သား သားရယ်၊ မိန်းကလေးတစ်ယောက်ကို မယူရသေးရင် ဘုံပိုင်ပဲ၊ မင်းတစ်ယောက်တည်း အပိုင်သိမ်းပြီး အခန်းထဲထည့်ထားလို့ ဘယ်ရမှာလဲ၊ သူတို့မိန်းမချင်းသာထားလိုက်ပါ"

ဦးမိုးသက်စကားကို နှာဘူးစစ်စစ် မင်းထက်ကလဲ

"ဟုတ်သား ကိုကိုရယ်၊ ကိုကိုနဲ့မင်းတို့က မင်္ဂလာဆောင်ပြီးရင် တစ်သက်လုံး အတူတူနေရမှာပဲ၊ အခု မင်္ဂလာမဆောင်ခင်လေး ညီမလေးကချစ်လို့ခေါ်တာ ခေါ်ပါစေ၊ ဟီးဟီးဟစ်၊ ညီ ညီမလေး အခန်းထဲမှာပဲ နေလိုက်မယ်နော်၊ အခုတော့အောင့်ထား၊ ဘိုင့်ဘိုင် ဟစ်ဟစ်"

ဆိုကာ တစ်ယောက်ခါး တစ်ယောက်ဖက်၍ အခန်းထဲဝင်သွားတော့

"ဟာ ဟာ သွားပြီ သွားပြီ ဟာ"

ဆိုကာ ကြမ်းပြင်ပေါ် ဆောင့်ကြောင့်ထိုင်၍ ကိုယ့်ဆံပင်ကိုယ်ပြန်နှုတ်နေရလေတော့သည်။

ကိုယ့်အတတ်နဲ့ကိုယ်စူးဆိုတာ ဒီလိုမျိုး။

ဦးမိုးသက်ကြည့်တော့လဲ ပြုံးပြုံးကြီး။

× × ×





မိုးထက်တစ်ယောက် မထိုင်နိုင်မထနိုင်နှင့် မရိုးမရွဖြစ်နေမိသည်။

မဖြစ်ခံနိုင်ရိုးလား။ သူ့ညီမ(ယောကျ်ားလျှာ)မိုးမြတ်အခန်းထဲ လိုက်ပါသွားသောမင်းထက်ကို မယုံကြည်၍ဖြစ်သည်။

ဒီကောင်က ရုပ်ကသာ မိန်းမရုပ်။ အကျင့်က ခေါ်တော ဆယ်ကောင်အားခန့်ထက်မနည်း၊ လက်သွက်ပုံကလည်း ဩချရလောက်သူ။ လက်ကမြင်းလွန်းလို့ ရပ်ကွက်ထဲ အမှုဖြစ်ခဲ့တာလဲတစ်သီ။ ထိုလိုလူနှင့် သူ့ညီမ အခန်းထဲရှိနေတယ်ဆိုတော့။

စဉ်းစားရင်း ဇောချွေးများပင် ထွက်လာသည်။

"မဖြစ်ဘူး၊ ဘာဖြစ်နေပြီလဲ သွားချောင်းမှ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ အခန်းတံခါးကိုပိတ်ပြီး မင်းထက်ရှိနေသော မိုးမြတ်အခန်းကို ခြေဖော့နင်း၍ အသာကပ်နားထောင်လိုက်သည်။

အတွင်းမှာကြားနေရသည်က

"မမက သိပ်ချစ်ဖို့ကောင်းတာပဲ ရှတ်"

"ညီမလေးကလဲ ချစ်စရာလေး ရှတ်"

အပြင်မှာရှိနေသော မိုးထက် ခေါင်းနပန်းကြီးသွားသည်။

"ဟာ သွားပြီ သွားပြီ၊ ဟိုကောင် လှုပ်ရှားနေပြီ"

ကိုယ့်ခေါင်းကိုယ် ပြန်အုပ်ကိုင်ထားမိသည်။ အတွင်းအခြေအနေက မကြာခင် အလုပ်ဖြစ်နိုင်သည့် အနေအထား။ ကြားရတာတိုက ရှလွတ်ရှလွတ်နှင့် ဘယ်အဆင့်ဖြစ်နေပြီမသိ။

"မောင် မောင်လို့ခေါ်ပါဆို ရှတ်"

"ဟင် မောင်တဲ့လား ရှတ်၊ ချစ်စရာလေး ရှတ်"

ဒီကောင်။ ဒီကောင် ဇာတ်ရှိန်မြင့်ပြီ။ ဟိုက တစ်ရှတ်ဆိုသူ နှစ်ရှတ် လုပ်နေနေပြီ။ ကြာရင် သုံးရှတ်၊ လေးရှတ်မှသည် သုံးလေး။

"အွတ်"

တံတွေးပင် မြိုချမိသည်။

မိုးထက် နားထောင်နေရင်း ဇောချွေးတွေကျလာသည်။ အလိုက်ကန်းဆိုးမသိသော အခန်းတွင်းကောင်မကတော့

"မမ မောင်ခွမယ်နော်"

"ဟာ သွားပြီ"

သူ့ခေါင်းသူ အုပ်ကိုင်လိုက်မိသည်။

သူကသာစိတ်ပူနေတာ အခန်းတွင်းကြားရသော အူမြူးသံက

"မောင့်သဘော မောင်ခွချင်ခွ"





"ဟင့်အင်း မောင်ချည်းပဲ မခွချင်ဘူး၊ မလဲပြန်ခွ"

"ဟာ ဒုက္ခတော့ ရောက်ပြီ"

အသံတိတ်ရေရွတ်ရင်း မိုးထက် တံခါးကိုဆွဲဖွင့်မိမတတ်ဖြစ်နေမိသည်။ မိန်းမသားရှိနေသော အိမ်ကို အလည်အပတ်မျှပင် မခေါ်သင့်သောသူက ညီမအခန်းထဲရောက်နေတာဆိုတော့ စဉ်းစားသာကြည့်။

"ဒါဖြင့် မောင်တစ်ဖက်ခွ၊ မတစ်ဖက်ခွမယ်"

"ဟေး ဒါမှ တို့မမကွ"

သူတို့သာပျော်နေတာ။ အပြင်မှာရှိသူက

"ကောင်မ၊ ကိုယ်ခံရမှာကို အူမြူးနေသေး"

ဆိုကာ ကိုယ့်ခေါင်းကိုယ်ထုနေမိသည်။

"ဟင် မ၊ ဒီမှာ ဘာကြီးခုနေတာလဲ"

မိုးထက်နားစွင့်လိုက်သည်။

"ဘယ်မှာလဲ မောင်ရဲ့"

"ခွထားတဲ့ မောင်နဲ့မရဲ့ ခါးနားမှာလေ"

မိုးထက် ဆံပင်များပင် ထောင်တက်သွား၏။

"သေချာပြီ၊ သေချာပြီ၊ ခါးနားရှိတာ ဒါပဲရှိတာ"

တံခါးကို ဆွဲဖွင့်လိုက်မည်ကြံတုန်းမှာပင်

"ဟယ် အဲ အဲဒါ မောင့် မောင့်ခါးပတ်လေ ခါးပတ်"

တံခါးထုမည့်လက်၊ လေထဲမှာတန့်သွား၏။

"ဪ ဟုတ်သား၊ ဒါဖြင့် မောင့်ခါးပတ်ချွတ်လိုက်မယ်၊ ပြီးရင်"

မိုးထက် ဆံပင်များပြန်ထောင်တက်သွား၏။ အလုပ်ဖြစ်ဖို့ရာခိုင်နှုန်းက အတော်များနေပြီ။ ခါးပတ်တောင် ချွတ်နေမှကို။ ဒါကို အထဲက ကြားလိုက်ရသော ချော်ချွဲချွဲအသံကြီးက



www.burmeseclassic.com

www.burmeseclassic.com



"ဟင့် မကြည့်ရဲဘူး ဂလု"

မိုးထက်ခမျာ ဘာလုပ်လို့လုပ်ရမှန်းမသိတော့

"ရပြီ ချွတ်ပြီးပြန်ခွမယ်"

"ခွ ခွ ခွပ် ခွပ်"

ကြိတ်ရယ်သံ။

"ဟင် မ,ခါးကြားက ခံနေတုန်းပဲ၊ မ,ဆီကထင်တယ်၊ မှန်းမောင်စမ်းမယ် မယ် ဟယ်"

မိုးထက် တံခါးထဲ နှာရွက်ထိုးဝင်မတတ် ပူးကပ်ထားလိုက်သည်။

"ဟင် မမခါးမှာ လုံးလုံးရှည်ရှည်ကြီး၊ ဘာကြီးလဲ အဲဒါ ဘာကြီးလဲ"

မိုးထက် တံခါးကို ရုပ်ရှင်ထဲကလို ဆောင့်ကန်ဖွင့်ရန် ပြင်လိုက်မိသည်။ သို့သော် မကန်ဖြစ်လိုက်။ ကြားလိုက်ရသောအသံကြောင့်ဖြစ်သည်။

"ဩော် အဲ အဲဒါ ပိုက်ဆံလိပ်လေ၊ မ,ခါးကြားထဲလိပ်ပြီး ဖွက်လာတာ အဟိ"

"ပိုက်ဆံလိပ်ကလဲ အတုပ်ကြီးပါလား"

"များတာကိုး မောင်ရဲ့၊ တုပ်မှာပေါ့"

"မက ဘာလို့ ပိုက်ဆံလိပ်ကို ခါးကြားဝှက်ထားတာလဲဟင်"

"ဩော် ဒါက ရန်ကုန်မှာ ခါးပိုက်နှိုက်တွေ သိပ်ပေါတယ်ဆိုလို့ လုံခြုံအောင် ခါးကြားထဲထိုးဝှက်၊ အဟက် အဟက်"

"ဟယ် မ,က သိပ်ရိုးသားတာပဲ၊ ဒါနဲ့ ပိုက်ဆံလိပ်သာဆိုတယ်၊ သားရည်လိပ်ကြီးလိုပဲနော်"

"ဩော် ဒါလား၊ ပိုက်ဆံလိပ် ထွက်မကျအောင်ဆိုပြီး လည်သာသားရည်နဲ့ ပြန်လိပ်ထားတာ အဟင့် အဟင့်"





လည်သာသားရည်သာ မခံလျှင် မိုးထက်တွေးတာ မှန်လောက်သည်။ ယခုလဲ မှန်နေလောက်သည်။

"မှန်းစမ်း မောင်ကြည့်စမ်းမယ် ဟီးဟီး"

"ဘာကိုလဲ"

"အဲဒီပိုက်ဆံလိပ်အတုတ်ကြီးကို လည်သာနဲ့ပတ်ထားတာလေ"

"ဟင် မောင်ကလဲ ရှက်စရာကြီး၊ မပြရဲပါဘူး"

"ဟင့်အင်း ဟင့်အင်း မ,ပြရမယ်၊ မပြရင် မောင် ထဘီဆွဲချွတ်လိုက်မှာနော်"

မိုးထက် ထွက်ပြေးရမလို ထိုင်ပဲထိုင်ချရမလို ဖြစ်နေသည်။ ပစ်မှတ်ကလဲ အဆင်သင့် ဒီမြားတံထွက်လာမှဖြင့်။

"ချွတ် အဲလေ ချွတ်နဲ့နော်"

"ချွတ်မှာပဲ"

အခန်းတွင်း တွန်းထိုးသံများ ကြားရသည်။ အတွင်းမှာ အခြေအနေမကောင်းတော့။ မိုးထက်လဲ မနေသာတော့။ ထို့ကြောင့် ကပျာကယာဖြင့်

"မင်း မင်းထက်"

"ဗျာ အဲလေ ရှင်"

အထဲမှ ကပိုကယိုထူးသံ။

"အပြင် အဟမ်း အပြင်ခဏလောက် ထွက်လာပါဦး"

"ဟင် ဘာလုပ်ဖို့လဲ၊ ဒီမှာကောင်းခန်းရောက်၊ အဲလေ စကားကောင်းနေတာကို၊ အဟင့်"

"ကောင်းခန်းရောက်၊ အဲလေ စကားကောင်းလဲ နောက်မှကောင်း၊ ဒီမှာ တိုင်ပင်စရာရှိလို့"

သူ့စကားကို မိုးမြတ်ကလဲ



www.burmeseclassic.com

www.burmeseclassic.com



"အာ ကိုကိုကလဲ ဒီမှာ မမနဲ့ မောင် အဲလေ မြတ်နဲ့"

"ဟော့ကောင်မ၊ နင် လျှာမရှည်နဲ့၊ နင်ခံရတော့မှာနော်"

"အာ ကိုကိုကလဲ မြတ်က ဘာခံရမှာလဲ၊ ကိုယ်အသာချည်းပဲဟာကို ကကျွတ်"

အောင်မာ၊ ကောင်မက ဘာမှ မသိဘဲ လှမ်းကကျွတ်နေသေး။ ဒါကို မိုးထက်က သည်းမခံနိုင်တော့။

"မင်းထက် ထွက်လာတော့နော်၊ ဒီထက်ကြာရင် ငါဝင်လာမှာ"

အသံ ခေတ္တတိတ်သွားသည်။ သိပ်မကြာ တီးတိုးသံများအပြီး တံခါးဖွင့်သံ ကြားရသည်။




"ကျွီ"

"ဟင်"

အပြင်ထွက်လာသော မင်းထက်ကိုကြည့်၍ မိုးထက် ကြက်သေ,သေသွား၏။

ဟုတ်ပေသည်။ သူ ကြက်သေသေမယ်ဆိုလဲ သေစရာ။ ကြည့်လေ ဖြစ်လာပုံ။ ဆက်ထားသောဆံပင်များက ရှုပ်စောင်းပြီး မျက်နှာအနှံ့တွင်လဲ နှုတ်ခမ်းနီရာများ ဝရုပ္ပ။ ဒီကြားထဲ





ကျွတ်နေသော ထဘီကိုလဲ ရင်ခေါင်းစီးပြီး လူပုံက နုံးနေသေး၏။

အခန်းတွင်းကြည့်တော့ ညီမ ယောကျ်ားလျာမိုးမြတ်က အောင်မြင်သူအပြုံးနှင့် ပြုံးဖြီးဖြီးလုပ်၍ မရှိသောမုတ်ဆိတ်ကိုသပ်ပြီး ဒူးနန့်နေသေး၏။

"ကောင်မ ကိုယ်ခံရမှာကိုမသိတဲ့ကောင်မ"

မိုးထက် စိတ်ထဲကြိတ်ကြိမ်းဝါးရင်း တံခါးကို ချိုင်းခနဲဆွဲပိတ်လိုက်သည်။ ထိုတော့မှ မင်းထက်လဲ စိတ်ပျက်သံဖြင့်

"ဘာလဲကွာ၊ မင်းကလဲ"

သူ့အမေးကို မိုးထက်လဲတင်းသွားပြီး

"ဘာရမှာလဲကွ၊ မင်း အဲလိုလုပ်နေရင် အလိမ်တွေပေါ်ပြီး အမွေမရဘဲ ဖြစ်သွားမယ်"

"အမွေမရလဲ နေပေ့ါကွာ၊ ဒီမှာ ကောင်းခန်းရောက်နေပြီ၊ ငါအထဲပြန်ဝင်တော့မယ်"

ဂတိက စားမန်ထနေပြီမို့ အခန်းထဲပြန်ဝင်ရန်ပြင်သည်။ မိုးထက်က အတင်းဆွဲပြီး

"ဟော့ကောင် ဟော့ကောင် အဲဒီလိုမရဘူးလေ၊ မင်းကို တစ်နေ့တစ်သိန်းနဲ့ ငါငှားလာတာနော်"

"တစ်နေ့တစ်သိန်း ဟုတ်လား၊ မယူဘူး၊ ဒီလိုယောကျ်ားလျာနဲ့ ငါတစ်ခါမှ မတွေ့ဖူးဘူး၊ ကြမ်းတယ်ကွ၊ ကြိုက်တယ်၊ ကဲ ငါအခန်းထဲပြန်ဝင်တော့မယ်"

"ဟော့ကောင် ဟော့ကောင် နေဦး"

အခန်းထဲအတင်းဝင်နေသော မင်းထက်ကို မိုးထက်က အတင်းဆွဲထားရသည်။

"ဒီမှာ အမှုဖြစ်လို့ကတော့ သူငယ်ချင်းသောသာသောမသိဘူး၊ ငါတရားစွဲမှာနော်၊ အခုတင် တရားစွဲလို့ရနေပြီ"

www.burmeseclassic.com



"အောင်မာ တရားစွဲချင် မင်းညီမကို အရင်စွဲရမှာ၊ ဒီဇာတ်လမ်း သူအရင်စတာ၊ ငါအမျိုးသမီးရေးရာသွားတိုင်မယ်"

"ဟေ့ကောင် အမျိုးသမီးရေးရာ သွားတိုင်ရအောင် ဒါဘယ်သူ့အခန်းလဲ၊ မင်းခါးကြားက ပိုက်ဆံလိပ်ဆိုတာ ဘာကြီးလဲ၊ ဒီအခန်းထဲ ဘယ်သူဝင်တာလဲ"

မိုးထက်စကားကြောင့် မင်းထက်ငြိမ်ကျသွားသည်။ ဒါကို အခွင့်ကောင်းယူကာ မိုးထက်က

"ကဲ လာ အခန်းထဲသွားရအောင်"

"ဒီအခန်းထဲလား"

မင်းထက်က မိုးမြတ်အခန်းကို လက်ညှိုးညွှန်ပြသည်။ ဒါကို မိုးထက်က အတင်းလက်ဆွဲပြီး

"ငါ့အခန်းကိုပြောတာ လာ"

မင်းထက်မှာ မလိုက်ချင်လိုက်ချင်နှင့် ယက်ကန်ယက်ကန် ပါသွားပေတော့သည်။

× × ×





"နေဦးကွ၊ ငါရေချိုးလိုက်ဦးမယ်"

အခန်းထဲရောက်သည်နှင့် မင်းထက်က ဆိုသည်။ မှန်ပေသည်။ သူ့ခမျာ ဟိုအခန်းထဲ မည်မျှအားစိုက်ခဲ့ရသည်မသိ။ ချွေးသံတရွှဲရွှဲနှင့် နှုတ်ခမ်းနီဗရပွဆိုတော့ ရေချိုးမှုကို တင့်တယ်တော့မည်ကိုး။

မိန်းမအဝတ်အစားတွေ ချွတ်လိုက်တော့လဲ တကယ့်ကျားကျားလျားလျား။

"ရေချိုးခန်းက ဘယ်မှာလဲ"

"ဒီအခန်းထဲမှာလဲ ရှိတယ်လေကွာ"

"အာ မင်းရေချိုးခန်းက သေးသေးလေး၊ နောက်ပြီး Toilet



www.burmeseclassic.com

www.burmeseclassic.com



နဲ့လဲ တွဲထားတော့ ငါမချိုးတတ်ဘူး"

မှန်ပေသည်။ အိပ်ခန်းနှင့်တွဲလျက် ရေချိုးခန်းမို့ အနည်းငယ်လဲ သေးသည်။ Toilet နှင့်လဲ တွဲထားသည်မို့ မိုးထက်ပင် သိပ်မသုံးဖြစ်။

"ဒီကနေသွားရင် ညာဖက်အခြမ်းမှာ"

"သြော် အေး အေး"

ဆိုကာ မင်းထက် ထွက်သွားမည်အလုပ်မှ မိုးထက်က သတိရပြီး

"ဟော့ကောင် ထဘီရင်ခေါင်းစည်းသွားဦး၊ တဘက်လဲအုပ်သွားဦး၊ တော်ကြာ တစ်ယောက်ယောက်မြင်သွားမှဖြင့်"

မိုးထက်စကားကြောင့် မင်းထက် စိတ်ညစ်သွား၏။

"မင်းကလဲကွာ၊ ရေချိုးတာတောင်"

"မင်းကလဲကွာ လုပ်မနေနဲ့၊ တစ်ယောက်ယောက်မြင်သွားရင် အမှုဖြစ်မှာ"

မင်းထက် မတတ်နိုင်တော့။ ထဘီရင်ခေါင်းစည်း၍ အပေါ်က တဘက်ပါ ခြုံထားလိုက်ရသည်။ ဒါမှ လုံခြုံမှာကိုး။

မင်းထက် ရေချိုးခန်းသွားမှ မိုးထက်သက်ပြင်းချမိသည်။

"ဟူး"

ခုတင်ပေါ် ခြေပစ်လက်ပစ် လှဲချလိုက်မိသည်။

မလွယ်။ သူ့ဘဝကလဲ လွယ်လှသည်တော့မဟုတ်။ အမေ့လေး မြိုးမြိုးမြက်မြက်ရဖို့ ဟန်ဆောင်နေရသည်က လွယ်လှသည်တော့မဟုတ်။

"ဒါကြီး မိန်းမမဟုတ်မှန်းသိသွားရင်"

အမှုက ကြီးပြီ။ လိမ်လည်မှု၊ မိန်းမသားအခန်းထဲ ဝင်စော်ကားမှု၊ ကကျွတ် ကကျွတ်လုပ်မှု၊ အမှုတွေ တသီကြီးဖြစ်သွားနိုင်





သည်။

မိုးထက် သက်ပြင်းချရင်း

"ဟူး အေးလေ၊ အဘိုးကိုပြပြီး ကိစ္စပြတ်ပြီဟာကို"

ဟုသာ စိတ်လျှော့ထားလိုက်ရသည်။ ထိုစဉ်

"ဒေါက် ဒေါက်"

တံခါးခေါက်သံ။ မိုးထက်ခေါင်းထောင်ရင်း

"ဘယ်သူလဲ"

သူ့အမေးကို အပြင်ကကြားရသောအသံက

"မောင်ပါ၊ အဲလေ မြတ်ပါ၊ မမရှိလားလို့"

မိုးထက်စိတ်ညစ်သွားသည်။ ဒီယောက်ျားလျာက တစ်မျောင့်။ ထို့ကြောင့်

"မရှိဘူး၊ ရေသွားချိုးတယ်"

သူ့အဖြေစကားကြားသည်နှင့် အပြင်ကကြားရသော ဝမ်းသာအားရအသံက

"ဟယ် ရေသွားချိုးတယ်၊ ဒါဆို မောင်နဲ့မ ရေအတူချိုးမယ်၊ ရေအတူချိုးမယ်"

ဒုန်းစိုင်းပြေးချသွားလေရာ

"ဟာ"

မိုးထက် ခေါင်းနပန်းကြီးသွားပြန်သည်။ ရေချိုးခန်းထဲ ဗလာကျင်းနှင့် ဟိုကောင်ကိုတွေ့ရင် မြင်ပြီ။ အဲလေ သေပြီ။

"ဟာ သွားပြီ သွားပြီ၊ အမြန်လိုက်မှ"

ထို့ကြောင့် ကမန်းကတန်း အပြေးလိုက်ရင်း

"ဟော့ ဟော့ နေဦး နေဦး"

ရေချိုးခန်းအခန်းတံခါးဝမရောက်မီမှာ သွားမိသည်။

"ဟော့ ဟော့ မလုပ်နဲ့ မလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



မိုးမြတ် ရေချိုးခန်းတံခါး တွန်းဖွင့်လုဖွင့်ခင်မှာ မိ၍တော် သွားသေးသည်။

"ဟာ ကိုကိုကလဲ ဘာလုပ်တာလဲ၊ ဒီမှာ မိန်းမချင်းရေချိုး ဖို့ဟာကို"

မိုးထက် ရေချိုးခန်းတံခါးပိတ်ရပ်ရင်း

"ဟာ ဖြစ်မလား၊ မိန်းမချင်းဆိုပေမယ့် ဟာ ရှင်းပြရခက် ပါတယ်၊ လာ လာစမ်း"

ဆိုကာ အတင်းပြန်ဆွဲခေါ်၍ မိုးမြတ်အခန်းထဲ ပြန်တွန်း လွှတ်ကာ အခန်းဝ၌ စိတ်ပျက်လက်ပျက်နှင့် ထိုင်နေလိုက်ရသည်။

တော်ကြာ သူ့အလစ်မှာ ထွက်သွားမှာကို ကြောက်ရသေး သတိုး

မိုးမြတ်က တံခါးကို တဒုန်းဒုန်းထုနေသည်။ မိုးထက် တံခါး ကို ခန္ဓာကိုယ်နှင့်ပိတ်ထားရင်း

"ဟူး မလွယ်ပါလားနော်"

ဟုသာ။

× × ×





မင်းထက် စိတ်ရှိလက်ရှိ ရေကို တဝကြီးချိုးလိုက်မိသည်။ အချိန်မည်မျှ ကြာသွားသည်မသိ။

ဘာမှမဘာရသည့်အတူ ရေဝင်ချိုးနေတာက အရသာရှိ သည်ဟုသာ စိတ်ထဲ ကြိတ်ထားရင်း ရေချိုးခန်းထဲ ဝင်နေလိုက်ခြင်း ဖြစ်သည်။ ရေချိုးခန်းက ပြန်ထွက်လျှင်လဲ ထဘီရင်ခေါင်းစည်းရမှာ စိတ်ပျက်လွန်း၍လဲဖြစ်သည်။

ထိုသို့မလုပ်၍လဲမဖြစ်။ တစ်ယောက်ယောက်မြင်လျှင် အမှု ကြီးနိုင်သည်ကို။ လုပ်ခက တစ်ရက်တစ်သိန်းနှင့် ပေါ့ပေါ့တွေး၍ လက်ခံခဲ့သော်လည်း တကယ်လုပ်ကြည့်တော့မှ မလွယ်မှန်းသိရသည်။ ဒီကြားထဲ ဟိုကောင်မ(သူ့ရည်းစား)ကလဲ အဝတ်အစားတွေး၍၊ စိလိ

www.burmeseclassic.com



ကွန်ဌားခ တစ်ရက်ကို နှစ်သောင်းခွဲသုံးသောင်းက တက်နေဦးမည်။

"ကောင်မ သူသုံးနေကျဟာတွေ ဌားတာတောင် ပိုက်ဆံက တောင်းသေး"

ချစ်သူကိုပင် ကျိန်ဆဲမိရင်းက

"မထူးပါဘူးလေ၊ မလုပ်တော့လို့မှမဖြစ်တာ"

ဟု တီးတိုးရေရွတ်ကာ ထဘီကို ရင်ခေါင်းစည်း၊ အပေါ်က တဘက်ခြုံကာ ရေချိုးခန်းအပြင် လှမ်းထွက်လိုက်သည်နှင့်

"အမေ့ ဘာကြီးလဲ ဒါက"

မြင်လိုက်ရသောမြင်ကွင်းကြောင့် မေ့လဲမတတ်ပင် ဖြစ်သွားသည်။ သူမျက်နှာနှင့် နှစ်လက်မအကွာတွင် ရှိနေသော မျက်နှာတစ်ခု။ ကြည့်လိုက်တော့ အခန်းဝမှာ ရပ်စောင့်နေသော ပြုံးဖြီးဖြီးနှင့် မိုးထက်တို့အဖေ ဦးမိုးသက်။

သူ့ရုပ်ကိုကြည့်၍ အလိမ်များပေါ်ပြီလားဆိုသော မလုံမလဲစိတ်နှင့် တဘက်ကိုပင် ဆွဲခြုံလိုက်မိသည်။

"သမီး"

"ဟင် ရှင်"

မထင်မှတ်သောခေါ်သံကြောင့် မင်းထက်အံ့အားသင့်သွားမိသည်။ ဦးမိုးသက်က ပြုံးလိုက်ပြီး

"ရေချိုးနေတာဆိုလို့ စောင့်နေတာ"

"သြော် ဟုတ် ဟုတ်"

သူ့ပုံကြည့်ပြီး မင်းထက် ဒူးပင်တုန်ချင်နေသည်။

"ပြောစရာလေးရှိလို့"

"ဟင် ဟုတ်ကဲ့ ဟုတ်ကဲ့"

ယောက်ျားအချင်းချင်းဖြစ်သော်ငြား မင်းထက်လို ဝါရင့်နှာဘူးပင် ဦးမိုးသက်၏ အကြည်ဓာတ်လဲ့နေသော အကြည့်အောက်





မှာ မရှုံ့သင့်သည်များ ရှုံ့ထားမိသည်။

"သမီးလဲ အရွယ်ရောက်နေပြီဆိုတော့ စဉ်းစားတတ်မှာပဲလေ"

"သြော် ဟုတ်ကဲ့ ဟုတ်ကဲ့"

ဘာကိုရည်ရွယ်မှန်းမသိသော်ငြား ခေါင်းညိတ်မိသည်။

"မေးခွန်းက ရှင်းရှင်းလေး"

"ဟင် ဘာလဲဟင်"

ဦးမိုးသက် မင်းထက်နားကပ်လာပြီး

"သူဌေးသားနဲ့ သူဌေးမြေး ဘယ်သူ့ကို ရွေးသင့်တယ်ဆိုတာပဲ"

"ဆင်"

မင်းထက် လေ့ကျင့်ထားသောရှင်ပင် မပီပြင်တော့။ ကြောက်လန့်တကြားနှင့် ထူးမိကာ ရှင်မှသည် ဆင်ဆီသို့ကူးသွား၏။ ပြီးနောက် မယုံသင်္ကာစွာ ပြူးကြောင်၍ ပြန်ကြည့်မိသည်။ ဒါကို ဦးမိုးသက်က ကြာပါပါပြုံးပြီး

"သမီးစဉ်းစားဖို့ပြောတာ နောက်ပြီး အတွေ့အကြုံနဲ့ လုပ်ပုံကိုင်ပုံလဲ ကွာပါတယ်၊ စဉ်းစားကြည့်ပေါ့၊ ဒါပဲ"

ဆိုကာ လှစ်ခနဲ ပြန်ထွက်သွားသည်။ မင်းထက်မှာ ဘာမှ ပြန်မပြောနိုင်ဘဲ မလှုပ်မယှက်နှင့် ငုတ်တုတ်မေ့နေရလေတော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ ငါ့ကိုကွာ၊ ပြုံးဖြီးဖြီးနဲ့ စိုက်စိုက်ကြည့်ပြီး သူ သူ့ငွေးသား ယူမလား၊ သူ့ငွေးမြေးယူမလားဆိုပြီး ကပ် ကပ်မေးသွားတယ်ကွာ၊ အဲ အဲဒါ ဘာ ဘာသဘောလဲဟင်"

မင်းထက်မှာ အသံတွေပါတုန်နေ၏။ မိုးထက်က သူ့ခေါင်းကိုသူ ခပ်ကြမ်းကြမ်းကုတ်ပြီး

"အဲဒါ အဲဒါ အဘိုးကြီး မင်းကိုကြိုက်တာကွ"

"ဟင် မင်းအဖေက ငါ့ကိုကြိုက်တာ"

မင်းထက် ဖင်ပါကြွသွား၏။ ထင်မှတ်မထားသော အနေအထားမို့ သူလဲ မတွန့်သင့်သည်များ တွန့်သွားပုံပေါ်၏။ ဒါကို မိုးထက်က





"ဟုတ်တယ်၊ ငါ့အဖေအကြောင်း ငါသိတယ်၊ အဲဒီလိုစကားစ စပြီဆိုတာနဲ့ နောက်ပိုင်း မင်းပတ်ပြေးဖို့သာ ရှိတော့တာ"

"ဟင် ပတ်ပြေးရမယ်၊ ဟုတ်လား"

မင်းထက် ဆောင့်ကြောင့်ထိုင်နေရာမှ ခုန်ထမိသည်။

"ဟုတ်တယ်ကွ၊ ငါ့အဖေ မင်းကိုကြိုက်ပြီ၊ သေချာတယ်"

မင်းထက် ကြောင်ပြီး ဟိုကြည့်ဒီကြည့်ပါ ဖြစ်သွားသည်။

"ဟင် ဟင် ဒါဆို ငါက မင်းညီမလဲကြောက်ရ၊ မင်းအဖေလဲကြောက်ရ၊ ငါ ငါ မဖြစ်တော့ဘူး၊ အိမ်ပြန်မယ်၊ အိမ်ပြန်တော့မယ်၊ တစ်ရက်တစ်သိန်းလဲ ငါမယူတော့ဘူး၊ တော် တော်ပြီ"

ဆိုသည်ကို မိုးထက်က လက်ကိုအတင်းပြန်ဆွဲပြီး

"အဲ အဲလိုတော့ မလုပ်ပါနဲ့ကွာ၊ မနက်ဖြန် မနက်ဖြန် အဘိုးနဲ့သွားတွေ့ပြီး အမြန်ဆုံးဇာတ်လမ်းဖြတ်မယ်၊ ပြီးရင် အမွေခွဲမယ်၊ မင်းလဲ ဒုက္ခသိပ်မခံရတော့ပါဘူး သူငယ်ချင်းရာ နော် နော်"

မိုးထက် အတင်းတောင်းပန်နေတော့ မင်းထက် သက်ပြင်းချမိသည်။

"ဟင်း ဒါဆိုလဲပြီးရော မင်းအဘိုးနဲ့တွေ့ရင် ကိစ္စပြတ်ဖြိ နော်"

သူ့အမေးကို မိုးထက်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း

"အေးပါကွာ၊ ပြတ်ပါတယ်၊ အဘိုးက သူပေးထားတဲ့ကတိကို တည်ပါတယ်"

မင်းထက် သက်ပြင်းသာချမိသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

အသက်ကိုပင် အနိုင်နိုင်ရှူနေရသော အဘိုးအို၏လက်က မင်းထက်၏ပါးပြင်ပေါ် အသာအယာ ပွတ်သပ်နေသည်။

အလိုလိုနေရင်း အဘိုးအို၏မျက်ဝန်းမှ မျက်ရည်စပျော့ပျော့များ ဝေ့တက်လာသည်ကို ထူးဆန်းစွာ တွေ့လိုက်ရသည်။

ပိုက်အတန်းတန်း၊ ဆေးအသွယ်သွယ်နှင့် အဘိုးကိုကို အားလုံးကြောင်ငေးကြည့်နေမိသည်။

အဘိုးအိုက မင်းထက်၏ပါးကို အသာအယာပွတ်သပ်ရင်း တုန်ယင်သောအသံဖြင့်

"မင်းတို့အဘွား ငယ်စဉ်ကနဲ့ တစ်ထပ်တည်းပါလားကွယ်"





"ဗျာ"

"ဘယ်လို"

"ဟာ"

အဘိုးအို၏ မထင်မှတ်သောစကားကြောင့် အားလုံးအံ့အားသင့်ကုန်၏။ အဘိုးမိုးစက်မှ အသက်ကို အနိုင်နိုင်ရှူရင်း

"ငါ ငါ အရွယ်ကောင်းတုန်းက မင်းဘယ်ရောက်နေတာလဲ မိန်းကလေးရယ်"

"အုမ်"

မင်းထက်ပင် ဘာစကားပြောရမှန်း မသိတော့။ သေကာနီးဆေးပိုက်တန်းလန်းနှင့် အဘိုးအိုက သူ့ကိုလာကြိုနေတာဆိုတော့ ပြောရခက်နေလေသည်။ အဘိုးအိုက တုန်ယင်နေသော သူ့လက်ဖြင့် မင်းထက်ပါးပြင်ကို ပွတ်သပ်ပြီး

"သေရတယ်ဆိုတာ သိပ်ကိုပင်ပန်းလွန်းပါတယ် သမီးရယ်"

အဘိုးအိုထံမှ တရားစကားကြားရ၍ အနည်းငယ်စိတ်သက်သာရာ ရလေသည်။ မှန်ပေလိမ့်မည်။ အသက်ကြီးသူတစ်ယောက်၏ နောက်ဆုံးခရီးမှာ ပင်ပန်းလှပေမည်။

အဘိုးအိုမိုးစက် သက်ပြင်းချရင်း

"ဒါမျိုးလေးတွေတွေ့တော့ အဘိုးမသေချင်တော့ဘူးကွယ်"

"ဆင်"

"အင်ညာ"

"ဘယ်ရှိ"

"ဘာရဲ"

အားလုံး စကားပင်မပီလောက်အောင် အံ့အားသင့်သွားရသည်။ အဘိုးမိုးစက်က အသက်ပြင်းပြင်းရှူရင်း ခေါင်းအုံးကိုမှီဆိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သူလေးကိုမြင်မှ အဘိုးမသေချင်တော့ဘူး၊ ကျန်းမာအောင်နေရင်း ဘဝရဲ့နောက်ဆုံးအချိန်ကို သူလေးနဲ့ပဲ ဖြတ်သန်းတော့မယ်"

"ဟင်"

"အဲလိုကြီးလား"

"ဒုက္ခ"

အားလုံးမျက်လုံးပြူးကုန်၏။ ဦးမိုးစက်က လူက သေကာသာနီးတာ ပြောလျှင်ပြောသလို လုပ်သည့်လူစား။ ဒါကြောင့် မိုးထက်က ရှေ့ထွက်လာပြီး

"ဟင် အဘိုး၊ အဘိုး၊ ဒါ ဒါ ကျွန်တော်နဲ့လက်ထပ်မယ့် မိန်းကလေးနော်၊ အဘိုး သတိလဲထားဦး"

အဘိုးမိုးစက်က ခေါင်းကို ဖြည်းညင်းစွာညိတ်သည်။

"အဘိုးသိပါတယ် မြေးလေးရယ်"

အားလုံးသက်ပြင်းချမိသည်။ အသက်ကြီးသော်လည်း သတိမလွတ်သေးဘဲ ဆင်ခြင်နိုင်စွမ်း ရှိသေးတာကိုး။

"ဒါနဲ့ မင်းတို့မင်္ဂလာဆောင်ပြီးပြီလား၊ အဟွတ် အဟွတ်"

အဘိုးမိုးစက်က အားအင်ချိနဲ့စွာမေးသည်။ ဒါကို မိုးထက်က

"မင်္ဂလာမဆောင်ရသေးဘူးအဘိုး၊ အဘိုးနေကောင်းမှ"

"မင်္ဂလာမဆောင်ရသေးရင် ဒါလေးဟာ ဘုံပိုင်ပါပဲ မြေးလေးရယ်"

"ဟင်"

"အင်ညာ"

အဘိုးအို၏ ဖြတ်ပြောလိုက်သောစကားကြောင့် အားလုံးအံ့အားသင့်ကုန်ပြန်၏။ အားလုံး တစ်ယောက်မျက်နှာတစ်ယောက်





ကြောင်တောင်တောင်နှင့် ပြန်ကြည့်ကြသည်။

"မင်္ဂလာဆောင်ပြီး အကြင်လင်မယားဖြစ်ပြီးမှ တစ်ဦးတည်းပိုင်ဖြစ်တာပါ၊ အခု မင်္ဂလာမဆောင်ရသေးတော့ လွတ်လပ်သူဖြစ်နေသေးတယ်၊ မိန်းကလေးက လွတ်လပ်နေသေးရင် ပြည်သူပိုင်ပါပဲ၊ ဒါကြောင့် ပြည်သူတစ်ယောက်ဖြစ်တဲ့ အဘိုးလဲ ကြံခွင့်ရှိပါသေးတယ်၊ အင်း အနီစွ အနီစွ အနိပ်ကလေးက စရမှာပါပဲ"

"ဟယ်"

အဘိုးမိုးစက်၏ ရှည်လျားသောစကားကြောင့် အားလုံးကြက်သေသေပြီး ငုတ်တုတ်မေ့ကုန်၏။ ကြည့်ရင်း ကြည့်ရင်းပင် သူ့ပုံက ကျန်းမာလာသည့်ပုံ။ ဒါကိုကြည့်၍ မိုးထက်က ပြူးတူးပြဲတဲ နှင့်

"ဟာ အဘိုး အဲလိုတော့ မဖြစ်သေးဘူးလေ၊ မြေးယူမယ့်မိန်းမကို အဘိုးက"

စကားမဆုံးခင် အဘိုးမိုးစက်က လက်ကာရင်းတားသည်။ ပြီးမှ အားယူ၍

"မြန်မာလူမျိုးတို့ရဲ့ ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာ ရှိတယ်မဟုတ်လား မြေးလေး"

အားလုံးပါးစပ်အဟောင်းသားနှင့် နားထောင်နေကြသည်။

"မြန်မာမိသားစုဆုံလို့ ထမင်းစားတယ်ဆိုပါတော့"

အားလုံး ခေါင်းညိတ်ကြပြန်သည်။

"ထမင်းစားပွဲပေါ်က အကောင်းဆုံးအသားဟင်းကို ဘယ်သူ့ကို ဦးချရတာလဲဟင်"

သူ့စကားကို မိုးထက်က

"အာ အဘိုးကလဲ အသက်အကြီးဆုံးသူကို ဦးချရတာပေါ့ အဘိုးရဲ့၊ ဘာဆန်းလို့လဲ"

အဘိုးမိုးစက် သက်ပြင်းချ သည်။ ပြီးမှ မင်းထက်ကို



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်း ထိုးကြည့်ပြီး

"အဲဒါဆို မိသားစုထမင်းဝိုင်းကို ရောက်လာတဲ့ ဟောဒီ အဆီတစ်ထပ် အသားတစ်ထပ်ကို မြေးလေး ဘယ်သူ့ကို ဦးချသင့်လဲဟင်"

"အဘိုးကို"

မိုးထက် စကားကျွံမလိုဖြစ်ပြီးမှ သတိရကာ

"အာ သိဘူးဗျာ၊ သိဘူးဗျာ၊ သိတော့ဘူးဗျာ၊ ဒါက ထမင်းဝိုင်းမှ မဟုတ်တာဗျာ"

"ဂါရဝတရားရှေ့ထားပါ မြေးရယ်"

"အင်းဟာ အင်းဟာ"

ဆိုကာ စိတ်ညစ်စွာဖြင့် သမံတလင်း ခြေဆင်းကာ ဖနောင့်ချင်းသာ ပွတ်နေမိတော့သည်။ နောက်မှ ဝိုသံဝဲကြီးနှင့်

"အသားဝယ်ပြီး အပင်ပန်းခံ ချက်ရတာက ကျွန်တော်၊ ဒီကြားထဲ မကျက်ခင်နှိုက်မြည်းတဲ့သူနဲ့၊ အဆီတစ်ထပ်အသားတစ်ထပ်ကို ဦးချရမယ့်သူနဲ့ ဟီး ဘယ်တော့မှ ကျွန်တော့် အလှည့်ရောက်မှာလဲ ဟီး"

ဆိုကာ ခြေဆင်းထိုင်ရင်း








ငိုကြွေးရသည့်ဘဝသို့ ရောက်ရှိ လေတော့သည်။

စဉ်းစားကြည့်လေ။ သူ့ဘဝ။

အမွှေလိုချင်လို့ မိန်းမယူချင်ယောင် ဆောင်ပါတယ်။ ထိုမိန်းမက မိသားစုထမင်းဝိုင်းလည်က အသားဟင်းလို။ ဦးချခံမယ့်သူကလဲ အဆင်သင့်။ နှိုက်မြည်းမည့်သူများကလဲ ပြုံးဖြီးဖြီးနှင့်။

တကယ်မိန်းမယူလျှင်တောင် တန်းစီစနစ်နှင့် သူ့အလှည့် ရောက်ဖို့မလွယ်။

ဒါကို အဘိုးမိုးစက်က သူ့လက်မှာ သွယ်တန်းထားသော ပိုက်များကို တစစီဖြုတ်ရင်း

"အင်း မင်းတို့က ငယ်တုန်းရွယ်တုန်းမို့ အပြင်ထွက်ရှာလို့ ရသေးရဲ့၊ အဘိုးတို့အရွယ်ကျတော့ အပြင်ထွက်ရှာဖို့ကလဲ ကျန်းမာရေးကမကောင်း၊ ဒါကြောင့် သူများရှာလာတာကိုပဲ ခြင်ထောင်ထဲက စောင့်ဖမ်းနေရတာပါကွာ၊ အင်း သနားဖို့တယ်ကောင်း"

ဩော် ကိုယ်ကပဲ သူ့ကို ပြန်သနားရမလို။ ဒီကြားထဲ ကြားရသောမဖွယ်မရာ ဖခင်အသံကြီးက

"ဟီးဟီး ဒါသိလို့ ငါအခုရင်မရှာတာ ဟီးဟီး၊ ငါသိလို့ ဟီးဟီး"

မိုးထက်နှင့်မင်းထက် ကြောင်ပြီး ပြန်ကြည့်မိသည်။ ဟုတ်သား။ ခါတိုင်း လက်သွက် ခြေသွက်။ အကုန်သွက်သူက အမွေရမည့်ကိစ္စ၊ ဘာကြောင့်အိနွဲ့ရနေသည်ဆိုတာကို ယခုမှပင် စဉ်းစားမိလေ တော့သည်။

သူတို့ထက်သွက်သူက ဆေးပိုက်တန်းလန်းနှင့် ခြင်ထောင်ထဲထိုင်စောင့်နေတာကိုး။ အဘိုးကို ပြုံးကြည့်မိသည်။ ယခုကျတော့လဲ သူ့ပုံက ကျန်းကျန်းမာမာ။ အောင်မာ ဝလနဲ့ဗျ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ကြာရင်မလွယ်ဘူးနော်"

နှစ်ယောက်သား အိမ်ခန်းထဲ ခေါက်တုန့်ခေါက်ပြန်လမ်းလျှောက်ရင်း စိတ်လှုပ်ရှားနေကြသည်။

"အခုပဲကြည့်လေ၊ မင်းညီမက ကြံလိုက်၊ မင်းအဖေကကြံလိုက်နဲ့ အခု မင်းအဘိုးပါ ဝင်ကြံနေပြီဆိုတော့ ကြာရင် ငါမလွယ်ဘူးထင်တယ်၊ တောက် မှောက်အိပ်ရမှာတောင် ကျောမလုံစရာ"

ပြောလဲပြောစရာ။ ဘယ်အချိန် ဘယ်ထောင့်မှာ ဘယ်သူအခန်းတံခါးကခေါက်ပြီး ဘယ်လိုပြုကျင့်သွားမယ်ဆိုတာ မသိနိုင်တဲ့ဘဝ။

"နေစမ်းပါဦးကွာ၊ ငါလဲကြံပါဦးမယ်၊ ခဏလောက်ငြိမ်ငြိမ်





ထိုင်စမ်းပါ"

မင်းထက် မိုးထက်နားဝင်ထိုင်လိုက်သည်။ မိုးထက်က ခေါင်းကုတ်ရင်း

"တောက် ငါလဲ ငါ့အဘိုးလူမမာဟန်ဆောင်ပြီး ဒီခွင်ဖန်တာ မသိလိုက်လို့ပါကွာ၊ ငါ့အဖေ ဒီလောက်ငွေလိုချင်နေတဲ့သူ ငြိမ်နေတာကို ငါခန့်မှန်းသိသင့်တယ်ကွာ၊ အခုတော့ ဟင်း"

သူ့မှာ ဆက်ပြောစရာစကား မရှိတော့။ မင်းထက်ကသာ ခုတင်ပေါ် ခြေပစ်လက်ပစ်လှဲချရင်း

"မင်းက တော်ပါသေးတယ်ကွာ၊ ငါ့အဖြစ်လဲစဉ်းစားကြည့်၊ မင်းညီမကလဲ ငါ့မြင်တိုင်း အခန်းထဲဆွဲသွင်းမယ်ချည်း လုပ်နေတာ၊ ငါပြန်လုပ်ရင်လဲ ငါပဲအမှုဖြစ်မယ်"

မိုးထက်က မင်းထက်ကို ငေးနေသည်။ မင်းထက်မှဆက်၍

"ဒီကြားထဲ မင်းအဖေကလဲ၊ ဘယ်အချိန် ငါ့ကို အိမ်သာထောင့်ထဲတွန်းထည့်ပြီး မတော်တရားကြံမယ်မှန်းလွှဲသိ၊ အဟင့်"

ပြောရင်း မင်းထက် မျက်ရည်ဝိုင်းလာသည်။ မိုးထက်က မင်းထက်ကို ပါးစပ်အဟောင်းသားနဲ့ ငေးနေသည်။

"ပိုဆိုးတာက မင်းအဘိုးပဲကွ၊ ဟိုတစ်နေ့က ဆေးရုံမှာသွားတွေ့တုန်းက ငါ့ပါးကို လာကိုင်တာကွ၊ ငါဆို အသည်းယားလွန်းလို့ ကြက်သီးတွေတောင်ထတယ်"

မိုးထက် တံတွေးမြိုချမိသည်။

"မင်းပဲ စဉ်းစားကြည့်ကွာ၊ ငါ့ပါးကို သူ့လက်ကြီးနဲ့ လာပွတ်သပ်နေတာဆိုတော့"

မိုးထက် မင်းထက်နားတိုးကပ်လာသည်။ ဒါကို မင်းထက်က

"ဟော့ကောင် မင်း ဘာလို့ငါ့နားတိုးလာတာလဲ"


မိုးထက် သတိရသွားဟန်နှင့် နောက်ပြန်ဆုတ်သွားရင်း



www.burmeseclassic.com

www.burmeseclassic.com






"ဘာ ဘာမှမဟုတ်ပါဘူး ကွာ၊ ပြော ပြော ဆက်ပြော"

သူ့စကားကို မင်းထက်မှ ဆက်၍

"ငါမှာလဲ ကြံဖူးပေါင်ကွာ၊ လက်ပျော့ပျော့မှာ အကြောပြိုင်းပြိုင်း ကြီးနဲ့ ငါ့ပါးပြင်လာကိုင်တယ်၊ ပြီးတော့ ညှစ်သေးတယ်၊ အဟင့်"

မင်းထက် ပြောရင်း ဖီး(လ်) တက်ပြီး မျက်ရည်ဝိုင်းလာပြန်သည်။ မိုးထက်ခေါင်းက ကြည့်ရင်းကြည့်ရင်း နှင့် ရှေ့တိုးလာပြန်သည်။ မင်းထက်က သတိမထားမိသေးဘဲ

"လူကသာမသန်တာ၊ မင်း အဘိုးကြည့်နေတဲ့ မျက်လုံးက မသမာ တဲ့မျက်လုံးနဲ့ မီးဟုန်းဟုန်းတောက် တောက်"

မင်းထက် စကားစကို ဖြတ် ရင်း သူ့နားတိုးကပ်လာသော မိုးထက် ကို ပြန်ကြည့်မိသည်။

"ဟေ့ကောင် မင်း ဘာလို့ အနားတိုးလာတာလဲ"

သူ့အမေးကို မိုးထက် ပြုံးဖြီး ဖြီးလုပ်ပြီး

"ဆက်ပြောလေကွာ၊ ငါ ငါ





ပိုပြီးကြားရအောင် ဂလု"

ပုံစံက သိပ်မမှန်တော့။ ထို့ကြောင့်

"ဟေ့ကောင် မင်း မင်း"

သူ့အမေးကို မိုးထက် မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ် ပြီး

"အမှန် အမှန်အတိုင်း ပြောရမလား"

မင်းထက် မျက်မှောင်ကြုတ်ရင်း

"ပြော ဘာပြောမလို့လဲ"

မိုးထက်က ရှက်ချင်ယောင်ဆောင်၍ ဖြဲခနဲရယ်ရင်း

"ငါ ငါတောင် ကြည့်ရင်းနဲ့ မင်းကို ကြိုက် ကြိုက်လာပြီ"

"ဟမ်"

ခုတင်ပေါ်လှဲနေသောမင်းထက် ခုန်ထလာသည်။ ပြီးနောက် အတုတွေထည့်ထားသော သူ့ခန္ဓာကိုယ်ကို ဟိုကွယ်ဒီကွယ်လုပ်ပြီး

"ဟေ့ ဟေ့ကောင်၊ မင်း မင်းနဲ့ငါက သူ သူငယ်ချင်းအရင်း ကြီးနော်"

သူ့စကားကို မိုးထက်က ဖြဲခနဲရယ်ပြီး လက်ကြီးရှေ့ထုတ်ကာ

"သူ သူငယ်ချင်းအချင်းချင်း ဘာဖြစ်လဲကွာ၊ မင်းကလဲ ငါ ငါ စိတ်မထိန်းနိုင်လို့ဖြစ်တဲ့ဟာကို ဟာကို"

မင်းထက် ပို၍မျက်လုံးပြူးသွားသည်။ ရုတ်တရက်အခြေ အနေမို့ ခုတင်ပေါ်ပတ်ပြေးရင်း

"ဟေ့ ဟေ့ကောင် စိတ်မထိန်းနိုင်၊ ငါ ငါတို့က ယောက်ျား အချင်းချင်းနော်"

"ထိန်းနိုင်ဘူး၊ ထိန်းနိုင်တော့ဘူး၊ ကဲ မောင်လာပြီ"

ဆိုပြီး ဇောကပ်ပြီးခုန်အအုပ်။

"အား"



www.burmeseclassic.com

www.burmeseclassic.com



“. . . . . . .”

“အဘိုးပြန်လာပြီဟေ့”

“ဟင်”

ထိုစကားကြောင့် နှစ်ယောက်သား လုံးထွေးနေရာက ကြောင်သွားသည်။ ထိုစကားကြောင့် မင်းထက်လဲ ကံကောင်းသွားပြီ။ ထိုစကားမကြားပါက မင်းထက်လဲ လွယ်မည်မထင်။ ထဘီက ကျွတ်နှင့်နေပြီကို၊

× × ×





“ဟော့ကောင် မင်းဆံထုံးကြီး ပြန်ပြင်ဦး”

“ဟာ ဆက်ထားတဲ့ဆံပင်က နာတယ်ကွ”

“ဇာဘော်လီလဲ ပြန်ဝတ်ဦး”

“စီလီကွန် စီလီကွန်”

နှစ်ယောက်သား နပန်းလုံးထားတာ သတိမေ့ပြီး အမြန်းအထန် ပြင်ဆင်နေရသည်။

“ဒေါက် ဒေါက် ဒေါက်”

တံခါးခေါက်သံ။ နှစ်ယောက်သားကြောင်ပြီး ကြည့်မိသည်။

“ဒေါက် ဒေါက်”

“ကိုမိုးထက်နဲ့ မမ အဲလေ၊ မမမင်းမင်းထက်ရေ အဘိုး



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီ၊ ခေါ်ခိုင်းလို့"

မိုးမြတ်အသံ။ နှစ်ယောက်လုံး မျက်လုံးပြူးကာ

"လာပြီ၊ လာပြီ"

"လာပြီရှင့်"

နှစ်ယောက်သား အသည်းအသန် ပြန်လည်ပြင်ဆင်ရပြန်သည်။ အားလုံးအဆင်သင့်ဖြစ်မှ

"အဆင်သင့်ဖြစ်ပြီလား"

"ဖြစ်ပြီထင်တာပဲ"

နှစ်ယောက်လုံး စိတ်လောနေသည်။ စွပ်စရာရှိတာစွပ်၊ ဝတ်စရာရှိတာဝတ်ရင်း

"ကဲ ဒါဆို သွားစို့"

မင်းထက် အခန်းပြန်ထွက်ရန်အပြင် မိုးထက်က မင်းထက်လက်ကို ဖျတ်ခနဲဆွဲလိုက်သည်။ မင်းထက်လှည့်ကြည့်လိုက်တော့

"ဟင်"

ရီဝေဝေမျက်ဝန်းအစုံနှင့် မိုးထက်။ ပြီးနောက် သက်ပြင်းချကာ ခေါင်းယမ်းရင်း

"မင်းကို အဘိုးနဲ့ ပေးတွေ့ရမှာ ကိုယ်စိတ်မချဘူးကွာ"

တုန်ယင်သောအသံ။ မင်းထက်လဲ တင်းသွားပြီး ဆွဲထားသောလက်ကို ခပ်ကြမ်းကြမ်းခါဖြုတ်ကာ

"ဟယ် ဒီသေချင်းဆိုးက တစ်မျောင့်"

ဆိုကာ ဖောက်ဖောက်ဖောက်ဖောက်နှင့် ဆင်းချသွားလေတော့သည်။

× × ×





"ဟယ်"

ကောင်းကင်ပေါ်မှ နတ်သမီးတစ်ပါး ဈာန်သမာပတ်နှင့် ကြွဆင်းလာသယောင် ဘိုးမိုးစက်စိတ်ထဲ ထင်လိုက်ရသည်။

ကြည့်စမ်း။ အိမ်အပေါ်ထပ်မှနေ၍ ဖြည်းညင်းစွာဆင်းသက်လာသော နတ်သူငယ်မ။

သူသေကာနီးလူ့မမာလိုလုပ်၍ အပင်ပန်းခံ ဆေးရုံတက်ရကျိုးနပ်ပြီဟု ပီတိဖြစ်နေမိသည်။ အလိုလိုနေရင်း ထိုင်နေသောဒိုးခွဲ(လ်)ဘီးကိုပင် ညှစ်လိုက်မိသေး၏။

သူမနောက်မှ ကုပ်ချောင်းချောင်းနှင့် ယောင်ပေယောင်ပေ လိုက်ဆင်းလာသော မြေးဖြစ်သူမိုးထက်ကိုမြင်တော့ အာရုံနောက်



www.burmeseclassic.com

www.burmeseclassic.com



သွားမိသေးသည်။

"တောက် ဒီကောင့်ရုပ်၊ ဒီကောင့်ရည်နဲ့ကွာ၊ ရုပ်ကိုက အိုနာကျိုးကန်းရုပ်"

ကိုယ်တိုင်အိုနာကျိုးကန်း ဖြစ်နေသော်လည်း မနာလိုစိတ်နှင့် မြေးဖြစ်သူကိုပင် ကျိန်မိသွားသေးသည်။

"လာ လာပါဦး သမီးလေးရယ်"

ကိုယ်တိုင်က အထိုင်အထမသန်။ ငယ်စဉ်ကလို တထွေးတပွေ့ ပြေးပွေ့လိုက်ချင်သော်ငြား စိတ်သွားတိုင်း ကျန်းမာရေးက မလိုက်နိုင်၍ ထိုင်နေသောဝှီးချဲ(လ်)မှနေ၍ လက်ဆန့်တန်း၍သာ ကြိုလိုက်ရသည်။

"လာပါပြီရှင့်"

ဟိုက လက်ပြန်ကမ်းပေးတာကို လက်ကိုမယူ၊ လက်ကိုရှောင်၍ သေးကျဉ်သောခါးကို ဆွဲပွေ့၍ ကလေးငယ်က မိခင်မြင်သလို ရင်ခွင်ထဲခေါင်းဝှေ့ထည့်လိုက်လေတော့သည်။

အားလုံးသော ဧည့်ကြည့်ပရိသတ်များ သူတို့အဖေ၊ သူတို့အဘိုး၏ ခွင်ဖန်ပုံကို မျက်လုံးကြီးပြူး၊ ကြက်သေတွေသေရင်း မယုံကြည်နိုင်ဖွယ် ပါးစပ်အဟောင်းသားဖြင့်သာ ငေးနေရလေသည်။

ကာယကံရှင်မင်းထက်လျှင်ပင် သူ၏စီလီကွန်ရင်တုနှစ်မွှာကြား ခေါင်းဖွက်ထားသော အဘိုးအိုကို ငယ်ထိပ်ကပြောင်နေသောနေရာကို လက်ညှိုးကလေးနှင့်ရစ်၍ ခေါင်းသပ်ပေးရန်း၊ စီးလွန်းမက စီးပြီး မလွှင့်ပစ်ရက်လို့ ဖင်ပြတ်နေပြီဖြစ်သော ဆတ္တာသည်ဖိနပ်လို တွန့်ရွဲနေသော ပါးပြင်ကိုပင် မနာကျင်လေအောင် ဆွဲဆက်ဆိတ်လိုက်ရန်း၊ သို့တည်းမဟုတ် ပျော့တွဲရွဲ၍ ညောင်စေးကျလောက် ဖြစ်ပျက်နေသော မုန့်ကျွဲသဲအိုးပျက်သဖွယ်ရင်ဝသို့ ဖနောင့်တည်း(သို့မဟုတ်) ညာဒူးနှင့် ခပ်ဆတ်ဆတ်ပစ်တိုက်ရန်း၊ စသော နိုးပေါင်းများစွာဖြင့်





တွေဝေဝေစိုက်ကြည့်နေရလေသည်။

လူကဖြင့် သချိုင်းကုန်းကအပြန် တကျောရာဂအားကဖြင့် ဝါးလုံးကားပင် ဖြတ်မရနိုင်လောက်အောင် ပြင်းထန်နေသေးသော အဘိုးအိုအား မွေးကင်းစမျက်လုံးဖွင့်စဉ်ကတည်းက မရိုးအောင် မြင်တွေ့နေရသော သားနှင့် မြေးများကပါ ဆံပင်တွေထောင် မျက်လုံးတွေကြောင်ပြီး အပြင်းအထန် ငေးမောနေရလေတော့သည်။

ဒါကို အဘိုးအိုက မည်သူ့ကိုမှ ဂရုမထား။ နေမကောင်းလွန်း၍ ခေါင်းကိုပင် ပြင်းထန်စွာမော့ရဟန်ဖြင့် သူခါးဖက်ထားသော ကာမ၏ဆီးခုံမှနေ၍ နှာသီးဖျားဆီထိ သူ၏ချွန်တွဲသောနှာသီးဖျားနှင့် နေရာမလပ် ရှုံ့ခနဲ သက်ရှည် ရှုပ်ပြေးရင်း မျက်လုံးနှစ်လုံးစီဒွဲ့ချင်းဆုံမှ

"ငါငယ်စဉ်က နင်ဘယ်ရောက်နေလဲ မိန်းကလေးရယ်"

တွေတွေကြီးစိုက်ကြည့်ပြီး မေးလိုက်သောစကားကြောင့် မင်းထက်မှာ ဘာပြန်ပြောရမှန်းမသိ။ နောက်မှ သတိရပြီး

"အို အဲဒီတုန်းက သမီးမှ မမွေးသေးတာ ဘယ်သိမှာလဲ"

မင်းထက်စကားကြောင့် ဘိုးမိုးစက်၏ ပျော့တွဲတွဲမျက်နှာကြီး ညှို့ကျသွား၏။ နောက်မှ တုန်ယင်သော ငိုသံဝဲကြီးဖြင့်

"အောင်မလေး လူဖြစ်စောလို့ နှမျောလှချည်ရဲ့၊ ဟီး"

ငိုပြီ။ တကယ်ငိုပြီ။ ငိုတာမှ စီလီကွန် ရင်နှစ်မွှာတုကြားမှာ နှာခေါင်းကြီးပြား ခေါင်းကြီးပါကားတတ်လာအောင် ဖျစ်ဖျစ်ပြီးတော့ကိုငိုတာ။

အားလုံးက ကြောင်တောင်တောင်နှင့် ကြည့်နေမိသည်။

ဩော် သူတို့ဘဝမှာလဲ 'အသေစောလို့ နှမျောလှချည့်'သာကြားဖူးခဲ့ခြင်းပါလေ။ ယခု ဘိုးမိုးစက်လက်ထက်မှ

"လူဖြစ်စောလို့ နှမျောလှချည့်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ဘာပြန်ပြောရမှန်းပင် မသိတော့။ ဒါဆို ကမ္ဘာဦးကာလက အာဒမ်နှင့်ဧဝတို့ပင် က်ဆိုးရှင်များလား။ ဒီကြားထဲ မျက်ရည်သုတ်သလို နှပ်သုတ်သလိုနှင့် မင်းထက်၏လုံချည် ခါးပုံစကိုဆွဲကာ နှပ်ညှစ်ချင်ယောင်ဆောင်၍ ခိုးချောင်းနေ၍ အတင်းပြန်ဆွဲရသေး။ ဒါတောင်


"ဟီး ပန်းရောင်လေးနဲ့ကိုး၊ ဟီး"

ဆိုကာ အော်ငိုပြန်သေး၏။ ပြီးလျှင် မျက်ရည်သုတ်မယောင်နှင့် အတင်းပြန်ဆွဲ၍ မင်းထက်ခမျာ လွတ်မထွက်အောင် ခါးပုံစဘက် လက်ထား၍ ဆုပ်ကိုင်ထားရ၏။

အားလုံးဇဝေဇဝါ။

တဟီးဟီး တဟားဟားနှင့် နေရာအနှံ့ ပွတ်သပ်ငိုရှိုက်ပြီး မင်းထက်၏ အင်္ကျီတစ်ခုလုံး နှပ်တရွှဲရွှဲ သွားရည်တတွဲတွဲဖြစ်ပြီး သကာလ ခါးပုံစပင် လူအထင်မှားလောက်အောင် ပေပွပြီးမှ ငိုရှိုက်သတ်ပြီး

"အေးကွယ်၊ အခုတော့ သမီးလေးကိုမြင်တော့လဲ မသေချင်တော့ပြန်ဘူးကွယ်၊ ရွှတ်"








ကြာလာတော့ မြေးဖြစ်သူမိုးမြတ်ကပင် ကြည့်မရတော့။

"အာ အဘိုးကလဲ လူက ထနိုင်တော့တာ မဟုတ်ဘူး၊ တကတည်း"

မိုးမြတ်စကားကြားတော့ ဘိုးမိုးစက် ဘေးဘီဝေ့ကြည့်ပြီး

"အိမ်နောက်ဖေးမှာ ပန်းကန်ဆေးတဲ့ဖွဲ၊ ဖွဲများရှိသလားဟင်"

မိုးထက်က မျက်မှောင်ကြုတ်ရင်း

"ဘာလုပ်ဖို့လဲ၊ ခွက်ဆေးတဲ့ဖွဲတော့ ရှိမှာပေါ့"

ဘိုးမိုးစက် သက်ပြင်းချရင်း

"အေးကွယ်၊ ဘယ်လောက်အသက်ကြီးကြီး ဖွဲတစ်ဆုပ်နိုင်သေးရင် အလုပ်ဖြစ်ပါသေးတယ်"

"အာ အဘိုးကတော့ဗျာ"

ဘိုးမိုးစက်စကားကြောင့် အားလုံးစိတ်ပျက်သွားကြသည်။ စိတ်ကတော့ သူရဲကောင်းစိတ်ဓာတ်ပင်။ ဒီကိစ္စနှင့်တော့ လျော့မည့်ပုံမပေါ်။

"ကဲ ကဲ သားတို့ မြေးတို့လဲ အဘိုးကိစ္စကြောင့် ပင်ပန်းနေကြပြီ၊ အနားယူကြ၊ အနားယူကြတော့၊ အင်း ဒီကသမီးလေးတော့ နေခဲ့ဦးကွယ်"

"ဘာလို့လဲ"

"အဘိုးစည်းရုံးရဦးမယ်၊ အဲလေ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောရဦးမယ်"

"ဟင် အဘိုးနဲ့သူက အခုမှတွေ့ဖူးတာ၊ ဘယ့်နှယ် ရှေးဟောင်းနှောင်းဖြစ် ပြောရမှာလဲ"

မိုးမြတ်၏စကား။ ဒါကို ဘိုးမိုးစက်က

"ပဋ္ဌာန်းဆက်တွေပါကွယ်၊ ဒီလိုပဲ ရှာကြံစည်းရုံး အဲလေ ပြောရမှာပေါ့"

"ဟင် အဘိုးကလဲ"



www.burmeseclassic.com

www.burmeseclassic.com



“လျှာသိပ်မရှည်ပါနဲ့ မြေးလေးရယ်၊ လျှာရှည်ရင် အမွှေမရဖြစ်တတ်တယ်၊ အင်း အနိစ္စ အနိစ္စ အနိပ်ကလေးက စရမှာပဲ၊ အင်း”

ဆိုတော့ ဘာမှမပြောသာတော့။ သုံးယောက်သား ဘောက်ဆတ် ဘောက်ဆတ်နှင့် အိမ်ပေါ်တက်သွားရလေသည်။ အားလုံးပျောက်ကွယ်သွားမှ ဘိုးမိုးစက်က မင်းထက်အား ရီဝေဝေကြည့်ရင်း

“အင်း တကယ်ပြောတာပါကွယ်၊ မင်းလေးကိုမြင်တော့ မိုးထက်တို့ မိုးမြတ်တို့ရဲ့အဘွားကို သတိရလိုက်တာ၊ အင်း တယ်ကောင်း”

မင်းထက်ကလဲ သက်သာလျှင်ပြီးရောသဘောဖြင့် စကားစရှာရသည်။

“ဟိုလေ မိုးထက်တို့အဘွားနာမည်က ဘယ်လိုခေါ်လဲဟင်”

ဘိုးမိုးစက် ခေါင်းယမ်းရင်း

“သိပါဘူးကွယ်”

“ဟမ်”

ဘိုးမိုးစက်စကားကြောင့် မင်းထက်ပင်ကြောင်သွားသည်။ ကိုယ့်မိန်းမနာမည်တောင် မသိဘူးဆိုတော့ စဉ်းစားသာကြည့်။ နောက်မှ သတိရပြီး

“ဒါဖြင့် သူ့နဲ့ဘယ်လိုဆုံတာလဲဟင်”

ဘိုးမိုးစက်၏မျက်နှာ ချက်ချင်းမှိုင်းညို့သွားသည်။ ပြီးနောက်လေးကန်သောလေသံဖြင့်

“ဂျပန်ခေတ်မှာပေါ့ကွယ်”

× × ×





ဖုံးကြဲလေယာဉ်လာတော့မည်ဖြစ်ကြောင်း ဥဩဆွဲပြီး သိပ်မကြာခင်မှာပင် ဟင်းစားအတွက် ငါးမျှားနေသော လူပျိုပေါက်ကလေးမောင်မိုးစက်ကလေး ပုန်းနေကျဖုံးခိုကျင်းကို အပြင်းအထန်ပြေးသွားသည်။

သို့သော် မမီတော့။ ပုန်းနေကျဖုံးခိုကျင်းဆီမရောက်မီမှာပင် ဖုံးကြဲလေယာဉ်နှစ်စင်း(ကျွဲနှစ်ကောင်)ခေါင်းပေါ်မှ ဖြတ်သွားသည်ကိုမြင်ရပြီး ဖုံးကြဲသံများ နေရာအနှံ့ တဝုန်းဝုန်းကြားရသည်။

အနီးနားတွင် ထပေါက်သောဖုံးများ တဝုန်းဝုန်းနှင့် နားတွေမတတ်ကြားရသည်။ ဒီအတိုင်းဆို မိသားစုနှင့်အတူတကွ ပုန်းနေတျဖြစ်သော ဖုံးခိုကျင်းသို့ မရောက်နိုင်တော့။ မြေပြင်ပေါ် ဒီအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိလျှင်လဲ ကြဲဗုံး သို့မဟုတ် စက်သေနတ်ဒဏ်ရာတို့ဖြင့် သေဖွယ်ရာသာရှိတော့သည်။

ထို့ကြောင့် ကြဲချနေသောဗုံးများကြား ပြေးလွှားရင်း တစ်ကိုယ်စာမျှ တစ်ဝက်တစ်ပျက်တူးထားသော ဗုံးခိုကျင်းတစ်ခုကို အမှတ်မထင် တွေ့မိသည်။

ရရှိသောအခွင့်အရေးကို လက်လွှတ်မခံဘဲ မြင်နေရသော တစ်ကိုယ်စာဗုံးခိုကျင်းထဲသို့သာ ဒိုင်ဗင်ထိုးဝင်လိုက်ရသည်။

ဗုံးခိုကျင်းက တစ်ကိုယ်စာမို့ ခပ်နိမ့်နိမ့်နှင့် မည်းမှောင်နေသည်။

အပြင်မှာ ဗုံးသံများ သေနတ်များကြားနေရဆဲ။ ယနေ့မှ ဗုံးကြဲချိန်က ပိုကြာသယောင်ထင်ရသည်။ အပြင်မှာ ဆူညံသံများ အဆက်မပြတ်ကြားနေရဆဲ။ ဗုံးခိုကျင်းမရောက်သေးသူများ၏ သွေးပျက်မတတ် ဆောက်တည်ရာမရ အော်သံများ။ မိုးစက် ခေါင်းပင်ဖော်မကြည့်ရဲဘဲ တစ်ကိုယ်စာ ဗုံးခိုကျင်းထဲ ပုနေရသည်။ အပြင်မှာက သူမကြားဘူးသော စကားသံများနှင့် သေနတ်သံများ။

သူ ကြောက်လန့်နေတုန်းမှာပင် သူ့ဗုံးခိုကျင်းထဲ ဖျတ်ခနဲဝင်လာသော အရိပ်တစ်ခု။

ခြေဆင်းထားသော သူ့ပေါင်ပေါ် ခွလျက်ကြီး ကျလာ၏။

"ဟင်"

ကြည့်လိုက်တော့ တုန်ယင်အောင် ကြောက်ရွံ့နေသော သူနှင့်ရွယ်တူ မိန်းမပျိုတစ်ဦး။

သူမခမျာ ပြေးလွှားလာရသည်မို့ ဆံပင်များ ဖရိုဖရဲနှင့် ချွေးသံတွေရွှဲနေသည်။ မျက်စိသူငယ် နားသူငယ်နှင့် သူ့ကို အားကိုးတကြီးကြည့်နေသော မျက်လုံးကိုသာ မြင်ရသည်။ ဗုံးခိုကျင်းက ခပ်နိမ့်နိမ့်နှင့် မှောင်မဲနေသည်မို့ သိပ်မသဲကွဲ။





"ကြောက် ကြောက်နေလားဟင်"

သူ့နှုတ်ဖျားမှ ဗလုံးဗထွေး ထွက်ကျလာသော စကားသံ။ မိန်းမပျိုက တုန်ယင်စွာနှင့် ခေါင်းညိတ်ပြသည်။

"ဒါ ဒါဖြင့် ကိုယ်ဖက်ထားပေးမယ်နော်"

အစီအစဉ်မရှိဘဲ ထွက်ကျလာသော စကားတချို့။ ကောင်မလေးကလဲ ကြောက်ရွံ့နေသည်မို့ သူမ၏ခေါင်းလေး လူပျိုလေးမိုးစက်၏ပခုံးပေါ် မှီကျလာ၏။

မိုးစက်က ကြောက်ရွံ့နေသော သူမ၏ပခုံးကို ဖျစ်ညှစ်ဖက်ထားမိသည်။ အမှောင်ထဲမှာမို့ ဘာမှမသဲကွဲ။

နောက်. .

ရနံ့သင်းထုံသော ပန်းပေါင်းစုံရနံ့တို့ဖြင့် ဗုံးခိုကျင်းလေးတွင် ပျံ့လွင့်နေသည်။ အပြင်မှာ ဗုံးသံ၊ သေနတ်သံများ တဝုန်းဝုန်းတဒိုင်းဒိုင်း။ တစ်ယောက်စာသာရှိသော သူတို့ဗုံးခိုကျင်းလေးကလဲ အချက်တိုင်း ဗုံးမှန်နေသလို။

ဤအခြေမျိုး၌ ဗုံးပေါင်းစုံကြဲလျှင်မက ကမ္ဘာကြီးပြားချင်ပြားသွားပါစေ။ မမှုတော့။

မျက်လုံးလဲမမြင်ရ၊ မျက်နှာလဲမမြင်ရနှင့် အမှောင်ထုမှာ ကြီးစိုးနေလေပြီ။ (ဘာခေါ်လဲ. . )သူငယ်ဆိတ်ချိန်မှာပင် သူငယ်ခမျာ မဆိတ်နိုင်သေး။

အပြင်မှာ ဗုံးပဲဆက်ကြဲနေလား၊ မကြဲတော့လား မသိတော့။ သူတို့နားထဲတွင်တော့ တဝုန်းဝုန်းကြားနေရဆဲ။

"သေနတ်များ ဆက်ပစ်နိုင်ကြပါစေ ကျေးလူရှင် နယ်ချဲ့တို့ရယ်"

ဟုပင် ကြိတ်၍ဆုတောင်းနေမိလေတော့သည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံကို ကျူးကျော်နယ်ချဲ့သူများအား အထူး

www.burmeseclassic.com



ကျေးဇူးတင်သည့်အထဲ မိုးစက်လဲ ပါဝင်နေလေပြီ။

“ဒီလိုမျိုးသာဆို၊ နေ့တိုင်းပုံးလာကြဲကြပါ နယ်ချဲ့မင်းတို့ရယ်”

ဟု အကြိမ်ကြိမ်ဆုတောင်းရင်း ဆုတောင်းရင်း ဆုတောင်းရင်း (ကဲ အကြိမ်ပေါင်းမြောက်မြားစွာ ဆုတောင်းမိတယ်လို့ သဘောထား)

ပြီးနောက်. .

× × ×





မိုးစက်၏မျက်လုံး ဖျတ်ခနဲပွင့်လာ၏။ ဘေးဘီဝေ့ကြည့်မိသည်။

“ဟာ”

သူတစ်ယောက်တည်း။

မည်မျှကြာအောင် အိပ်ပျော်ခဲ့သည်ကို သူမသိတော့။ တစ်ခုခုတွေ့လိုတွေ့ငြား သူဝေ့ရှာမိသည်။ ချွတ်ထားခဲ့သော လုံချည်စုတ်ကလေးသာ စမ်းမိတော့၏။

လုံချည်ကိုပြန်စွပ်ရင်း အားယူထလိုက်မိသည်။ သူ့ခန္ဓာကိုယ်မှာ လန်းဆန်းနေလား၊ နွမ်းနယ်နေလား သူမဝေခွဲနိုင်။ သေချာတာ တစ်ခုက သူ့ခန္ဓာကိုယ်နှင့်စိတ်ထဲ တစ်ခုခုလစ်ဟာနေသလို ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းပင်။

ကျင်းပေါ်ပြန်မတက်သေးဘဲ ဗုံးကြဲစဉ်က အဖြစ်အပျက်ကို သူပြန်စဉ်းစားမိသည်။ အိပ်မက်လား၊ တကယ်လား၊ သူမသိတော့။

နာမည်လေးပင် မေးမထားမိခဲ့သော သူ၏အိပ်မက်လှလှလေး ဘယ်ဆီရောက်သွားမှန်းမသိတော့။

သူ ဗုံးကျင်းအပြင်ဖက် ထွက်လိုက်မိသည်။

"ဟယ်"

ယခင်က ဘာမှမဖြစ်ခဲ့သလို လူအများ ဥဒဟိုသွားလာနေကြပြီ။

ကလေးငယ်များကပင် ကျည်ဆံခွံများ၊ ဗုံးခွံများ ပျော်ရွှင်စွာလိုက်ကောက်နေကြပြီ။ အိမ်ထောင်ရှင်မများ ဈေးသွားရန်ပြင်ဆင်နေကြပြီ။ လယ်ရှင်များကလဲ ကိုယ်စီ နွားဆွဲ၍ လုပ်ငန်းခွင်ဝင်နေကြပြီ။

သူ ခေါင်းကိုအုပ်ကိုင်လိုက်မိသည်။

ကတုန်ကယင်နှင့် ကြောက်လန့်တကြားဖြစ်နေရှာသော မျက်ဝန်းတစ်စုံသာ ရေးတေးတေး မှတ်မိတော့၏။

ကျန်တာ ဘာဆိုဘာမှမသဲကွဲ။ အိပ်မက်လား တကယ်လား ဟင် မသဲကွဲတော့။

× × ×





မင်းထက် ဘိုးမိုးစက်ကို ပါးစပ်အဟောင်းသားနှင့် ကြည့်နေမိသည်။

စစ်အတွင်း၌ ဖြစ်ခဲ့သော ကြေကွဲဖွယ်ဇာတ်လမ်းမို့ ကြည်နူးရမလို၊ ကြေကွဲရမလို၊ ယုံရမလို၊ မယုံရမလို။ စိတ်ထဲတွင်လဲ မေးခွန်းများ သိချင်စိတ်များ ပြည့်လျှံနေသည်။ နောက် မနေနိုင်တော့၍

"ဒါဖြင့် အဘိုး အဲဒီကောင်မလေးကို လိုက်မရှာဘူးလား"

ဘိုးမိုးစက် သက်ပြင်းချသည်။ ပြီးမှ

"ဘယ်နေပါ့မလဲကွယ်၊ မိုးအနှံ့မြေအဆုံးလို့ ဆိုရလောက်အောင် ရှာခဲ့တာပေါ့၊ တစ်မြို့ဝင် တစ်မြို့ထွက်ကို လိုက်ရှာခဲ့တာပေါ့။ အင်း ခက်တာက တွေ့ဆုံချိန်မှာ အမိကကိုသာ အာရုံထားပြီး



www.burmeseclassic.com

www.burmeseclassic.com



နာမည်လေးတောင် မမေးခဲ့မိ၊ မျက်နှာကိုတောင် စေ့စေ့မကြည့်ခဲ့မိလေတော့ ရှာရတာ မလွယ်ကူလှဘူးပေါ့"

"ဒါဆို သူနဲ့တွေ့ခဲ့တဲ့ ဖုံးကျင်းကိုရော ပြန်မသွားဘူးလားဟင်"

ဘိုးမိုးစက် ခေါင်းညိတ်သည်။

"အင်္ဂလိပ်တွေ ဖုံးကြဲတိုင်း အဲဒီကျင်းကို ပြေးပြေးသွားမိတာပါပဲကွယ်၊ ဒါပေမယ့် အဲဒီကျင်းက တစ်ခါမှ အားရတယ်ကို မရှိပါဘူး၊ တယ်လည်းဖောက်သည်များ"

"ဒါ ဒါဖြင့် ပြန်မတွေ့ခဲ့ဘူးလားဟင်"

မင်းထက်က သိချင်စိတ်နှင့် အလောတကြီးမေးသည်။ ဘိုးမိုးစက်က သက်ပြင်းချရင်း ခေါင်းညိတ်သည်။

"တွေ့ခဲ့တာပေါ့ကွယ်၊ တွေ့ခဲ့တာပေါ့"

"ဘယ် ဘယ်မှာတွေ့ခဲ့တာလဲဟင်၊ သူ သူရောဟုတ်ရဲ့လား"

ဘိုးမိုးစက် မျက်ဝန်းအစုံ မှိုင်းညို့သွားသည်။

"သူ့ကိုတော့ ပြန်တွေ့တာ မဟုတ်ပါဘူးကွယ်၊ သူလဲ စစ်အတွင်းမို့ ဖုံးကျင်းတကာ လှည့်သွားနေရတယ်ထင်တယ်"

"ဒါဆို"

ဘိုးမိုးစက် ကြေကွဲစွာ ခေါင်းကိုမော့ရင်း

"ကျွန်မမှာ ကလေးများလို့ မထိန်းနိုင်တော့ဘူး၊ အဲဒါ ရှင့်သား ရှင်မွေး"

"ဆိုတဲ့ စာတိုလေးနဲ့အတူ လသားအရွယ် ဟောဟိုကောင်မိုးသက်ကို အနှီးထုပ်နဲ့ အိမ်ရှေ့လာချသွားတာကိုပဲ တွေ့ရတော့တာပေါ့"

"ဟမ်"

မင်းထက်ပင် ဘာပြန်ပြောလို့ပြောရမှန်းမသိတော့။ ဇဝေ





ဇဝါနှင့် ဘိုးမိုးစက်ကို ပြန်ကြည့်မိသည်။ ဟိုကလဲ ဖီလင်အပြည့်ကြီးနှင့် ပြောနေသည်မို့ ယုံရလဲခက် မယုံရလဲခက်။ ထို့ကြောင့် မေးခွန်းကိုရှာဟန်နှင့် လက်ညှိုးကို လေထဲဝိုင်းရင်း

"ဟင် ဒါ ဒါနဲ့ ယုံလိုက်ရောလား"

ဘိုးမိုးစက် သက်ပြင်းချရင်း

"ယုံလိုက်ရတာပေါ့ကွယ်"

"ဟင် ဘာလို့ယုံတာလဲ၊ အဲဒီခေတ်က ဒီအင်(န်)အေတွေ ဘာတွေစစ်တာမျိုးလဲ မရှိဘဲနဲ့၊ သူများကလေးဆို ဘယ်လိုလုပ်မလဲ"

ဘိုးမိုးစက် သက်ပြင်းချပြန်သည်။

"ဒီအင်(န်)အေ မလိုပါဘူးကွယ်"

"ဒါဆို"

"သောက်ကျင့်စစ်လိုက်ရင် ပေါ်တာပါပဲ"

မင်းထက် မျက်လုံးပြူးရပြန်သည်။

"ဟင် သောက်ကျင့်၊ အဲလေ အကျင့်စစ်တယ်၊ ဘယ် ဘယ်လိုစစ်တာလဲ"

"လွယ်လွယ်လေးပါကွယ်"






www.burmeseclassic.com

www.burmeseclassic.com



ဘိုးမိုးစက်က စကားစဖြတ်သည်။ နောက်မှဆက်၍

"နို့ဘူးနဲ့ နို့တိုက်တော့မစို့ဘူး၊ အာခေါင်ခြစ်ငိုတယ်၊ အဲ နို့ထိန်းတစ်ယောက် ခေါ်လာတော့မှ ဘာသံမှကို မထွက်တော့ဘူး၊ အဲဒီထဲက ဩော် ဒါဟာ ငါ့ရင်သွေးအစစ်ပါလားဆိုပြီး ယုံလိုက်ရတာပါကွယ်"

"ဟမ်"

မင်းထက် ခေါင်းတွေချာချာလည်ကုန်၏။ ကိုယ့်သွေးသားရင်း ဟုတ်မဟုတ်စစ်တာကလဲ လွယ်လိုက်တာ။ နို့ဘူးပြကြည့် မစို့ဘဲငိုရင် ကိုယ့်အမျိုးမဟုတ်။ အစစ်ပြလို့မှ စို့တယ်ဆို ကိုယ့်အမျိုး။

"ဩော် တော်တော်ဟုတ်တဲ့အမျိုး၊ ဒါကြောင့် ငါပတ်ပြေးနေရတာ"

ကိုယ့်ကိုကိုယ်လဲ ယခုမှ ပြန်ဆင်ခြင်မိသည်။ ဒီလိုအမျိုး‚မျိုးတစ်မြို့လျှင် ခုနစ်အိမ်မျှ ရှိရုံမျှနှင့် ရှာပျက်နိုင်သည်။

"ဘာမှစိတ်မပူပါနဲ့ကွယ်၊ ဟောဒီလို မိန်းကလေးမျိုး တွေ့နေပြီဆိုတော့ ကျန်တာတွေအားလုံးကို မေ့ပစ်လို့ရပါပြီကွယ်"

လက်ရွတ်တွတ်တွကြီးက မျက်နှာပေါ် တက်လာပြန်၏။ ထိုသို့တက်လာသောလက်ကို မင်းထက်က ဖမ်းပြီး

"ဒါ ဒါနဲ့နေပါဦး၊ ဒီအတွက်ကို အိမ်ဖော်ခေါ်ရင်လဲရတာပဲ မဟုတ်လား၊ အိမ်ဖော်ဘာလို့မခေါ်တာလဲဟင်"

အဘိုးမိုးစက်က ခေါင်းယမ်းရင်း

"ဘယ်အိမ်ဖော်ပွဲစားကမှ အမှုဖြစ်မခံချင်ကြတော့ပါဘူးကွယ်"

"ဟမ်"

ယခင်ယခင်က အိမ်ဖော်များနှင့် အမှုအခင်း ဘယ်မျှဖြစ်ခဲ့သည်မသိ။ အိမ်ဖော်ပွဲစားပဲ အမှုဖြစ်ခံပြီး အိမ်ဖော်မပို့ရဲတော့သည့်





အနေအထားကို။

"နောက်ပြီး အိမ်ဖော်ခေါ်ရင်လဲ၊ ဒီလိုသန့်သန့်ပြန့်ပြန့်က ဘယ်ရနိုင်မလဲ သမီးရယ်၊ တစ်ခုလပ်တို့ မုဆိုးမတို့ အဘွားကြီးတို့သာ ရနိုင်မှာ"

မှန်ပေသည်။ အိမ်ဖော်ခေါ်ရသည်က သူ့အတွက် ကံစမ်းမဲနှိုက်သလို ဖြစ်နေနိုင်သေးသည်။ ဘယ်ဟာအကောင်း၊ ဘယ်ဟာအဆိုးဆိုတာမျိုးကို ခေါင်းခေါက်တွေးလို့မှ မရနိုင်တာဘဲ။

"အဟွတ် အဟွတ် ဆိုရင်ငိုရ ပြောရတာ မောလိုက်တာ"

"အဲ အဲဒီတော့"

"လာ ခုတင်ပေါ်တက်ကြစို့"

"ဆင်"

ဘိုးမိုးစက်စကားကြောင့် မင်းထက်ပင် မျက်လုံးပြူးသွား၏။ လုပ်စားကိုင်စား မည်မျှများခဲ့သည်မသိ။ အပြောအဆိုကိုက လိုရင်းရောက်သည်။ အခန်းထဲပင် အရင်မခေါ်။ ခုတင်ပေါ် အတင်းတွန်းတင်သည်။ မင်းထက်လဲ ထိတ်ထိတ်ပျာပျာဖြစ်ပြီး

"ဟင် ဟင် ဒါကလေ မီးလဲရေမချိုးရသေး၊ အဘိုးလဲ မနားရသေးတော့ ဟိုလေ"

"ရပါတယ်ကွယ်၊ နားဖို့မလိုပါဘူး၊ လာ ကုတင်ပေါ်တက်ကြစို့"

"ဟမ် ဟို ဟိုလေ အဘိုးအခန်းထဲကို အရင် အရင်ပို့ပေးမယ်နော် နော်"

ဆိုကာ ဝှီးချဲလ်ကို အနောက်မှတွန်း၍ အခန်းထဲကိုထိုးထည့်လိုက်ရလေသည်။

"သမီး သမီး သမီးလေး"

ဘိုးမိုးစက်၏ ကတုန်ကယင်ခေါ်သံ။ မင်းထက် အခန်းထဲ ဝှီးချဲလ်တွန်းထည့်ပြီး အခန်းတံခါးကို ချိုင်းခနဲတွန်းပိတ်လိုက်ရလေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ပြီးမှ တံခါးကိုမီရင်း ယောကျ်ားကြီးတန်မဲ့ သူ့ရင်ဘတ်သူ ဖိထားမိသည်။ အခြေအနေက အတော်မလွယ်သည့် အနေအထား။ သူ့အဖြစ်ကလဲ တစ်ယောက်ယောက်အခန်းထဲဝင်ဖို့မပြောနှင့်၊ မျက်နှာချင်းဆိုင်တွေ့ဖို့တောင် ခပ်ခက်ခက်။

ခဏတာစိတ်ငြိမ်အောင်ထားပြီးမှ သူ့အတွက် သီးသန့်စီစဉ်ထားသောအခန်းထဲသို့ ကမန်းကတန်း ပြေးဝင်လိုက်မိလေတော့သည်။

မပြေး၍မဖြစ်။ တစ်ယောက်ယောက်မြင်လျှင် ကိုယ်ကျိုးနည်းရပေဦးမည်။

× × ×





ညကား တဖြည်းဖြည်းနက်လာပြီ။

မင်းထက်ကား အိပ်၍မပျော်သေး။ ဤအိမ်ကြီးထဲတွင် သူမည်သို့စခန်းဆက်သွားရမည်ကို စဉ်းစားရင်း ရင်လေးနေမိသည်။ ဤသို့ဆက်မသွားဘဲ ပြန်သွားလို့လဲမဖြစ်သေး။ ချစ်သူပန်းဆုထံမှ ငှားထားသော အဝတ်အစားနှင့်စီလီကွန်များက တစ်နေ့သုံးသောင်းခန့် တက်နေသည်ကိုး။ ထို့ကြောင့် ဒီက ပိုက်ဆံမရဘဲ ပြန်သွားပါက ဟိုဖက်မှာ သူအကြွေးမဆပ်နိုင်။ ချစ်သူချင်းဆိုသော်ငြား ဒီကောင်မက လွယ်လှသည်မဟုတ်။ ယခင်ကတည်းက ဝမ်းနှုတ်ဆေးတစ်ထုပ် သူဝယ်တိုက်မိလျှင်တောင် အော်ကြီးဟစ်ကျယ်နှင့် ထိုတစ်ထုပ်ဖိုး ပြန်တောင်းတတ်သည့်မိန်းမ။



www.burmeseclassic.com

www.burmeseclassic.com



ယခုလို တစ်ရက်သုံးသောင်းဆိုလျှင် သူပတ်ပြေးနေရမှာ သေချာ၏။

သူ့ဘဝကိုသူ ပြန်စဉ်းစားရင်း ရင်ပိုလေးနေမိသည်။

ရှေ့တိုးလဲ ဆင်ခေါင်း၊ နောက်လှည့်တော့လဲ ဆင့်ဖင်။ ဘယ်ဟာကမှ မကောင်း။ သူ့အနေအထားက ဘယ်ကိုမှ ပြေးမလွတ်နိုင်သည့် အနေအထား။

စိတ်ပျက်လက်ပျက်နှင့် သက်ပြင်းသာချလိုက်မိသည်။ ထိုစဉ်

"ဒေါက် ဒေါက် ဒေါက်"

တံခါးခေါက်သံ။ သူခေါင်းထောင်သွားမိသည်။ အဘိုးလား အဖေလား၊ သမီးလား၊ တစ်ခုခုပင်။ ညနက်နေပြီမို့ တံခါးဖွင့်လိုက်က အမှုဖြစ်မှာသေချာ၏။

စဉ်းစားရင်း သူ ကြက်သီးပင်ထမိသေးသည်။

"ဒေါက် ဒေါက် ဒေါက်"

အဆက်မပြတ် တံခါးခေါက်သံ။ သူ မဝံ့မရဲနှင့် ခြုံထားသော စောင် ရင်ခေါင်းစည်းရင်း

"ဘယ် ဘယ်သူလဲဟင်"

အပြင်မှကြားရသော လေသံတိုးတိုးက

"ငါပါကွ မိုးထက်ပါ၊ မင်းထက် တံခါးဖွင့်စမ်း"

ထင်သလိုမဟုတ်ဘဲ မိုးထက်အသံကြားတော့ မင်းထက် စိတ်သက်သာရာရသွား၏။ မိုးထက်နှင့်ဆိုတော့ ဟိုင်ပင်ဖော်တိုင်ပင်ဖက် ရနိုင်သည်ကိုး။

"အေး အေး ငါလာပြီ"

ဆိုကာ အပြေးတစ်ပိုင်းနှင့် တံခါးပြေးဖွင့်လိုက်သည်။ အခန်းဝမှာ ညဝတ်အင်္ကျီ ဖရိုဖရဲနှင့် မိုးထက်ကို ကုတ်ချောင်းချောင်းတွေ့ရသည်။





"ငါကွာ အိပ်မပျော်လို့ အဲဒါ မင်းနဲ့လာအိပ်တာ"

ခံစားချက်ချင်းတူနေ၍ မင်းထက်လဲ တံခါးဖွင့်ပေးကာ

"အေးကွာ၊ ငါလဲ အိပ်မပျော်လို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေတာ"

မိုးထက်က သူ့ကို ဘာမှပြန်မပြောဘဲ ခုတင်ပေါ် ခြေပစ်လက်ပစ် သွားပစ်လှဲလိုက်သည်။

မင်းထက်က မိုးထက်အိပ်နေရာဘေးသွားပြီး

"ဟေ့ကောင် ဘယ်လိုလုပ်မှာလဲကွ၊ ငါ့အဖြစ်ကိုလဲ စဉ်းစားပေးဦး"

မိုးထက်က မျက်လုံးတစ်လုံးသာ ဖွင့်ကြည့်ပြီး

"ဘာလဲကွာ"

မင်းထက် ခုတင်ပေါ် ဆောင့်ကြောင့်ထိုင်လိုက်ပြီး

"ဘာရမှာလဲကွ၊ ငါက မင်းညီမ မင်းအဖေကို ကြောက်နေရတဲ့အထဲ အခု မင်းအဘိုးကိုပါ ကြောက်နေရပြီ"

မိုးထက်က ကျွတ်ခနဲ စုတ်သတ်လိုက်သည်။ ပြီးနောက် အိပ်ချင်မူးတူးအသံကြီးဖြင့်

"ထားလိုက်ပါကွာ၊ နောက်ပြဿနာ နောက်ရှင်းတာပေါ့၊ ဒီညတော့ အေးအေးဆေးဆေး စိတ်လျှော့ပြီး အိပ်လိုက်ကြရအောင်"

"ဟေ့ကောင်"

"အိပ်ပါဆိုကွာ"

မင်းထက် ဘာမှမပြောသာတော့။ ဟိုကောင်ကလဲ အိပ်ငိုက်ပြီး စကားက ပြောချင်တော့ပုံ မပေါ်တော့တာကိုး။ ထို့ကြောင့် သက်ပြင်းချရင်း

"ဟင်း အခန်းထဲဝင်လာလို့ အားကိုးရမယ် မှတ်နေတာ၊ သေချင်းဆိုးက အိပ်ဖို့လာတာကိုး၊ အိပ် အိပ်၊ ငါလဲအိပ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ မိုးထက်နား ဝင်လှဲနေလိုက်ရတော့၏။

မိုးထက်ကတော့ မည်သို့နေသည်မသိ။ မင်းထက်ခမျာတော့ မအိပ်နိုင်သေး။ မနက်မိုးလင်းသည်နှင့် ကြုံတွေ့ရနိုင်သော အခက်အခဲများကိုတွေးရင်း ရင်လေးနေမိသည်။

မနက်ဖြန်မနက်ကျရင် အဘိုးကပဲ ကြိုင်မလား၊ အဖေကပဲ ကြဲမလား၊ သမီးကပဲဖန်မလား၊ အတိအကျ မသိနိုင်သေး။ အားလုံး အန္တရာယ်ရှိသော အနေအထားချည်းသာ။

မိုးထက်ကို ပြန်ကြည့်တော့လဲ ဘာမှမသိတော့သလို ငြိမ်နေသည်။

"တောက် ဒီသောက်ကောင်ကလဲ ဘာမှအားကိုးရမှာမဟုတ်ဘူး"

အသံတိတ်ရေရွတ်ရင်း

"ဟင်း မနက်ဖြန် ဘာဖြစ်ဖြစ်၊ ဒီညတော့ အိပ်လိုက်တာပဲ ကောင်းပါတယ်"

ဟု စဉ်းစားမိရင်း တစ်ဖက်လှည့်ကာ အိပ်ပျော်နိုင်ရန်သာ ကြိုးစားနေလိုက်မိတော့သည်။

× × ×





ညကား တိတ်ဆိတ်နေပြီ။ ရံဖန်ရံခါမှ ဟိုးဝေးဝေးမှ ကားဖြတ်သန်းသွားလာသံများ စီခနဲကြားနေရသည်။ ပြတင်းပေါက်မှ လေတိုးသံ။ ဖွင့်ထားသော အဲယားကွန်းမှ တဒီးဒီးမြည်သံများက အိပ်ချင်စိတ်ကို ဆွဲခေါ်နေသယောင်။

အသံများကို နားစွင့်ရင်း မင်းထက် မှေးခနဲဖြစ်သွားစဉ်

ဖတ်ခနဲ သူ့တင်ပါးပေါ် ကျလာသော လက်တစ်ဖက်။

ဆတ်ခနဲ ပြန်နိုးလာမိသည်။ ကြည့်လိုက်တော့

"ဩော် မိုးထက် အိပ်နေရင်းနဲ့ ယောင်ပြီးလက်တင်မိတာဖြစ်မယ်"

ဟု စိတ်လျှော့ပြီး အိပ်ရန်ပြန်ပြင်သည်။ သို့သော် သူ့ထင်



www.burmeseclassic.com

www.burmeseclassic.com



သလိုမဟုတ်။

ထိုလက်ကလေးက လှုပ်လှုပ်ရွရွနှင့် ဝတ်ထားသောထဘီကို အသာအယာဆွဲတင်နေသည်။

"ဟင်"

လန့်ပြီးပြန်ကြည့်တော့ ဇတိက တုတ်တုတ်မျှပင်မလှုပ်။

"မဟုတ်လောက်ပါဘူးလေ၊ ယောက်ျားလေးသူငယ်ချင်းအချင်း မလုပ်လောက်ပါဘူး"

ဟု စိတ်လျှော့ရင်း အိပ်ပျော်နိုင်ရန်သာ တစ်ဖက်လှည့် ကြိုးစားလိုက်ရသည်။ သို့သော်

"အမေ့"

တင်ပါးကိုလာညှစ်သော လက်ကြမ်းကြီး။ မင်းထက်လဲ လန့်ဖျပ်ခုန်ထကာ

"ဟင် ဘာ ဘာလုပ် ဘာလုပ်တာလဲ"

သူ့အော်သံကြောင့် မိုးထက်ခေါင်းထောင်ထကာ ပြူးကြောင်ကြောင်နှင့် သူ့နှုတ်ခမ်းပေါ် လက်ညှိုးတင်ရင်း

"ရှူး တိုးတိုးလုပ်ပါ၊ သူများတွေ ကြားသွားဦးမယ်"

ထိုတော့မှ မင်းထက်လဲ အခြေအနေကို ရိပ်မိပြီးခုန်ထကာ

"ဟင် ဟင် မင်း မင်းက ငါ့ ငါ့ကို"

မိုးထက်က နှုတ်ခမ်းကို လက်ညှိုးလေးတင်ပြီး

"တိုးတိုးပါဆိုကွာ၊ ကိုယ် ကိုယ်မနေနိုင်တော့လို့ပါ"

သူ့စကားကြားတော့ မင်းထက်လဲတင်းပြီး

"ဘာမနေနိုင်တော့တာလဲ၊ မနေနိုင်စရာလား၊ လူကို ဒါမျိုးလုပ်စရာလား"

သူ့အသံကျယ်ကျယ်စကားကြောင့် အားလုံးနိုးလာကြပြီး

"ဟေ့ ဘာဖြစ်တာလဲဟေ့"





"ဘယ်သူလဲဟေ့ ညကြီးသန်းခေါင် ထအော်နေတာ"

"ဘယ်သူလုပ်တာလဲ၊ ဘယ်သူလုပ်တာလဲ"

ဆိုကာ ပြေးလာကြလေတော့သည်။

အခန်းဝ၌ ကြောက်လန့်တကြားနှင့် ထဘီရင်ခေါင်းစည်း၍ ငိုမဲ့မဲ့ဖြစ်နေသော မင်းထက်ကိုမြင်တော့ မျက်လုံးပြူးသွားကြသည်။

ထိုတော့မှ မင်းထက်လဲ ထဘီရင်ခေါင်းစည်း၍ သူ့အဖြစ်ကိုသူ ဝမ်းနည်းကာ ငို၍ပြောရရှာသည်။

"သူ သူပေါ့ သူ သူ"

ခုတင်ပေါ် မှောက်လျက်သား ပြူးကြောင်ကြောင်နှင့် လက်ကြီးရှေ့ထုတ်ထားသော မိုးထက်ကို တွေ့ကြရသည်။

"ဟင် ဒီ ဒီကောင် သမီးကို ဘာလုပ်လဲ၊ ဘာလုပ်လဲဟင်"

ဦးမိုးသက်၏အမေး။ မင်းထက် ဟီးခနဲ ငိုချလိုက်ပြီး

"ဟီး သူ သူပေါ့၊ သမီးတင်ပါးကို လာကိုင်ပြီးပွတ်တယ်"

"ဟယ်"






www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ညှစ်လဲညှစ်တယ် ဟီး"

"ဟင်"

အားလုံး မျက်လုံးပြူးသွားကြသည်။ ငိုနေသောမင်းထက်ကို တစ်လှည့်။ ညှစ်လက်စလက်ကြီးနှင့် မိုးထက်ကိုတစ်လှည့် ပြူးကြောင် ကြည့်ကြသည်။ အတန်ကြာမှ မိုးမြတ်က

"ဟာ ကိုကိုကလဲ လုပ်စရာရှားလို့ဗျာ"

ဒါကို ဦးမိုးသက်ကလဲ သတိရပြီး

"အေးကွာ၊ ညှစ်စရာရှားလို့ အင်အင်းပါတဲ့နေရာမှ ညှစ်ရ လား၊ တခြားနေရာညှစ်တယ်ဆို လူကြားလို့ကောင်းသေး"

"ဟုတ်ပ"

သူတို့ဘာသူတို့ အတိုင်အဖောက် ညီနေပြန်သည်။ မင်းထက် ကသာ မျက်ရည်လည်ရွဲဖြင့်

"မနေဘူး၊ မနေဘူး၊ သမီးမနေတော့ဘူး"

သူ့စကားကို ဦးမိုးသက်က သူ့ရင်ဘတ်သူပုတ်ပြီး

"ဒါဖြင့် ဦးနဲ့လာနေ၊ ဦးအခန်းက အကျယ်ကြီး"

မိုးမြတ်ကလဲ အားကျမခံ။

"အိုး အဖေနဲ့နေစရာလား၊ မောင်နဲ့လာနေ၊ အဲလေ မိုးမြတ် နဲ့လာနေ၊ ဟိုတစ်ခါစမ်းမိတဲ့ ခါးကြားက ပိုက်ဆံလိပ်ကြီး ဖွင့်ကြည့်ရ အောင် ဟီဟိ"

မိုးထက်ကလဲ မလျှော့။

"ကိုယ်နဲ့သာနေပါ၊ မကြာခင် အဆင်ပြေသွားပါလိမ့်မယ်"

ဒါတောင် ဝိုးချဲလ်နှင့်အဘိုးက အပေါ်မတက်နိုင်လို့။

မင်းထက်က ခေါင်းယမ်းရင်း

"ဟင့်အင်း ဟင့်အင်း ဘယ်သူနဲ့မှ မနေဘူး၊ ကိုယ့်ဘာသာ ကိုယ် တစ်ယောက်တည်းနေမယ်၊ အားလုံးအပြင်ထွက်သွားကြ"





"မင်းရယ်၊ စိတ်မဆိုးပါနဲ့"

"ကြားချင်ဘူး၊ ကြားချင်ဘူး"

"ဦးအခန်းက အကျယ်ကြီး သမီးရယ်၊ အဲယားကွန်းကလဲ အေးနေတာ"

"ကြားချင်ဘူး၊ ကြားချင်ဘူးဆို"

"မ,ကလဲ မောင်နဲ့မ သားရေပိုက်ဆံလိပ်"

"ကြားချင်ဘူး၊ ကြားချင်ဘူးဆိုနေ၊ ဒါပဲ ထွက်သွားကြ"

မင်းထက်က နားကိုပိတ် ခေါင်းကိုယမ်းရင်း ဇွတ်အတင်း ငြင်းသည်။ အားလုံး ဘာမှမတတ်နိုင်တော့။ ယူကြုံးမရခြင်းကြီးစွာ ဖြင့် လေးကန်စွာ အခန်းပြင်ထွက်ကြသည်။ ထိုတော့မှ မင်းထက်လဲ

"အခန်းတံခါးလော့(ခ်)ချထားမယ်၊ ဝင်ရဲဝင်လာကြည့်၊ ဘယ် သူဖြစ်ဖြစ် လေးခွနဲ့ကိုချပစ်မယ်၊ ဒါပဲ"

ဆိုကာ အခန်းတံခါးကို ချိုင်းခနဲပိတ်၍ အခန်းတွင်းစိတ် ပျက်လက်ပျက် ထိုင်နေမိလေတော့သည်။

ဩော် သူ့ဘဝကလဲ လွယ်လှသည်တော့မဟုတ်၊ သူငယ်ချင်း အချင်းချင်းပင် ဖင်စမ်းပြီဆိုမှဖြင့် ကျန်သူများနှင့်ဆိုလျှင် မတွေးရဲ စရာ။

မှုဆိုးရွှေအိုးရကိန်းမရှိ၊ မုဆိုးပင်ဖြစ်သော်ငြား ရွှေအိုးကွဲကိန်း သာမြင်မိနေလေတော့သည်။

ထိတ်ထိတ်ပျာပျာနှင့် ရှိုစုမဲ့စု ရွှေအိုးလေး ပြန်ငုံ့ကြည့်မိသည်။

"ဩော် လက်ငွေ့ရာတစ်ခုတော့ ထင်ခဲ့ပါပကောလား"

ကျားအစစ်ဖြစ်ပါလျက် ဤအရာကား ကံအဆိုးဆုံး။

× × ×

www.burmeseclassic.com



ညက ကောင်းကောင်းမအိပ်ရသော်ငြား မနက်ဝေလီဝေလင်း၌ပင် မင်းထက်နိုးလာ၏။

အနည်းငယ်နောက်ကျလျှင် ရေချိုးခန်းနှင့် Toilet တို့၌ တစ်ယောက်ယောက်နှင့် ရင်ဆိုင်တိုးနိုင်သည် မဟုတ်ပါလား။ ထို့ကြောင့် မည်သူမှ မနိုးသေးခင်ထ၍Toiletဆီ အမြန်ပြေးရသည်။

Toiletဆီရောက်သည်နှင့် တံခါးကိုဖွင့် လော့(ခ်)ကိုချ၍ စိတ်ပြေလက်ပျောက် အသာလေးဝင်ထိုင်နေလိုက်ရသည်။

"ဟား ဘဝက Toilet ထဲ ဝင်နေရတာကိုက ပို၍လုံခြုံပါလား"

ဟုပင် ကြည်နူးစွာတွေးရင်း ပြုံးလိုက်မိသည်။ သို့သော် သူထင်သလိုမဟုတ်။





"ဒေါက် ဒေါက် ဒေါက်"

"ဟင်"

တံခါးခေါက်သံကြား၍ ခေါင်းနပန်းကြီးသွားမိ၏။

ချွတ်ထားသောလုံချည်ပဲ ပြန်ဝတ်ရမလို၊ Toilet ပေါ်ပဲ ငုတ်တုတ်ထထိုင်ရမလို ဖြစ်သွားမိသည်။

"ဒေါက် ဒေါက် ဒေါက်"

တံခါးခေါက်သံက ရပ်မသွား။ သူလဲ ကတုန်ကယင်ဖြင့်

"ဘယ် ဘယ်သူလဲ"

"မ မောင်ပါ"

မိုးမြတ်အသံကြားတော့ အနည်းငယ်စိတ်သက်သာရာရ၏။ ကျားနှင့်စာလျှင် မ,ကတော်သေးသကို။ သို့သော် စိတ်တော့မချရ။ အခင်းကြီးမှုဒိန်းဖြစ်နေမှ လူကြားမကောင်း ရှိရော့မည်။ ထို့ကြောင့်

"ဘာ ဘာကိစ္စလဲဟင်"

သူ့အမေးကို အပြင်က အလောတကြီးအသံဖြင့်

"တံခါး တံခါးအမြန်ဖွင့်စမ်းပါ"

သူ မျက်လုံးပြူးသွားမိသည်။

"ဟင် ဘာ ဘာလုပ်ဖို့"

"အင်အင်း အတူပါမယ်လေ၊ အင်အင်းအတူပါမလို့"

"ဟမ်"

ကြားရသောစကားကြောင့် ခေါင်းမွေးပါ ထောင်တက်သွားသည်။

"အင်အင်းအတူပါမလို့တဲ့"

ဒါမျိုး ဘယ်မှာများ ရှိဖူးလို့လဲ။ လသားအရွယ်ရင်သွေးနှင့်မိခင်ပင် အင်အင်းအတူပါရိုးထုံးစံမရှိ။ အရွယ်ကောင်းနှစ်ယောက် ဖင်ချင်းဆိုင်၍ ပြုလုပ်ရမည်ဆိုတာက ဘယ်နည်းနှင့်မှ မဖြစ်နိုင်၊



www.burmeseclassic.com

www.burmeseclassic.com




ထို့ကြောင့်

"ဟင့်အင်း ဟင့်အင်း၊ ဒါတော့ မဖြစ်နိုင်ဘူး၊ ဒါတော့မဖြစ်နိုင်ဘူး၊ ဟင့်အင်း ဟင့်အင်း"

သူ၏ အကြောက်အကန်စကားကို မိုးမြတ်က

"မ,ကလဲ ထမင်းတောင်လက်ဆုံစားကြသေးတာပဲ၊ အင်အင်းဖင်ဆုံပါ၊ အဲလေ လက်ဆုံပါတာ ဘာဆန်းတာမှတ်လို့"

"ဟာ ဖြစ်နိုင်ပါ့မလား၊ ဟိုဟာက စားတာ၊ ဒါက ဟာ ရှင်းပြရခက်တယ်၊ သွား သွား ပါနိုင်ဘူး ပါနိုင်ဘူး ဟင့်အင်း ဟင့်အင်း"




အပြင်မှ သက်ပြင်းချသံကြားရ၏။

"ဒါဖြင့် ကိစ္စပြီးရင် အခန်းထဲလာနော်၊ ပြစရာရှိလို့"

မင်းထက် ခေါင်းထောင်သွား၏။ ဒါမျိုးကျ ဝါသနာပါသေးကို။

"ဟင် ပြစရာ၊ ဘာပြစရာရှိလို့လဲ"

"အခန်းထဲရောက်မှကြည့်၊ ဒါပဲ"

ဆိုကာ ထွက်ခွာသွားသော ခြေသံ ကြားရ၏။ မင်းထက် တဲတွေးပင် မျှော်မြင်သွားသေး၏။ မိန်းကလေးပြစရာရှိတာကို မကြည့်ချင်သော ယောကျ်ားလေးက ရှိမည်မထင်။ ထို့ကြောင့်

"အမှုပင် ဖြစ်ချင်ဖြစ်စေတော့ တစ်ခါတော့လိုက်ကြည့်ဦးမှပဲ"

ဟု စိတ်ပိုင်းဖြတ်ပြီး သန့်ရှင်းစရာရှိသည်များကို သန့်ရှင်းပြီး လုံခြုံစိတ်ချရမှု ချထားသောလော့(ခ်)ကိုဖွင့်ပြီး ဇောနှင့်အထွက်

"ဟိတ်"

"အို အမေ့"

မထင်မှတ်သောနေရာမှ လက်ကြမ်းကြီးနဲ့ လှမ်းအဆွဲ။ ရုတ်တရက် မင်းထက်လဲ ဆွဲလိုက်သည့်ဖက် ယိုင်အကျ။ တိုးဝင်လာသောနှာခေါင်းကြီးနှင့် စုတ်ဖွတ်ဖွတ်နှုတ်ခမ်းအချွန်။ ထို့နောက်

"ရှိုး. . . . . . . . . ကကျွတ်၊ ကကျွတ်၊ ကကျွတ်"

"ဟင် ဘာ ဘာ၊ ကကျွတ်၊ ကကျွတ်၊ ကကျွတ်"

ရှိသောပါးစပ်မှာ ပြောမအားရှာ။ ကကျွတ်သူက ဝင်ကကျွတ်နေ၍ မင်းထက်မှာ မရုန်းနိုင်။ ကြောင်ပြီးငြိမ်နေသေး၏။ မျက်လုံးနှစ်လုံးစီက ပူးကပ်နေ၍ ဘယ်သူမှန်းလဲ မသဲကွဲ။

"ဘယ် ဘယ်သူ"

"ရှိုး ရှလွတ် ကကျွတ် ကကျွတ် ကကျွတ်"

လက်ကြမ်းကြီးနှစ်ဖက်က ခါးကိုဖက်ပြီး တရကြမ်းကို ကကျွတ်နေတော့ အားချိန်ပင်မရ။ နောက်မှ သတိရပြီး အတင်းတွန်းလွှတ်လိုက်တော့

"ဟင်"

သူ့ကို တရကြမ်း ကကျွတ်နေသူမြင်တော့ မင်းထက် ရှိုဘတ်လာသည်။ ပြုံးဖြီးဖြီးမျက်နှာနှင့် ဦးမိုးသက်။ မင်းထက် ချက်ချင်းတို့

www.burmeseclassic.com



တက်လာ၏။ ယောက်ျားအချင်းချင်း ကကျွတ်ခံရတာဆိုတော့ စဉ်းစားသာကြည့်။

"ဟင် ဟင် ဒါ ဒါက"

သူ့အမေးကို ဦးမိုးသက်က မျက်လွှာလေးချပြီး

"ဘယ်လိုမှ စိတ်မထိန်းနိုင်တော့လို့ပါ သမီးရယ်၊ ဦးကို ခွင့်လွှတ်ပါ၊ ဦးရဲ့အချစ်တွေအားလုံး အဲဒီအနမ်းမှာ ပါပါတယ်"

ဆိုကာ ချာခနဲ လှည့်ထွက်သွားလေရာ

"ဟာ ထွိ ထွိ"

ထိုတော့မှ မင်းထက်လဲ ကိုယ့်လျှာကို ကိုယ့်လက်နှင့်ပြန်သပ်ပြီး

"ဝေါ့ ထွိ ထွိ"

တစ်ကိုယ်လုံးမှ ကြက်သီးစုံထကာ အော့ချင်သလို အန်ချင်သလို ဖြစ်သွားရသည်။

"အောင်မလေး သေပါပြီ၊ ဝေါ့ ထွိ ထွိ"

တပျို့ပျို့ တအန်အန်နှင့် ဘယ်လိုမှ မျိုသိပ်၍ မရတော့၍ အခန်းထဲပြန်အပြေး။ လမ်းထက်ဝက်မှာပင်

"ဟင် မင်းထက် မင်းထက် ဘာဖြစ်တာလဲဟင်"

အခန်းထဲမှ ထွက်လာသော မိုးထက်၏အမေးကိုပင် မဖြေအားတော့။ အတင်းကိုယ်လွှတ်ရှန်း၍ အခန်းထဲပြေးဝင်ရင်း အခန်းတံခါးကို ဂျွမ်းခနဲပိတ်ကာ ရေချိုးခန်းထဲဝင်၍ လက်ထိုးအန်နေရလေတော့သည်။

"ဝေါ့ ဝေါ့ ထွိ"

ထိုအသံကို နားစွင့်နေသော မိုးထက်က

"ဟင် မင်း မင်းထက်အန်နေပြီ၊ ဒါဆို ကိုယ်ဝန်ရှိနေပြီပေါ့၊ ဒါဆို ငါ ငါနဲ့များ"





ဆိုသောအတွေးနှင့် ကြည်နူးသွားသေး၏။ နောက်မှ သတိရပြီး

"အေး မနေ့ညကမှ မတော်ရာညှစ်မိပါတယ်၊ ဒီနေ့ ကိုယ်ဝန်ဆောင်ပြီလား၊ တယ်မြန်လိုက်တာ"ဟူ၍

"ဟီး ဟီး ဘဝတော့ပျက်ပါပြီ အမေရဲ့"

အခန်းတွင်း၌ မင်းထက်၏ ရှိုက်ကြီးတငင်ငိုသံများ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



မင်းထက် အလိုလိုနေရင်း ထွက်ကျလာသော မျက်ရည်ကို လက်ခုံနှင့် ပင့်သုတ်လိုက်သည်။

"အဲ အဲဒါသာ စဉ်းစားကြည့်တော့၊ ဟီး ငါ့ ငါ့ဘဝလေးတော့ ပျက်ပါပြီ၊ ပျက်ပါပြီ၊ ဟီး"

ရှိုက်ကြီးတငင်ငိုနေသော မင်းထက်ဆိုသည့်ချစ်သူကို ပန်းဆု ကြောင်ငေးကြည့်နေမိသည်။ မင်းထက်က ငိုပြီးရင်းငိုရင်းက

"ဟီး မောင့်ဘဝက ဟိုယောက်ျားလျာ မိုးမြတ်ကိုလဲ ကြောက် ရတာ တော်သေး၊ အဘိုးကြီးမိုးစက်ရော၊ နောက် ဦးမိုးသက်ရော ကြောက်နေရတဲ့ဘဝ၊ ဒီကြားထဲ သူငယ်ချင်းအချင်းချင်း မိုးထက်ကို ပါ မယုံရတော့၊ မောင် မောင် ဘယ်လိုနေရမှာလဲ ဟီး"





သူ့ရှေ့မှာ မျက်ရည်ပေါက်ကြီးငယ်ကျအောင် ငိုနေသော ချစ်သူမင်းထက်ကို ပန်းဆုက ပါးစပ်အဟောင်းသားနှင့် ငေးကြည့် နေလေသည်။

"ဟီး အိမ်သာတက်ရတာတောင် မလုံခြုံတော့တဲ့ဘဝ၊ ဒီ လောက် နံနံစော်စော်အိမ်သာထဲ နှစ်ယောက်ပူးကြီး ဝင်တက်ချင်သူ နဲ့ အိမ်သာကအထွက်မှာ ခြေကလိမ်ကွပ်ချင်သူနဲ့ဆိုတော့ အဟီး ဟီးဟီး"

မင်းထက် သူ့ဘဝကို ဤနှယ် သနားရှာသည်။ ဒါကို ဘေး နားကြည့်နေသူကလဲ မနေနိုင်တော့။ မိန်းကလေးတန်မဲ့ လက်သီးပင် ကျစ်ကျစ်ပါအောင်ဆုပ်ပြီး

"ဒါကတော့ လွန်လွန်းပါတယ်၊ ဒါမျိုးကတော့ မောင် အလျှော့ မပေးနဲ့"

ချစ်သူ၏ ထောက်ခံမှုကြောင့် မင်းထက်အားတက်သွား သည်။ စီးကျသွယ်သွယ် မျက်ရည်ကိုသုတ်ပြီး

"ဒါဆို မောင် ဘာလုပ်သင့်လဲ"

သူ့အမေးကို ပန်းဆုက ရှေ့စားပွဲကို လက်သီးနှင့်ထုပြီး

"ဘာလုပ်ရမှာလဲ၊ ဈေးတိုးတောင်းရမှာပေါ့"

"ဟမ်"

ပန်းဆုစကားကြောင့် ငိုနေသောမင်းထက်ပင် ကြောင်သွား၏။ နောက်မှ အငိုတိတ်ပြီး

"ဟင် ဈေးတိုးတောင်းရမယ်"

သူ့အမေးကို ပန်းဆုက လက်သီးလက်မောင်းတန်းပြီး

"အေးလေ၊ ဒီလိုမိသားစုလိုက်ကြီး ဝိုင်းဝန်းသမ၊ အဲလေ ပိုး ပန်းနေရင် ဒီဈေးနဲ့ ဘယ်ရမှာလဲ၊ အရင်တောင်းထားတာ တစ်လက် ကိုင်ဈေးလေ၊ ဒေးရောနိုက်ပါ တစ်လက်ကိုင်၊ အခုဟာက အမျိုးသုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီ၊ ဈေးတိုးတောင်းရမှာပေါ့၊ နောက်မဟုတ်ရင် ဘော်ဒီကျတာ ဖရိန် စောင်းတာပဲ အဖတ်တင်မယ်"

သူပြောမှ ကိုယ့်ဖရိန်တောင် စောင်းမစောင်းပြန်ငုံ့ကြည့်မိသည်။

ဩော် သူပြောလိုက်မှ သူ့ဘဝ ဟာ ကားလား ကြက်လားတောင် ခွဲ မရတော့ပါလား။ အိမ်မှာ တက္ကစီထောင် စားပြီး စီးပွားရှာနေသူမို့ ဒါမျိုးတော့ တတ်တယ်။ ပန်းဆုက သူ့မျက်နှာ ရှေ့ တိုးလာပြီး




"အခုတောင် လက်ကိုင်များ ပြီး ရှေ့မီးနောက်မီး ဘယ်မီးလုံး ကွဲပြီ လဲ"

မင်းထက်က ခေါင်းယမ်းပြီး

"မကွဲသေးပါဘူး၊ အကောင်း ကြီး ရှိပါသေးတယ်"

ပန်းဆုက ခေါင်းညိတ်ကာ

"ဟုတ်တယ်လေ၊ အခုတော့ မကွဲသေးဘူးပေါ့၊ ဒါပေမယ့် မကြာခင် ကွဲတော့မှာ၊ ရှေ့မီးနဲ့နောက်မီး ဘယ် ဟာ အရင်ကွဲဖို့ရှိလဲ"

"အားလုံးက ဘက်(ခ်)ဂီယာ သမားချည်းပဲမို့ ကွဲချင်းကွဲရင် နောက် မီးပဲကွဲဖို့ရှိတယ်၊ အဟင့်"





"သူကရော ဘက်(ခ်)ဆုတ်နေပြီလား"

"ကိုယ်ကတော့ ဘယ်ဆုတ်ချင်မှာလဲ၊ သူတို့က ဆုတ်အောင် လာလုပ်နေတာဆို၊ အဟင့် အဟင့် မသိသေးဘူးလေ၊ ဘက်(ခ်)ဆုတ် ရင် ဆုတ်သွားမှာပေါ့၊ အဟင့် သူတို့က နောက်ကြောင်းပြန်ဖို့ချည်း တွန်းအားပေးနေတာကို၊ အဟင့် အဟင့်"

မင်းထက် ပြောရင်း ပြောရင်း ပိုငိုချင်နေမိသည်။

"အဲဒါကြောင့်ပြောတာ၊ ဈေးသာတိုးတောင်းထားလိုက်၊ နောက်မီးက ကွဲမှာသေချာနေပြီပဲ၊ ဟုတ်ဘူးလား"

မင်းထက် ခေါင်းညိတ်ထောက်ခံရမှာလား၊ ခေါင်းခါပြရမှာ လား မသိနိုင်တော့။ ပြီးမှ သတိရပြီး

"အဲ အဲဒါလေ၊ နောက်မီးလေးမကွဲအောင် ဘယ်လိုလုပ်ရင် ကောင်းမလဲဟင်"

ပန်းဆုက မျက်မှောင်ကြုတ်စဉ်းစားသည်။ ပြီးမှ သတိရဟန် နှင့်

"အဆို့ဆို့ထားမလား"

"ဟင်"

"ရှမ်ပိန်ပုလင်းဖော့ဆို့လောက်ဆို အနေတော်မလား"

"ရှမ်ပိန်ဖော့ဆို့၊ အာ ဘာတွေလာပြောနေမှန်းမသိဘူး၊ ကြောက်ပါတယ်ဆိုနေမှ၊ ဟီး"

ပန်းဆုစကားများကို ငိုချင်လျက်လက်ဘို့ပင် ဖြစ်နေ၏။ ပန်းဆုက သူ့မေးဖျားသူ လက်နှင့်သပ် စဉ်းစားနေသည်။ အတန်ကြာ မှ လက်ဖျောက်တီးကာ

"ဟုတ်ပြီ၊ အကြံရပြီ"

မင်းတက်က ဇဝေဇဝါ မျက်လုံးအဝိုင်းသားနှင့်

"သံချပ်ကာဘောင်းဘီဝတ်မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် သံချပ်ကာဘောင်းဘီ၊ ဘယ်လိုလဲ"

"ဟိုလေ၊ သံချပ်ကာကားလို သံချပ်ကာဘောင်းဘီလေ၊ ထိပ်မှာ အမြှောက်ကလေးနဲ့"

"အမြှောက်ကလေးနဲ့၊ ဘာလုပ်ရမှာလဲ"

"ဟာ လှည့်ချိန်လို့ရတာပေါ့၊ အရှေ့လှည့်ချိန်ချိန်၊ အနောက်လှည့်ချိန်ချိန်၊ ဒိုင်းဒျောင့် ဒိုင်းဒျောင့်"

"ဟင် အဲ အဲလို"

မင်းထက် ကြောင်တောင်တောင်ဖြစ်သွားသည်။ မျက်စိထဲတွင်လဲ သံချပ်ကာဘောင်းဘီကြီးဝတ်ပြီး စစ်မြေပြင်တွင် မှောက်အိပ်နေသည်ကို မျက်စိထဲ ပြေးမြင်နေမိသည်။ အပေါ်က အမြှောက်ကြီးကလဲ ဟိုဖက်လှည့်ချိန်၊ ဒီဖက်လှည့်ချိန်နှင့်။ အတန်ကြာမှ သတိရပြီး

"ဟာ အလေးခံပြီး ဘာလို့သံချပ်ကာဘောင်းဘီဝတ်ရမှာလဲ၊ ဒီမှာ ဒုက္ခရောက်နေပါတယ်ဆိုမှ သူက တမျောင့်၊ အဟင့်"

ပန်းဆုက ဖြဲခနဲရယ်သည်။ ပြီးမှ

"အဟဲ စိတ်သက်သာအောင် ရယ်စရာပြောတာပါ"

မင်းထက်က သက်ပြင်းချရင်း

"အင်းပါ သိပါတယ်"

"ဒါပေမယ့် ဈေးတော့တိုးတောင်းနော်"

"ဟမ်"

"နောက်မီးလဲ မကွဲစေနဲ့"

"အုံ"

× × ×





"ဟယ်"

အိမ်ထဲဝင်လိုက်သည်နှင့် ထူးခြားသောအပြင်အဆင်ကို မြင်လိုက်ရ၍ အံ့အားသင့်သွားရသည်။

တစ်အိမ်လုံးကို အပြာရောင်မီးဆလိုက်များ ထွန်းညှိထားပြီး ကန်နယ်ဂျီ၏ ဆိုက်ဆိုဖုန်းတေးသွားများ လွမ်းမောဖွယ် ပျံ့လွင့်နေသည်။ အပြင်အဆင်ကြောင့် အခန်းထဲဝင်ရမှာပင် ကြက်သီးထစရာ။

အခန်းထဲကြည့်လိုက်တော့ အရာရာရှင်းလင်းနေပြီး ဧည့်ခန်းအလည်တည့်တည့်မှာမှ အနောက်တိုင်းဝတ်စုံ အပြည့်ဝတ်ထားသော ဝိုးခဲ(လ်)ကြီးနှင့် ဘိုးမိုးစက်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ခြေသံကြားသည်နှင့် ဘိုးမိုးစက်၊ ရုပ်ရှင်ထဲက မင်းသားများလို ကျောခိုင်းနေရာမှ စလိုးမိုးရှင်းနှင့်လှည့်လာပြီး

"ဘယ်ရောက်နေလဲ သမီးရယ်၊ ကိုကြီးမှာ စောင့်လိုက်ရတာ"

"ဝေါ့"

မင်းထက် အန်ထွက်မိမတတ် ဖြစ်သွားမိသည်။ လူက ဗိုးချဲလ်ကပင် မထနိုင်။ ဒါကို သူ့ကိုယ်သူ ကိုကြီးတဲ့။

"အပြင် အပြင်ခဏသွားတာပါ၊ ကိစ္စလေးရှိလို့ အဟင့်"

မင်းထက်စကားကို ဘိုးမိုးစက်မှာ သက်ပြင်းချရင်း

"ဟင်း ဒီလိုမှန်းသိရင် မှာစရာရှိတာ မှာတာပေါ့ကွယ်"

"ဘာ ဘာမှာစရာရှိလို့လဲ၊ လိုရင်ဝယ်ပေးမယ်လေ"

"လိုအပ်တဲ့ဆေးတွေပေါ့ သမီးလေးရယ်၊ ကျန်းမာရေးအတွက်ပါ"

"ဘာဆေးတွေလိုလို့လဲဟင်"

"ဆာဒူးကြီးရယ်၊ တော့(ပ်)ရိုးရယ်၊ မက်ဂျီကယ်ဖို့ဒ်ရယ်၊ ဖျံသိုလ်ရယ်၊ နောက်ပြီး"

"ဟမ်"

မင်းထက် ခြေဖျားပင် ကုတ်မိသွားသည်။ ဘိုးမိုးစက်လိုနေသည့်ဆေးက သူ့ကို ဒုက္ခပေးနိုင်သော ဆေးတွေချည်း။

"လာ လာပါဦးကွယ်၊ အခု မင်းလေးကိုမြင်တော့ မလိုတော့ပါဘူး၊ အင်း တယ်ကောင်း"

ဟိုကခေါ်နေတော့ မင်းထက် အနားကပ်သွားမိသည်။ ဘိုးမိုးစက်က သူ့ခါးကိုဖက်ရင်း

"အင်း ကိန္နရီမောင်နှံကိုလဲ ကိုယ်ချင်းစာမိရဲ့၊ ခဏလေးဝေးတာတောင် ဆွေးနေရတဲ့ဘဝ၊ အင်း တယ်ကောင်း"

မင်းထက်က အလိုက်သင့်ပင် နေလိုက်သည်။ ဒါကို ဘိုးမိုး





စက်က အထွန့်တက်ကာ

"မင်းလေးနဲ့ သီချင်းတစ်ပုဒ်လောက် က,ပါရစေကွယ်"

လူကသာ ဗိုးချဲ(လ်)ပေါ်က မထနိုင်တာ။ ရှုပိုးက ထိုးချင်သေး။ မင်းထက် ဘာမှမပြောသာတော့၊ အသာအယာပင် ဗိုးချဲ(လ်) ရွှေ့ရာနောက်လိုက်နေလိုက်သည်။ ဘိုးမိုးစက်ကလဲ သူ့အကြံနှင့်သူပင်။ ဆိုက်ဆိုဖုန်း တေးသွားနှင့် ရွှေ့လျားရင်း သူ့လက်ကလဲ တဖြည်းဖြည်း ရွှေ့လျားနေသည်။ သီချင်းအလယ်ခန့်ရောက်သောအခါ သူ၏ လိုရင်းရောက်ဟန်တူသည်။ လိုရင်းရောက်သည်နှင့် တဖြည်းဖြည်း ချင်းပွတ်သပ်ရင်း မျက်လုံးကြီးပြူးတက်သွားကာ




"ဟင် ဒါ ဒါဘာကြီးလဲ"

မင်းထက်က ပြုံးပြီး

"သံချပ်ကာဘောင်းဘီ ဝတ်ထားတာလေ"

ဘိုးမိုးစက်မျက်လုံး ပိုပြူးတက်သွားသည်။

"ဟင် သံချပ်ကာဘောင်းဘီ ဘာလို့ ဝတ်ထားတာလဲဟင်"

မင်းထက်က မူစစနှင့်



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်ကလူတွေကို စိတ်မချလို့ အဟင့်"

ဘိုးမိုးစက် အံ့သြဟန်ဖြင့် မော့ကြည့်သည်။ ပြီးနောက် ဆက်စမ်းရင်း

"ဟင် ဒီ ဒီရှည်မျောမျောကြီးက"

"အဲဒါ သံချပ်ကာပေါ်ကအမြောက်၊ ပစ်လို့ရတယ်၊ ဒိုင်းညောင့် ဒိုင်းညောင့်"

"အမြောက် အမြောက် ကြီးလှချည်လား"

"ဪ သံချပ်ကာပေါ်က အမြောက်ပါဆို ကြီးမှာပေါ့လို့ အဟင့်"

"ဟင် ဟင် ဒါ ဒါဆို"

ဘိုးမိုးစက် စကားပင် ဗလုံးဗထွေးဖြစ်သွားသည်။ နောက်တံတွေးမြိုချရင်း

"ဒါ ဒါဖြင့် သော့ခလောက်ရော"

"ရှိတယ်"

ဘိုးမိုးစက် မင်းထက်ကို မော့ကြည့်သည်။ မင်းထက်က ပြုံးချင်း

"အမြောက်အောက်နားမှာ သော့ခလောက်တွဲတွဲလေး"

"အမ်"

ဘိုးမိုးစက် မယုံနိုင်အောင် ဖြစ်သွားရသည်။ နောက်မှကတုန်ကယင်နှင့်

"ဒါဖြင့် ဒီသံချပ်ကာဘောင်းဘီကိုဖွင့်ဖို့ သော့ကရော"

"မျိုချလိုက်ပြီ"

"အမ်"

"သူများရှာတွေ့ရင် အိပ်နေတုန်း လာဖွင့်မှာစိုးလို့ပါ၊ အဟီမြို မြိုချထားတာ"





"ဟင်"

ဘိုးမိုးစက် တွေဝေသွားသည်။ နောက် ခေါင်းကုတ်ရင်း

"ဒီအိမ်ကလူတွေကိုကြောက်လို့ သံချပ်ကာဘောင်းဘီဝတ်ထားတယ်"

"ဟုတ်ပ"

မင်းထက်က အပိုင်ပြောသည်။ ဒါကို ဘိုးမိုးစက်က မျက်မှောင်ကြုတ်ရင်း

"အဲဒီသံချပ်ကာဘောင်းဘီကို မသေချာမှာစိုးလို့ သော့ခတ်ထားတယ်"

"ဟုတ်တယ်"

"သော့ခလောက်က အတွဲလေး"

"မှန်"

မင်းထက်က ဟုတ်ကြောင်းမှန်ကြောင်း သိသာစေရန် ခေါင်းညိတ်ထောက်ခံသည်။ ဘိုးမိုးစက်က လက်ညှိုးကိုဝိုင်းရင်း

"အဲဒီသော့ကို သူများရှာတွေ့မှာစိုးလို့ မျိုချထားတယ်"

"အစစ်"

ဘိုးမိုးစက် လက်ညှိုးကို လေထဲထပ်ဝိုင်းရင်း

"ဒါ ဒါဆို အင်အင်းပါတော့ ဘယ်လိုလုပ်မလဲ"

"သော့ကိုပြန်ထုတ်ပြီး သော့ခလောက်ဖွင့်ပါမှာပေါ့"

"သော့တံက မင်းမျိုချထားတာလေ"

"အေးလေ အင်အင်းပါပြီးသော့ကိုထုတ်၊ ထုတ်၊ အား"

ဒီတစ်ခါ အလန့်တကြားအော်မိသူက မင်းထက်။ ပြီးမှ သူ့ဘာသာသူ ပြန်စဉ်းစားမိပြီး အလန့်တကြားဖြင့်

"အား"

အာခေါင်ခြစ်အော်သံ။ သူအော်လဲအော်ချင်စရာ။



www.burmeseclassic.com

www.burmeseclassic.com



လုံခြုံအောင် သံချပ်ကာဘောင်းဘီဝတ်ထားတယ်။ ပိုသေချာအောင် ဘောင်းဘီမှာ သော့ခလောက်လေးခတ်ထားတယ်။ ပိုပြီးသေချာအောင် ဘယ်သူမှမဖွင့်နိုင်အောင် သော့ခလောက်မျိုချလိုက်တယ်ဆိုတော့ သော့ထုတ်ဖို့က အင်အင်းပါရမှာ။ အင်အင်းပါဖို့က သော့ခတ်ထားတယ်။ သော့က ဗိုက်ထဲမှာ။

"အား"

"အား"

"အား"

မင်းထက် ကြောက်လန့်တကြားအော်ရင်း ကယောင်ကတမ်းနှင့် အိမ်ပေါ်ထပ်ပြေးတက်ရင်း

"ကျွန်တော်ရှုံးပြီ၊ ကျွန်တော်ရှုံးပြီ အား"

သော့ခလောက်သံ တချွင်ချွင်နှင့်။

× × ×





တင်ပါးမှာ ထင်ရှားစွာ ဝရိန်ဆော်ရာဗရပွနှင့် မထိုင်နိုင်၊ မထနိုင် ကွတတနှင့် မင်းထက်ပြန်ရောက်လာသည်။ မိုးထက်က ထဘီတမမ၊ ခြေတကွကွနှင့် မင်းထက်ကိုကြည့်သည်။ မင်းထက်ပုံက ရုတ်တရက်ကြည့်လျှင် မိန်းမပျိုတစ်ဦး အခင်းကြီးအလွန်သွားချင်နေတုန်း နေရာရှာမရသည့်ပုံမျိုး။ ထဘီကို မ,၍ မျက်နှာကို ရှုံ့မဲ့ထားသည်။ ဒီကြားထဲ သော့ပြန်ထုတ်တုန်း ဝမ်းနုတ်ဆေးစားထား၍ လူက မျော့နေသေး။

"မင်းလဲ ကိုယ်ချင်းစာပါ မိုးထက်ရယ်၊ ငါ့မှာလဲ အိတ်ပိတ်တင်ဒါ ခေါ်သလို အခေါ်ခံနေရတဲ့ဘဝ"

မိုးထက်က သက်ပြင်းချရင်း



www.burmeseclassic.com

www.burmeseclassic.com



"အိတ်က မင်းဘာသာမင်း ပိတ်တာပါကွာ၊ လူထုဆန္ဒမပါပါဘူး"

"လူထုဆန္ဒစောင့်ရင် ပွင့်ကုန်မှာပေါ့ကွ၊ လူထုက အစကတည်းက အမြဲတွေ၊ မပိတ်လို့ရမလား၊ အဟင့် နေ့မြင်မြင် ညမြင်မြင် တွေ့ကရာလူ ဂွင်ဆင်နေတဲ့ဟာကို၊ ဟီး ငါ့မှာ ရမယ့်ငွေက ဘာမှန်းမသိသေးဘူး၊ မာကင်တွေသာ ဟိုးလာတာ ဟီး"

မင်းထက်မှာ ဘာပြောပြော ငိုချင်လျက် လက်တို့ဖြစ်နေသည်။ မိုးထက်က မင်းထက်ကို ကြည့်ပြီး

"ဈေးတိုးပေးထားတာပဲကွာ၊ ကျေနပ်သင့်ပါတယ်၊ အမှန်တော့ လက်ကိုင်များလာရင် ဈေးလျှော့ရမယ့်ဟာ၊ မင်းတစ်ယောက်ပဲ လက်ကိုင်များပြီး ဈေးတက်တာ လူမပြောနဲ့၊ မော်တော်ကားမှာတောင် ဒါမျိုးမရှိဘူး၊ ဂုဏ်ယူလိုက်စမ်းပါ"

"ဘာလို့ဂုဏ်ယူရမှာလဲ၊ ဈေးသာတက်လာတာ၊ ဖရိမ်က ဒဏ်ရာနည်းတာမဟုတ်ဘူး၊ အဟင့် ဒီမှာကြည့်ပါလား၊ ဘယ်လိုနေနေရတာလဲလို့"

"အေးပါကွာ၊ ငါဆေးထည့်ပေးပါ့မယ်၊ ဟီဟိ"

"ဟော့ကောင် မင်း မင်းအကြံ ငါသိတယ်နော်"

"သိရင်လဲ မှိန်းနေကွာ"

"ဘာလို့မှိန်းနေရမှာလဲကွ"

"ဩော် မှိန်းတာ ဘာခက်လို့ မျက်လုံးလေးမှိတ်ပြီး ငြိမ်နေလိုက်ရင် ပြီးပြီဟာကို မှိန်းနေ မှိန်းနေ"

"အာ ဟော့ကောင် မမှိန်းဘူးဆိုနေမှ"

"ကြိုက်ဈေးပြောပြီးရင် မှိန်းနေ"

"မှိန်းဘူးနော် ဟော့ကောင် မမှိန်းဘူး"

အရေးထဲ အနီးဆုံးရန်သူကိုလဲ ကြောက်နေရသေး။ ဒီကြား





ထဲ

"မင်းထက်ရေ မင်းထက်"

ဘိုးမိုးစက်၏ အော်ခေါ်သံ။ အလန့်တကြားဖြင့်

"ဗျာ အဲလေ ရှင်"

အဘိုးအသံကြားတော့ ဟိုကောင်လဲ တွန့်သွား၏။

"လာပါဦးကွယ်၊ ဒီမှာ အကြောလေးထောင်၊ အဲလေ ဇက်ကြောလေး ထိုးလို့၊ အင်း တယ်ကောင်း"

မင်းထက်စိတ်ပျက်သွား၏။ အကြောနှယ် ထောင်ပေမပေါ့။ အရွယ်က အိုကြီးအိုမ၊ သောက်လိုက်မှုဖြင့် အိုကြီးအိုမဆေးတွေချည်း။

သို့သော် မတတ်နိုင်။ ဒီတစ်ရန်က ဝေးအောင် ရှောင်ရမည်မို့

"လာပါပြီရှင်၊ လာပါပြီ"


ဆိုကာ အခန်းထဲကပြေးအထွက်၊

"ဟာ အမေ့"

ဖျတ်ခနဲ ထိုးခံလိုက်သော ခြေထောက်တစ်ခု။

"ဟာ ဟာ လုပ် လုပ်ကြပါဦး"

မင်းထက် ယိုင်အလဲတွင် ဆီးဖမ်းလိုက်သော လူတစ်ယောက်။






www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ထိုသူ့ရင်ခွင်ထဲ လိမ့်အကျ။ ကြည့်လိုက်တော့ ဦးမိုးသက်။ ပြုံးဖြီးဖြီး မျက်နှာကြီးနှင့်

"တော်သေးတာပေါ့ မင်းလေးရယ်၊ ကိုကြီးလက်မြန်လို့"

"ဟမ် ဘယ် ဘယ်လို"

လက်က တကယ်မြန်ပါသည်။ သုံးစက္ကန့်လောက်အတွင်း နေရာစုံရောက်သည့်အပြင် ထဘီပါ မ,ပြီးနေပြီ။

"ဟင် ဟင် အဲလိုမလုပ်၊ အဲလိုမလုပ်"

မင်းထက် တားနေစဉ်မှာပင်

"အဖေ"

"ဟာ"

ထိုအသံကြားတော့ ဦးမိုးသက် လန့်ပြီး မင်းထက်ကို ပွေ့ထားရာမှ ပစ်ချလိုက်သည်။

"ဒုန်း"

"အား သေပါပြီ၊ မြီးညှောင့်ရိုးတော့ ကျိုးပါပြီ"

မင်းထက်မှာ နဂိုဒဏ်ရာပရပွန်နှင့်မို့ ကုန်းရုန်းထရသည်။ ကြည့်လိုက်တော့ ယောက်ျားလျှာမိုးမြတ်။ သူမက ခပ်တည်တည်ခါး ထောက်၍ တစ်လှမ်းချင်းလျှောက်လာရင်း

"နေ့တိုင်း နေ့တိုင်း အဖေတို့အလှည့်ချည်းပဲလား၊ မောင့် အလှည့်၊ အဲ မြတ်အလှည့်က ဘယ်တော့မှ ကျမှာလဲ"

သူမအမေးကို ဦးမိုးသက်က ပြုံးဖြဲဖြဲလုပ်ရင်း

"အလှည့်ယူတာ မဟုတ်ပါဘူး၊ မင်း မင်းကလေး ချော်လဲ လို့၊ ဆီးဖမ်းထားပေးတာ နာမှာစိုးလို့"

ဦးမိုးသက်စကားကြောင့် မင်းထက် တင်းသွားပြီး

"ဘာဆီးဖမ်းလဲ၊ သူပဲ အခန်းဝမှာ ခြေကလိန်ကွပ်ပြီးတော့





အဟင့်"

ဦးမိုးသက် သွားကြီးဖြဲပြီး

"ဟဲဟဲ မတော်၊ မတော်တဆပါ၊ မင်းလေး အဲ သမီးလေး ရယ်၊ မတော်တဆပါ"

"ဘာမတော်တဆလဲ၊ မမင်းထက် ကိုမိုးထက်အခန်းထဲဝင် သွားကတည်းက အဖေချောင်းနေတာ သမီးမြင်တယ်"

"ဟမ်"

မိုးမြတ်စကားကြောင့် မင်းထက်ပင် မျက်လုံးပြူးသွားသည်။ ဒီအဘိုးကြီးလဲ လွယ်လှသည်မဟုတ်။ အိမ်သာထောင့်တုန်းက တစ်ခါ၊ ရေချိုးခန်းဝမှာ တစ်ခါ၊ ယခုတစ်ခါ။ ဘယ်အချိန်ကတည်းက ဘယ်လို လိုက်ချောင်းနေသည်မသိရ။ ထို့ကြောင့် လန့်ပြီး

"ဟင် တကယ် တကယ်လိုက်ချောင်းနေတာ"

မင်းထက်အမေးကို ဦးမိုးသက် ဖြဲခနဲရယ်ပြီး

"ဟီး ဝါသနာအရပါကွယ်၊ ဟီးဟီး ကြုံလို့ ဖြစ်သလိုလေး ချောင်းမိတာ ဟီးဟီး"

မင်းထက် မျက်လုံးတွေလည်ပြီး လဲကျမလိုပင် ဖြစ်သွား သည်။ သူ၏ အန္တရာယ်ဇုံက တဖြည်းဖြည်းကြီးလာပြီကို။

"အဲဒါ အဖေတို့ အလှည့်ချည်းပဲ လုပ်မနေနဲ့၊ သမီးအလှည့်လဲ"

သူ့စကားမဆုံးလိုက်။ ကြားလိုက်ရသောအသံက

"အခုတော့ အဘိုးအလှည့်ပါကွယ်"

"ဟမ်"

တုန်ယင်စွာပေါ်ထွက်လာသော အသံကြောင့် အားလုံး မျက်လုံးပြူးသွားသည်။ ကြည့်လိုက်တော့ အိမ်အောက်ထပ်မှာ ဗိုးလ် ချဲကြီးနှင့် ဦးမိုးစက်။ သူက သူ့ရင်ဘတ်လေး သူဖိပြီ

"သေကာနီးလူမမာကို ဦးစားပေးကြပါကွယ်၊ အပြင်ထွက်မရှာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့လို့ ခွင်ဆင်ပြီး အိမ်ထဲထောင်ဖမ်းရတဲ့ ဟောဒီအဘိုးအိုကို ဦးစားပေးသင့်ပါတယ်၊ ကဲ အချိန်ရှိတုန်းလေး လာပါသမီးလေးရယ်၊ အင်း တယ်ကောင်း"

မင်းထက်မှာ ပြေးစရာမြေမရှိ။ အနောက်ကြည့်တော့လဲ သူငယ်ချင်းမိုးထက်။ သူကအစ စိတ်မချရ။ ညာဖက်မှာက ဦးမိုးသက်။ သူနှင့်ဆိုလဲ ချောင်မည်မဟုတ်။ ဘယ်ဖက်တွင်လဲ ယောကျ်ားလျှာမိုးမြတ်၊ သူ့ကိုလဲ လျှော့တွက်၍မရ။ တော်ကြာ အတုကြီးနှင့် ဆော်လွှတ်လိုက်မှဖြင့် ယောင်ကိုင်းသွားမည်။

အရှေ့ကြည့်တော့ ယခုမှ ဘူးသည်မဟုတ်။ ငယ်စဉ်ကတည်းက ဘူးခဲ့သော ငယ်ဖြူနွာဘူးကြီး ဘိုးမိုးစက်။

မင်းထက် သက်ပြင်းချလိုက်သည်။ အားလုံး စိတ်မချရသူချည်းဖြစ်သော်ငြား မသန်မစွမ်းကို ရွေးချယ်ခြင်းက ကိုယ့်အတွက် ပိုစိတ်ချရမည်ဖြစ်၍ အရှေ့ကိုသာ မလှမ်းချင်လှမ်းချင်နှင့် လှမ်းလိုက်ရလေတော့၏။

× × ×





"ဂစ်"

ဘိုးမိုးစက်ပါးစပ်မှ ထွက်လာသောအသံ။ အကြောင်းမှာ မင်းထက်နှိပ်ပေးနေရာမှ အမြင်ကတ်၍ လည်စိညှစ်လိုက်ခြင်းဖြစ်သည်။

ဘိုးမိုးစက်မှာ ပြုံးပြုံးနှင့် ခေါင်းကိုလှည့်ရင်း

"အင်း မင်းကလေး အဲလိုလည်မျိုညှစ်လိုက်တာကိုက တစ်ယောက်သောသူနဲ့ တူနေပြန်ပါရောလား၊ အင်း တယ်ကောင်း"

သြော် အမြင်ကတ်လို့ လည်မျိုညှစ်တာတောင် တစ်ယောက်သောသူနှင့် တူရသေး။ မင်းထက်က လည်စိကိုထပ်စမ်းရင်း

"ဆိုပါဦး အဘိုးရဲ့၊ ဘယ်သူနဲ့ တူရပြန်တာလဲ"

ဘိုးမိုးစက်မျက်လုံးများ မှိုင်းဝေသွားပြီး

"ဂျပန်ခေတ်ကပေါ့ကွယ်"

လာပြန်ပြီ ဂျပန်ခေတ်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ဗုံးကြဲလေယာဉ်များ လာတော့မည်ဖြစ်ကြောင်း ဥသြဆွဲပြီး သိပ်မကြာခင်မှာပင် ဟင်းစားအတွက် ငါးမျှားနေသော လူပျိုပေါက်ကလေးမောင်မိုးစက် ပုန်းနေကျ ဗုံးခိုကျင်းကို အပြင်းအထန်ပြေးသွားသည်။

သို့သော် မမီတော့။ ပုန်းနေကျ ဗုံးခိုကျင်းဆီ မရောက်မီမှာပင် ဗုံးကြဲလေယာဉ်နှစ်စင်း(ကျွဲနှစ်ကောင်)ခေါင်းပေါ်မှ ဖြတ်သွားပြီး နေရာအနှံ့ ဗုံးကြဲသံများ တဝုန်းဝုန်း ကြားရသည်။

အနီးနားတွင် ထပေါက်သော ဗုံးသံများ တဝုန်းဝုန်းနှင့် နားကွဲမတတ်။ ဒီအတိုင်းဆို မိသားစုနှင့်အတူပုန်းနေကျ ဗုံးခိုကျင်းသို့ မရောက်နိုင်တော့။ မြေပြင်ပေါ် ဒီအတိုင်းရှိနေလျှင်လည်း ကြဲဗုံး





သို့မဟုတ် စက်သေနတ်ဒဏ်ရာဖြင့် သေဖွယ်ရာသာရှိတော့သည်။

ထို့ကြောင့် ကြဲချနေသော ဗုံးများကြားပြေးလွှားရင်း အရင်တစ်ခါက အမည်မသိ၊ မမှတ်မိသော အမျိုးသမီးငယ်နှင့် နှစ်ကိုယ်တူချစ်ရည်လူး ပုန်းခဲ့သော ဗုံးခိုကျင်းကိုမြင်၍ ဝမ်းသာသွားသည်။

သေနတ်များ ဗုံးများကြဲနေသည့် အန္တရာယ်ကြားက ဝမ်းသာသွားသေး၏။

"ဟီဟိ ဟိုတစ်ခါလို သူကလေးနဲ့တွေ့ရင် ပွဲသိမ်းပြန်ပြီ"

ဟုတွေးပြီး ထိုဗုံးခိုကျင်းသို့ ဒိုင်ဗင်ထိုးပစ်ဝင်လိုက်ရာ

"အမေ့"

"ဟာ"

အတွင်းမှကြားရသော အသံနှစ်ခု။ လူက တစ်ဝက်တစ်ပျက်နှင့် တစ်နေသည်။ မှောင်နှင့်မဲမဲမို့ ဘာကိုမှလဲ သဲကွဲစွာမမြင်ရ။ သို့သော် ကြားလိုက်ရသောအသံက

"ဟေ့ကောင် ဘယ်ကကောင်လဲ၊ ဘာဝင်လုပ်တာလဲ၊ ဒီမှာဇာတ်လမ်းကောင်းနေတုန်း၊ မင်းဘာလာဝင်ရှုပ်တာလဲ၊ ထွက်သွားစမ်း"

ယောကျ်ားကြီးတစ်ယောက်၏ အော်ဟစ်သံနှင့်အတူ ခြေဖြင့် နောက်ပြန်လှမ်းခတ်နေ၍ လွတ်အောင်မနည်းရှောင်လိုက်ရသည်။ စိတ်ထဲတွင်လဲ

"သြော် ဘယ်တော့မှ မအားတော့တဲ့ကျင်း၊ ဗုံးမကြဲခင်ကတည်းက လာထိုင်စောင့်နေရမလိုပါလား"

ဟုတွေးပြီး နှမြောတသစွာကြည့်ရင်း ဗုံးသံတဝုန်းဝုန်းကြားမှ အသက်လု၍ ပြန်ပြေးရပြန်လေသည်။ တစ်နေရာအရောက်တွင်မူ တစ်ကိုယ်စာ ဗုံးခိုကျင်းကို ထပ်မြင်၍ ဝမ်းသာအားရ ပြေးဝင်းလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျင်းထဲရောက်သည်နှင့် ခေါင်းပင်မဖော်ရတော့။ အပြင်မှာတော့ ကြောက်လန့်တကြား ပြေးလွှားသံ၊ ဗုံးသံ၊ သေနတ်သံများ။

မိုးစက် ခေါင်းပင်မဖော်ရဲတော့။ ကြောက်လန့်တကြားနှင့် မှောင်မဲမဲ ကျင်းလေးထဲ ကုပ်နေမိသည်။

သူ ကြောက်လန့်နေတုန်းမှာပင် သူ့ဗုံးခိုကျင်းထဲ ပြေးဝင်လာသောအရိပ်တစ်ခု။

"ဟင်"

ကြည့်လိုက်တော့ တုန်ယင်စွာကြောက်ရွံ့နေသော မိန်းကလေးတစ်ဦး။

သူ့ခမျာ ပြေးလွှားလာရသည်မို့ ဆံပင်များ ဖရိုဖရဲနှင့် ချွေးသံတွေရွှဲလို့။ ဗုံးခိုကျင်းက ခပ်နိမ့်နိမ့်မှောင်မဲမဲမို့ ဘာမှမသဲကွဲ။

"ကြောက် ကြောက်နေလားဟင်"

သူ့နှုတ်ဖျားမှ ဗလုံးဗထွေး ထွက်ကျလာသော စကားသံ။ မိန်းကလေးက ကတုန်ကယင် ခေါင်းညိတ်ပြသည်။

မိုးစက် ချက်ချင်း ထကမိမတတ် ဝမ်းသာသွားသည်။ ဒါမျိုးက အရင်တစ်ခါလဲ ကြုံဖူးနေမှကိုး။ ထို့ကြောင့်

"ဒါ ဒါဖြင့် ကိုယ်ဖက်ထားပေးမယ်နော်"

ယခင်တစ်ခေါက် သီအိုရီ။ မိန်းကလေးက ဘာမှမပြော။ သူ ကုန်းရုန်းထပြီး ယခင်အကွက်အတိုင်း ဝမ်းသာအားရ ထဖက်လိုက်စဉ်

"ဂစ်"

သူ့လည်မျိုကို ကျလာသောလက်တစ်ဖက်။ ပြီးနောက် ကြားရသော စကားသံက

"ဟင် အပြင်မှာ ဗုံးကြဲလို့ ကြောက်ရတာကတစ်မျိုး၊ ဗုံးခိုကျင်းထဲ ဝင်တော့လဲ၊ လက်နက်ပြင်ပြီး စောင့်နေတဲ့လူကတစ်မျိုး၊





ဟင် ဗိုက်ကြီးသည်တောင် မရှောင်တဲ့ကောင်၊ ကဲဟာ ကဲဟာ"

"ဖြန်း ဖြန်း"

လည်စိကို လက်တစ်ဖက်နှင့် ကုတ်ပြီး ပါးပြင်ပေါ် ကျလာသော လက်ကြမ်း။

"ဒီလိုဗုံးခိုကျင်းထဲဝင်မယ့်အစား ဗုံးကြားထဲပဲ နေတော့မယ် သွားပြီ"

ဆိုကာ ထပြေးတော့

"ဟော့ ဟော့"

မိုးစက် ဆကြည့်တော့ ဗိုက်ကြီးတကားကားနှင့် ဗုံးကြားပြေးလွှားသွားသော မိန်းကလေးတစ်ယောက်။

"ဟာ သွားပြီ၊ သွားပြီ"

အပြင်မှာ ဗုံးသံ၊ သေနတ်သံများ ကြားရဆဲ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ဘိုးမိုးစက် လွမ်းဆွတ်စွာ သူ့လည်စီကိုသူ ပြန်စမ်းနေသည်။

မင်းထက်က သူ့ကိုကြည့်ရင်း

"ဩော် ဂျပန်ခေတ်ကတည်းက လုပ်စားလာတဲ့လူကြီး"

ဟု စိတ်ထဲရေရွတ်ကာ ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေမိသည်။

စဉ်းစားကြည့်လေ၊ ဂျပန်ခေတ်မှာ ဗိုက်ကြီးသည်က လည်စီကစ်ပြီး ပါးချသွားတာတောင် ရှာကြံပြီး လွမ်းနေသေး။

"ဒီလိုလူမျိုးတော့ ရှားပ့ါ"

အံ့ဩလွန်းမက အံ့ဩနေမိသည်။ နောက်မှ သတိရပြီး

"ဒါနဲ့ အဘိုးက သူ့ကို ပြန်မရှာဘူးလား"





ဘိုးမိုးစက် သက်ပြင်းချရင်း

"ဘယ်နေပ့ါမလဲကွယ်၊ ရှာတာပေ့ါ"

"တွေ့ တွေ့ခဲ့လားဟင်"

မင်းထက်က သိချင်စိတ်ဖြင့်မေးသည်။ ဘိုးမိုးစက် ခေါင်းကို ဖြည်းညင်းစွာယမ်းရင်း

"မတွေ့တော့ပါဘူးကွယ်"

"ဘာလို့"

"သူ့ခမျာလဲ စစ်အတွင်းပြီးတာနဲ့ မီးတွင်းထဲ ပြန်ရောက်သွားတယ်နဲ့ တူပါတယ်၊ ဘယ်လိုမှ ပြန်ရှာလို့ မတွေ့တော့ပါဘူး"

ဩော် ကိုယ့်ကို လည်စီကစ်ပြီး ပါးချသွားတဲ့ ဗိုက်ကြီးသည်ကိုတောင် ပြန်ရှာသေးတယ်ဆိုတော့ သူ့ရဲ့ တဏှာအင်အားကို စဉ်းစားသာကြည့်၊ ရာဂနှင့်ပတ်သက်၍ ဂင်းနစ်ပေးလျှင် ဒီအဘိုးကြီးရမှာမလွဲ။

"ကဲ ကဲ ပြောရတာလဲ အာညောင်းပြီ၊ ခုတင်ပေါ် တက်ကြစို့"

"ဆင်"

မထင်မှတ်သောစကားကြောင့် မင်းထက် တွန့်ဝင်သွားသည်။ အဘိုးကြီးကြည့်တော့လဲ ပြုံးဖြီးဖြီးမျက်နှာပေးနှင့် တကယ်လုပ်မည့်ပုံ။

"အေးကွယ်၊ မျှော်လင့်ချက် တသီတသန်းနဲ့ အားဆေးတွေချည်း စွတ်စားထားတာ၊ အကြောနှယ် ငယ်ထိပ်ကစပြီး ရှိုစုမဲ့ဆံပင်ပါ ထောင်နေပါပြီကွယ်၊ အင်း တယ်ကောင်း၊ လာ ခုတင်ပေါ်တက်ကြစို့"

"ဟမ်"

မှန်ပေသည်။ ဟုတ်မဟုတ်တော့မသိ။ ရှိုစုမဲ့စု ဆံပင်အစ်ဖုတ်ပင် လူငယ်များထားသော ဝမ်းဝေးကေလို အပေါ်သို့စုထောင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

မင်းထက်လဲ ဆံပင်ကိုကြည့်၍ အသည်းယားသွားသည်။ နောက် တင်းလဲတင်းသွားပြီး

"အဘိုး"

"ဟေ"

ပြန်ထူးသံက တက်ကြွနေသည်။ မင်းထက်က ဘိုးမိုးစက် နားနားကပ်ပြီး ပြောလိုက်သည်။

"ကျွန်တော်က ယောက်ျားကြီးဗျ"

"ဟေ"

သူ့စကားကြောင့် ဘိုးမိုးစက် ကြက်သေသေသွားသည်။ ထို တော့မှ မင်းထက်လဲ စိတ်ထဲရှိသမျှ ကြိတ်ဖြေသည့်အနေဖြင့်

"ကျားအချင်းချင်းတောင် ဒီလောက်တောင်ထောင်ချင်တာ၊ ကဲဟာ သွားမှောက်အိပ်ချည်"

ဟုဆိုကာ ဝှီးချဲ(လ်)ကိုလှည့်၍ အခန်းထဲ ဆောင့်ကန်သွင်း လိုက်လေရာ

"ဟ ဟ လုပ်ကြပါဦး ဟ အား"

ဆိုကာ ခုတင်ပေါ် ကားယားကြီး မှောက်ကျသွားလေတော့ သည်။

× × ×





ပန်းခြံထဲ လူရှင်းနေသည်။

နှစ်ယောက်တွဲထိုင်နေသော ခုံတန်းကလေးပေါ် မင်းထက် နှင့် ချစ်သူပန်းဆုတို့ ထိုင်နေသည်။

"အဲဒါပဲ ပန်းဆုရယ်၊ စကားပုံထဲကလိုတောင် မဟုတ်တော့ ဘူး၊ ကိုယ့်ဘဝက ရှေ့တိုးလည်း လှည်းတုတ်၊ နောက်ဆုတ်လဲ ဒီလှည်း တုတ်၊ ဘေးဘယ်ညာမှာလဲ လှည်းတုတ်တွေချည်းပါပဲ၊ ရှင်းရှင်းပြော ရရင် ကိုယ့်ဘဝက တုတ်ပတ်လည် အဝိုင်းခံထားရတဲ့ ဘဝပါကွယ်၊ အဟင့် မပြောမဖြစ်လို့သာ ပြောချလိုက်ရတာ"

မင်းထက်က ပြောရင်း မျက်ရည်ဝိုင်းသည်။ ဒါကို ပန်းဆုက မင်းထက်၏လက်မောင်းကိုကိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရယ်၊ ဘာတွေအားငယ်နေတာလဲ၊ တုတ်တွေဝိုင်းနေတော့ ဘာဖြစ်လဲ၊ တစ်ချောင်းကို နှစ်သောင်းခွဲကျော်တောင် ရနေတာပဲ၊ ဒီထက်ပိုဝိုင်းနေရင် ဈေးတောင် ပိုရဦးမယ်၊ လှည်းတုတ်ပြောတာနော်"

မင်းထက် တင်းသွားသည်။ ထို့ကြောင့် ဆွဲထားသောလက်ကို ဖယ်ချပြီး

"တစ်ချောင်း နှစ်သောင်းခွဲ ဟုတ်လား၊ ကိုယ်ချင်းမစာ ပြောရက်လိုက်တာ၊ နင်လိုချင် နင် အဲလို အဝိုင်းခံပါလား၊ ယောကျ်ားအချင်းချင်း အဝိုင်းခံရတာ ဘယ်လောက်ဒုက္ခရောက်တယ်မှတ်လဲ၊ ဒီကြားထဲ တုတ်ပျော့က တမောင့်၊ လှည်းတုတ်ပြောပါတယ်"

သူ့စကားကို ပန်းဆုက ဒေါသထွက်သွားဟန်နှင့် ခါးထောက်ပြီး

"ယောကျ်ားနဲ့မိန်းမ တူလို့လား၊ လူကို ဘယ်အစားမှတ်နေလဲ၊ ပါးချလိုက်ရ မကောင်းရှိရော့မယ်"

ဩော် သူ့ကျတော့ နာတတ်လိုက်တာ။ မင်းထက်လဲ မနေနိုင်တော့။

"အေး ယောကျ်ားလဲ ဒီအချိန် သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်တတ်တာပဲ၊ အခုဟာက အန္တရာယ်ဝိုင်းနေလို့ ပြောရတာ၊ လူကို ဘယ်အစားများမှတ်နေလဲ၊ ခေါ်တိုင်းလိုက်တဲ့ အစားထဲက မှတ်နေလားဟင်း"

မင်းထက်လဲ မိန်းမလို နေပါများတော့ အလိုလိုနေရင်း မိန်းမဟန်ပေါက်နေသည်။ ဒါကို ပန်းဆုက ဖြဲခနဲ ရယ်ပြီး

"မောင်က အဲဒါမျိုးကျ ချစ်စရာလေး၊ အဲဒါကြောင့် ဟိုက တစ်အိမ်လုံး ဝိုင်းကြဲကြတာဖြစ်မယ်"

"အေး အခုတော့ ဝိုင်းကြဲတုန်း၊ တော်ကြာ အားလုံးပေါင်းကြဲမှဖြင့် ပွင့်ချိန်မတန်ဘဲ ပွင့်နေရဦးမယ်၊ ဟင်း"

သူ့စကားအဆုံးတွင် ပန်းဆုက သူ့ပခုံးကို ခေါင်းမှီလိုက်ပြီး

"စိတ်မချရင်လဲ ကျပ်ပြားလေးမျိုသင့်မျိုထားပေါ့ မောင်ရယ်၊ သိပ်မကြာတော့ပါဘူး၊ ပိုက်ဆံတွေရလာရင် မောင်နဲ့ပန်းဆု ဘဝတစ်ခု ထူထောင်ရတော့မှာပေါ့"

မင်းထက် သက်ပြင်းချမိသည်။ မှန်ပေသည်။ တစ်သက်လုံးတစ်ခါကမှ ပိုက်ဆံမရှာခဲ့ဖူးသောမင်းထက်။ ချစ်သူနှင့်ချိန်းတွေ့မည်ဆိုလျှင်တောင် ငွေမရှိလို့ လူမြင်သူမြင်ဆိုင်မှာ မထိုင်နိုင်ဘဲ မမြင်ကွယ်ရာသာ သွားနေရသော သူ့ဘဝ။ ဒီအလုပ်က ငွေရမှ သူ့ဘဝအဆင်ပြေမှာကိုး။ ထို့ကြောင့် စိတ်ကိုလျှော့ရင်း ချစ်သူ၏ဆံနွယ်စကို သပ်ကာ

"မောင်နဲ့ဝေးနေတုန်း မလွမ်းဘူးလားဟင်"

ပန်းဆုက သူ့ကို ရှွန်းလဲ့စွာ ပြန်မော့ကြည့်ရင်း

"လွမ်းတာပေါ့ မောင်ရယ်"

ခေါင်းကို သူ့ပခုံးပြန်မှီချကာ

"မောင်မရှိတုန်း မောင်ဝတ်သွားတဲ့ ပန်းဆုစီလီကွန်တွေကို သိပ်လွမ်းတာပဲ"

"ဂွစ္စာမ"

စိတ်ထဲ ထမအော်မိအောင် မနည်းထိန်းလိုက်ရလေတော့သည်။ သူ့ကိစ္စ အဘိုးကြီးသိသွားပြီဆိုတော့ ပြဿနာ ဘယ်လိုဆက်ဖြစ်မည်မသိ။ သက်ပြင်းသာ ချလိုက်မိသည်။

× × ×







www.burmeseclassic.com

www.burmeseclassic.com



အိမ်၏ဧည့်ခန်းထဲ လူစုံနေပေပြီ။

လူအားလုံး နေရာစုံထိုင်နေကြသော်လည်း ဘိုးမိုးစက်ကတော့ ဝှီးချဲလ်ပေါ်က မဆင်းနိုင်သေး။

မသောက်သင့်သောဆေးများကို အလုပ်မရှိအလုပ်ရှာ ထိုင်သောက်နေ၍ ကျန်းမာရေးကပဲ ပိုဆိုးလာလား။ ဒါမှမဟုတ် နဂိုအခံရောဂါများကြောင့်ပဲ ကျန်းမာရေးက ပိုယိုယွင်းလာလားမပြောတတ်။ ဝှီးချဲလ်ပေါ်မှတစ်ဆင့် အကြောပိုက်များ ပိုက်ကြီးပိုက်ငယ် ပြန်လည်သွယ်သွင်းထားရသည်။ အသက်ရှူသံယဲ့ယဲ့၊ စကားသံယဲ့ယဲ့မို့ မနည်းအားစိုက်နေရလေသည်။

"အဘိုးဆုံးဖြတ်ပြီးပါပြီ"





မင်းထက်အပါအဝင် အားလုံးသောအိမ်သားများက သူ့စကားကို နားစိုက်နေကြသည်။ နံဘေးနားမှာလဲ သူခေါ်ယူထားသောရှေ့နေပါရှိနေ၍ အားလုံးထူးဆန်းနေကြသည်။ မင်းထက်က သူ့ကိစ္စကို ဖွင့်ချတော့မည်ထင်၍ ရင်တထိတ်ထိတ်။

"အဘိုးလဲ အသက်ကြီးပြီ၊ နောက်ဆုံးနေ့လဲ နီးပြီဆိုတာသိလိုက်ပါပါပြီ၊ အဟွတ် အဟွတ်"

ကျန်းမာရေးက တကယ်ကို ချွတ်ယွင်းလာ၍ ဤဆွေးနွေးပွဲပြီးသည်နှင့် ဆေးရုံကို တန်းသွားဖို့ စီစဉ်ထား၏။ သူ့ကိုယ်သူ သိသည့်သဘော။ ကျန်းမာရေးက ရေစုန်မျောနေပြီမို့ ဘာအကြောမှလဲ မထောင်နိုင်တော့။

"အခု အရေးကြီးတဲ့ ဆုံးဖြတ်ချက်ကို အဘိုးချမှတ်ခဲ့ပါ့မယ်ကွယ်"

အားလုံးက သူ့ကို ငေးကြည့်နေကြသည်။ ဘိုးမိုးစက်က အားတင်းရင်း

"အဓိက အရေးကြီးဆုံးက အဘိုးဆီက ဆက်ခံကြမယ့် အမွေကိစ္စပါပဲကွယ်"

အမွေအသံကြားတော့ အားလုံးခေါင်းထောင်သွားကြသည်။ အားလုံးလိုချင်နေသည့်ကိစ္စဟာကိုး။ ထို့ကြောင့် အားလုံးမသိမသာနှင့် ဖင်ရွှေ့ဖင်ရွှေ့တိုးလာကြသည်။ မျက်လုံးများလဲ ပြောင်လက်လို့။

"ဒီဆုံးဖြတ်ချက်ကို အဘိုး အသေအချာ စဉ်းစားပြီးမှ ဆုံးဖြတ်တာပါကွယ်"

နားထောင်သူမိသားစုများမျက်လုံးက အရောင်တွေ ထွက်လာကြသည်။

"အားလုံး သာတူညီမျှဖြစ်မှာမို့ ကျေနပ်ကြမှာပါ"

တစ်ယောက်မျက်နှာတစ်ယောက် ပေစောင်းစောင်း ပြန်



www.burmeseclassic.com

ကြည့်ကြသည်။ ဘယ်သူက ပိုရနိုင်သည်ကို ခန့်မှန်းနေကြသည့်သဘော။

“အဲဒါကတော့”

ခေါင်းတွေ သိသိသာသာ ရှေ့တိုးလာကြသည်။

“ပိုင်ဆိုင်သမျှ အမွေအားလုံးကို”

လက်ဝါးတွေပွတ်ကြ။ အံတွေကြိတ်ကြ ဖြစ်ကုန်သည်။ ဘိုးမိုးစက်က အားလုံးကိုဝေ့ကြည့်ရင်း တစ်နေရာတွင် အကြည့်ရပ်ကာ

“မင်းမင်းထက်ကို လွှဲပေးလိုက်ပါတယ်”

“ဟယ်”

“ဆင်”

“ဘယ်လို”




အားလုံး မျက်လုံးတွေပြူးပြီး ငြိမ်ကုန်၏။ အံ့အားသင့်စွာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ မင်းထက်က သူထင်သလိုပင် မဟုတ်ဘဲ အမွေတွေပါ လွှဲပေးလိုက်ပြီဆိုတော့ အံ့အားသင့်ကာ ငြိမ်ကျသွားသည်။ ဘိုးမိုးစက်က

“ဟုတ်ပါတယ်၊ အမွေအားလုံးကို မင်းမင်းထက်ကို လွှဲပေးလိုက်ပါပြီ”





မင်းထက် ကိုယ့်နားပင်ကိုယ်မယုံနိုင်။ သူ့ကိစ္စကိုပင်မဖော်ဘဲ သန်းချီကုဋေချီသော အမွေအနှစ်များ လွယ်လွယ်ကူကူ ရလိုက်ပြီကိုး။ နောက်မှ သတိရပြီး

“ရဟူး”

မင်းထက် အားရဝမ်းသာ ထခုန်လိုက်သည်။ ထဘီချွတ်မကျမိစေရန် မနည်းသတိထားလိုက်ရသည်။ အလကားနေရင်း ရတနာသိုက် ပိုက်မိပြီကိုး။ သူ့ကိုကြည့်ပြီး ကျန်သည့်သူများ သတိပြန်ဝင်ကာ

“ဟာ အဘိုး အဘိုး ဘယ်လိုလုပ်တာလဲ၊ ဘယ်လိုလုပ်တာလဲ”

“အဖေ မှားပြီနော်၊ အမွေတွေကို သားမြေးမပေးဘဲ ဘာလို့”

“ဟုတ်သား၊ အဘိုး ဘာကိစ္စ သူစိမ်းကို အမွေပေးရတာလဲ၊ ဘာလို့ သူစိမ်းကို အမွေပေးရတာလဲ”

အားလုံး ပျာပျာသလဲဖြစ်ကုန်၏။ မင်းထက်က အပိုင်ရပြီမို့ တစ်ဖက်လှည့်၍ပင် မျက်နှာကို ချီထားလိုက်သည်။ ရယ်ချင်စိတ်ကို ဖုံးဖိထားသော်လဲ မရ။ စပ်ဖြဲဖြဲနှင့် သွားတွေ တစ်ပြုံတစ်မပေါ်နေရရှာ၏။ သူ့မျက်စိထဲတွင်လဲ ကြီးမားသော ငွေပုံကြီးကိုပင် မြင်ယောင်နေသေး၏။ ဟိုအဖွဲ့ကတော့ မီးခဲပေါ် တက်ထိုင်မိသူများပမာ ဂနာမငြိမ်တွေ ဖြစ်ရင်း

“ဟာ အဘိုးကလဲ အဓိပ္ပာယ်မရှိတာဗျာ”

“အေးလေ သူစိမ်းကိုမှ”

“ဒါကတော့ မဖြစ်ကို မဖြစ်နိုင်တာ”

အလိုမကျ စကားသံများကြားတော့ မင်းထက်လဲ ဒေါန်တက်

www.burmeseclassic.com



ပြီး

"ဘာအဓိပ္ပာယ်မရှိလဲ၊ ငါကြိုးစားလို့ ငါရတာ မနာလိုမဖြစ်နဲ့၊ ဒါပဲ"

"ဘာကြိုးစားလဲ၊ ဘာကြိုးစားလဲ၊ သံချပ်ကာဝတ်ပြီး ကြိုးစားတာလား"

"မစားရတဲ့ အမဲကများ"

"ဟော့ကောင် ထဘီချွတ်လိုက်စမ်းပါ"

တစ်ယောက်တစ်ပေါက် ဆူညံသံ။ ဘိုးမိုးစက် လက်ကာပြရင်း

"နေ နေကြပါဦးကွယ်၊ စကားကမဆုံးသေးပါဘူး၊ နားထောင်ကြပါဦး"

အားလုံးပြန်ငြိမ်ကုန်၏။ သို့သော် တစ်ယောက်ကိုတစ်ယောက် စွေစောင်းကြည့်ဆဲ။ မကျေနပ်ချက်များ ဖောက်ခွဲပစ်ရန် အသင့်ရှိနေပုံ။

မင်းထက်ကတော့ ဂရုမစိုက်။ မျက်နှာကိုချီရင်း အဘိုးကြီးနားသွားကာ မျက်နှာပြောင်တိုက်ရင်း

"အဘိုးညောင်းနေပြီမယ်၊ မီး ဇက်ကြောလေးဆွဲပေးပါရစေ"

ဆိုကာ ရှေ့နေဖက် မသိမသာ မျက်နှာချီရင်း

"အဲဒီလို ဂရုစိုက်တာ မှတ်နော်မှတ်"

ရှေ့နေပင် ယောင်ပြီး စာအုပ်နှင့်ထုတ်မှတ်၏။ မင်းထက်က ခပ်တည်တည် ကော့ပက်လျှောက်ရင်း ဇက်ကြောပင် ဖွဖွသွားဆွဲပေးနေလိုက်သေး၏။ ဘိုးမိုးစက်က လက်ကာရင်း

"ဒီအမွေတွေကို မင်းမင်းထက်ကလဲ ဒီအတိုင်းရမှာ မဟုတ်ပါဘူးကွယ်"

"ဟမ်"





ဇက်ကြောဆွဲပေးနေသော မင်းထက်လက် ကြောင်ပြီးရပ်သွား၏။ ကျန်သူများက စိတ်ဝင်တစား နားစိုက်နေကြသည်။

"အမွေအားလုံးကို မင်းမင်းထက်နာမည်နဲ့ လွှဲပေးခဲ့ပေမယ့် ဒီအတိုင်းတော့ မရပါဘူးကွယ်"

အားလုံးငြိမ်ပြီး နားထောင်နေမိကြသည်။

"ဒီအိမ်က လူတစ်ယောက်ယောက်နဲ့ မင်းမင်းထက် အိမ်ထောင်ပြုပြီးမှ ဒီအမွေတွေကို ထုတ်ယူခွင့်ပြုမှာပါ"

"ဆွမ်"

မင်းထက် နှုတ်ဖျားမှ ဆင်ဟုပင် ပီသအောင်မထွက်နိုင်တော့။ အားလုံး မျက်လုံးစိမ်းကြီးသုံးစုံက သူ့ထံ စိမ်းစိမ်းကြီး ကျရောက်လာ၏။ မင်းထက် ထဘီဖိရမလို၊ ရင်ဘတ်ပိတ်ရမလို ဖြစ်သွား၏။

"ဟိုလေ ဘယ်လို ဘယ်လို"

သူ့အမေးကို ဘိုးမိုးစက်က

"ဟုတ်ပါတယ် သမီးလေးရယ်၊ အမွေတွေကိုတော့ အဘိုးအလိုကျ သမီးလေးနာမည်နဲ့ လွှဲပေးလိုက်ပါတယ်"

"ပြီးပြီလေ၊ ဒါပဲပေါ့"

"မပြီးသေးပါဘူးကွယ်၊ ဒီအမျိုးနဲ့မညားရင် အဘိုးကို ပြန်မမွေးမှာစိုးလို့ ဒီအမျိုးထဲက တစ်ယောက်ယောက်နဲ့ အိမ်ထောင်ပြုမှသာ ဒီအမွေတွေကို အတူဆက်ခံခွင့်ပြုမှာပါ"

"ဟွင်"

မင်းထက် ကြောင်သွားသည်။ နောက် ထုံးစံအတိုင်း လက်ညှိုးလေး လေထဲဝဲပြီး

"မဟုတ်ဘူးလေ၊ အမွေတွေရရင် အခြားကိုယ်ကြိုက်တဲ့သူယူ"

www.burmeseclassic.com



"အဲဒါဆိုရင် သေကာနီး လူမမာဆီမှာ ငွေလိမ်လည်ရယူမှုနဲ့ တရားစွဲခံရမှာပါ"

"တရားစွဲရန်အသင့်"

ခေါ်ထားသောရှေ့နေက ထအော်သည်။ မင်းထက်တွန့်ဝင်သွားပြီး

"ဟာ ဒါ ဒါတော့မဟုတ်သေးဘူးထင်တယ်၊ ပိုက်ဆံချမ်းသာသွားရင် ကိုယ်ကြိုက်တဲ့သူကိုယ်ယူ"

"တရားအစွဲခံရမှာပါကွယ်"

"တရားစွဲရန်အသင့်၊ ယခုပင် တစ်မှု၊ ပုဒ်မ ၄၂၀ လိမ်လည်မှု၊ တိကျလျှင် ထောင်ဒဏ်သုံးနှစ်နှင့်အထက်"

ရှေ့နေက ချက်ချင်းရဲခေါ်ဖမ်းနိုင်းတော့မလိုလုပ်နေ၍ ဘိုးမိုးစက် လက်ကာပြရင်း

"နေ နေပါဦး ရှေ့နေကြီးရယ်၊ စကားလေးဆုံးမှ တရားစွဲပါ"

"ဟုတ် စွဲရန်လိုရင်ပြော၊ တရားစွဲရန်အသင့်"

ရှေ့နေကြီးပြန်ထိုင်မှ ဘိုးမိုးစက်က ဆက်၍

"ကဲ ဒီတော့ ဒီက သမီးလေးကလဲ အိမ်ထောင်မရှိသေးတဲ့အပျိုဖြစ်နေလေတော့ အဘိုးအနေနဲ့ ဆွမ်းတင်သလို တင်ခဲ့ပါတော့မယ်ကွယ်၊ ဦးသူစွန့်စားပေတော့၊ ဟောဒီကလေးမကို ရတနာသိုက်လို သဘောထားပြီး သားမြေးတို့စိတ်ကြိုက် ပယ်ပယ်နယ်နယ် တူးယူနှိုက်စားကြပေတော့၊ ဒါပါပဲကွယ်"

"ဆင်"

မင်းထက်က မျက်လုံးပြူးပြီး ထအော်သည်။ သို့သော် နောက်ကျသွားပေပြီ။ သူ့မြင်ကွင်းထဲ တိုးဝင်လာသည့် နှိုက်စားမည့် လက်ကြီးခြောက်ချောင်း။





"အဖေကိုယ်တိုင် လာပြီဟေ့"

"သားလဲလာပြီဟေ့"

"သမီးကတော့ ခွပြီဗျို့၊ အဲလေ ရှင့်"

"ဗြဲ"

"အား"

အော်သံနက်နက်။ ဘယ်နေရာပြုကျသွားမှန်း မသိတော့။

× × ×



www.burmeseclassic.com

www.burmeseclassic.com



"ဝါး"

မင်းထက်မျက်ဝန်းမှ မျက်ရည်များ ဖြူထုတ်လိုက်သလို ထွက်ကျလာ၏။ သူချစ်သူ ပန်းဆုကတော့ ထုံးစံအတိုင်း သူ့ကို ကြောင်ငေးကြည့်နေသည်။

"ဝါး စဉ်းစားကြည့်ပါဦးဗျာ၊ အမွေတွေတော့ ရပါရဲ့၊ ဒါပေမယ့် ဝါး သူတို့ထဲက တစ်ယောက်ရမှ ဒီအမွေကို ထုတ်ခွင့်ရမှာတဲ့၊ ဝါး ဆိုးလိုက်တဲ့ ငါ့ဘဝ ဝါး"

မျက်ရည်တွေက ပတစ်ပတစ်နှင့် ကန်ထွက်လာသည်။

"အို မောင်ကလဲ"

ပန်းဆုက မျက်ရည်သုတ်ပြီး နှစ်သိမ့်သည်။





"ဒါ ဝမ်းသာရမယ့်ကိစ္စကို ဘာယို့ငိုနေတာလဲ"

"ဘာဝမ်းသာရမှာလဲ၊ ဘာကိုဝမ်းသာရမှာလဲ၊ သူများလင်ရမယ့်ကိစ္စက ဝမ်းသာစရာလား"

သူ့စကားကို ပန်းဆုပြုံးရင်း

"မောင်ကလဲ ဘာလင်ရစရာရှိလဲ စဉ်းစားကြည့်ပါဦး"

မင်းထက်က ပန်းဆုကို ပြန်ကြည့်သည်။

"အဘိုးကြီးက မောင့်ကို ယောကျ်ားမှန်းလဲသိတယ်၊ ဒါကိုတောင် ဒီကိစ္စကို မဖော်ဘဲ အမွေပေးလွှဲပေးပြီး၊ သူတို့အိမ်က တစ်ယောက်ယောက်နဲ့ ပေးစားတာဆိုတော့ ဘယ်သူနဲ့ ပေးစားစရာရှိလဲ"

"မိုးမြတ်နဲ့"

မင်းထက်နှုတ်က ယောင်ပြီးထွက်သွားမိသည်။ ဒါကို ပန်းဆုက အရှေ့က စားပွဲကိုပုတ်ပြီး

"ဒါပဲ ရှိတော့တာပေါ့၊ အပိုင်ပဲ"

"ဟင်"

ပန်းဆုစကားကြောင့် မင်းထက်မျက်လုံးများပင် လည်ချင်သွား၏။ နောက်မှ သတိရပြီး ပန်းဆုကို လက်ညှိုးထိုးကာ

"ဟင် ဟင် အဲဒါကြီးနဲ့ ညားရမှာကို ပန်းဆုက မစိုးရိမ်ဘူးလားဟင်"

သူ့အမေးကို ပန်းဆုက ပြုံးပြီး

"ဘာစိုးရိမ်စရာရှိလဲ၊ စဉ်းစားကြည့်လေ၊ မိုးမြတ်က ယောကျ်ားစိတ်ပေါက်နေတာ"

"ဒီတော့"

"ဒီတော့ သူ့အနေနဲ့ ယောကျ်ားယူဆိုရင်တောင် သေတောင်ယူမှာမဟုတ်ဘူး"

"ဒါဆို"

www.burmeseclassic.com



"လွှယ်လွှယ်လေး"

"ဘယ်လို"

မင်းထက် ပန်းဆုကို ကြောင်ပြီးပြန်ကြည့်သည်။

"မိုးမြတ်နဲ့ ညှိလိုက်ရုံပဲ"

"ဘယ်လိုညှိရမှာလဲဟင်"

မင်းထက် အခုထိ ကယောင်ကတမ်းဖြစ်နေသေး၏။ ဒါကို ပန်းဆုက အံ့ရန်ကောဟူသောအကြည့်နှင့်ကြည့်ရင်း

"ဩော် မောင်ကလဲ တုံးလိုက်တာ၊ သူလဲ ယောကျ်ားမယူချင်တော့ တရားရုံးသွားပြီး လက်မှတ်ထိုး"

"ဟင် ဒါဆိုညားပြီပေါ့"

"အေးလေ ပြီးတာနဲ့ သူ့ကို ကြိုက်ဈေးတောင်းပြီး ပြန်ကွာလိုက်၊ ဒါဆို သူလဲ အမွေရ ကိုယ်လဲ လိုတဲ့ငွေရပြီပေါ့၊ မဟုတ်ဘူးလား"

"ဟား"

ပန်းဆုစကားကြောင့် မင်းထက် ထခုန်မိမတတ် ဝမ်းသာသွားသည်။ ပြီးနောက် အားရဝမ်းသာနှင့် ထခုန်ပြီး

"ဟာ ဟုတ်သား၊ မိုးမြတ်နဲ့ ဟန်ဆောင်လက်ထပ်ပြီး သူကလဲ ယောကျ်ားမလိုချင်၊ ကိုယ်ကလဲ သူ့ကိုမယူချင်လို့ ပြန်ကွာ၊ ပြီးရင် သူ့ကို အမွေပေး၊ ကိုယ်က ကြိုက်ဈေးတောင်း၊ ဟာ ဟုတ်ပ ဟုတ်ပ၊ ဒါမျိုးက တို့ချစ်သူက တော်သွားပြန်ပြီ၊ လာစမ်း ဒီလောက်တော်တဲ့ ကောင်မလေး အာဘွား"

"ဟင် မောင်ကလဲ မလုပ်ပါနဲ့"

"ဟင် ဘာဖြစ်လို့လဲ"

ပန်းဆုက ပြုံးစစလုပ်ပြီး

"နှာခေါင်းကို စီလီကွန်ထည့်ပြီးပြင်ထားတာ မကြာသေး





ဘူး၊ ပဲ့ပါသွားဦးမယ်၊ ခစ်"

ဩော် စီလီကွန် စီလီကွန်၊ တစ်ကိုယ်လုံးခုထားတဲ့အပြင် နှာခေါင်းမှာပါ ထည့်ထားတယ်ဆိုတော့ အင်း ကြာရင် ကိုယ့်ပါပြန်ခြိမ်းခြောက်နိုင်တဲ့ အနေအထား။

× × ×



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဧည့်ခန်းတွင် မင်းထက်တစ်ယောက်တည်းသာ ကျော မော့ပြီး လမ်းလှည့်ပတ်လျှောက်နေသည်။ အိမ်သားများဖြစ်သော သားအဖသုံးယောက်က ခုံပေါ်တွင် ငုတ်တုတ်ကလေး သူ့ကို မျက်နှာ ငယ်နှင့် ကြည့်နေကြ၏။

"အခုပြောမယ့် ဒုတိယအကြိမ် အရေးပေါ်အစည်းအဝေး မှာ ပြောစရာရှိတာကတော့"

အားလုံး သူ့ကိုသာ ငေးကြည့်နေကြသည်။

"ပထမအချက် အမွေအားလုံးရထားသူတစ်ယောက်ဖြစ်တဲ့ အတွက် ခါတိုင်းလို လစ်ရင်လစ်သလို ဝင်ညှစ်ခြင်း၊ အိမ်သာထောင့် မှာစောင့်ပြီး အာဘွားရှလူးခြင်း၊ ဆေးထည့်ချင်ယောင်ဆောင်၍





အပျော်ကြံခြင်းများမပြုဘဲ အမွေရှင်ကို ရိုရိုသေသေ ဆက်ဆံကြရ မယ်"

အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ ပြီးမှ သက်ပြင်းများချပြီး

"ကိစ္စမရှိဘူး"

"ကိစ္စမရှိပါဘူး"

"ဟုတ်တယ်၊ ကိစ္စမှမရှိတာ"

မျက်နှာငယ်ကလေးတွေနဲ့မို့ မင်းထက် ပို၍အားတက်သွား သည်။

"ဒုတိယအချက်အနေနဲ့က ဘိုးမိုးစက်ရဲ့ အမွေရှင်တစ် ယောက်အနေနဲ့ ဒီသုံးယောက်ထဲက ကိုယ်နှစ်သက်ရာတစ်ယောက်ကို သာ ကိုယ့်စိတ်ကြိုက် ခေါင်းခေါက်လက်ထပ်မှာဖြစ်ပါတယ်"

တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြပြန်သည်။ ပြီးမှ

"ကိစ္စမရှိဘူး"

"ကိစ္စမရှိပါဘူး"

"ဟုတ်တယ်၊ ကိစ္စမှမရှိတာ"

သုံးယောက်လုံးကိုကြည့်၍ မင်းထက် ပို၍အူမြူးသွားသည်။ ထို့ကြောင့် မြှောက်ကြွမြှောက်ကြွလုပ်ကာ

"တတိယအချက်က"

မင်းထက် စကားကိုမဆက်သေးဘဲ အားလုံးကို အပေါ်စီးက ငေ့ကြည့်လိုက်သေး၏။ ပြီးမှ အားရဝမ်းသာအသံကြီးနှင့်

"ကျွန်တော်က ယောက်ျားကြီးဗျ၊ ယောက်ျားကြီး၊ ဟားဟား ဟားဟားဟား"

မင်းထက်၏ အူမြူးစွာ ကျယ်လောင်သောရယ်သံ။ သူ့စကား ကိုသူ သဘောကျကာ အူနှိပ်နေ၏။ ဟိုသုံးယောက်က တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတစ်ယောက်ကြည့်ရင်း

"ကီစ္စမရှိဘူး"

"ကီစ္စကိုမရှိဘူး"

"ဟုတ်တယ်၊ ကီစ္စမှမဟုတ်တာ"

"ဟားဟားဟား ဟင်"

အားရပါးရရယ်မောနေသော မင်းထက် သူတို့စကားသံကြား၍ ကြောင်ပြီးရပ်သွား၏။ ပြီးနောက် ဇဝေဇဝါနှင့်

"ဟင် ဘာ ဘာ ဘာပြောလိုက်တယ်"

သုံးယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း

"ကီစ္စမရှိဘူးလေ"

"ကီစ္စကို မရှိဘူးလို့"

"ဟုတ်တယ်၊ ကီစ္စမှ မဟုတ်တာ"

"ဟွင်"

အားလုံးအဖြေစကားကြားတော့ မင်းထက် ကြောင်ပြီးထရပ်သည်။ ပြီးနောက် သူ့မျက်နှာသူ လက်ညှိုးပြန်ထိုးရင်း

"ကျွန်တော် ကျွန်တော် ယောက်ျားကြီးနော်"

သူ့စကားကို သုံးယောက်လုံး တစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့်ကာ

"ကီစ္စမရှိဘူး"

"ကီစ္စကိုမရှိဘူး"

"ဟုတ်တယ်၊ ကီစ္စမှမဟုတ်တာ"

"ဖရီးပိုး"

သူတို့စကားများ ကြားသည်နှင့် မင်းထက် ခြေဖျားထောက်တတ်၊ ဆံပင်များ ထောင်ပြီး ထအော်မိသည်။

မှန်ပေသည်။ သားအဖသုံးယောက်လုံးမှာ တစ်ဖက်တည်းချွန်သူများမဟုတ်။ ထို့အပြင် အခြားသူများလို နှစ်ဖက်ချွန်နေသော နှစ်ဖက်ချွန်လဲမဟုတ်။ ထို့ထက်ပို၍ ဆမူဆာလို သုံးဖက်ချွန်လဲ မဟုတ်။ စက်ဘီးဖရီးပိုးလို ဘယ်နေရာကြည့်ကြည့် ချွန်နေသော ဘက်စုံချွန်နေသူများသာ။

"ဖရီးပိုး"

သူ့အော်သံနှင့်အတူ ကျရောက်လာသော မျက်လုံးစိမ်းများ၊ မင်းထက် ရှေ့ပိတ်ရမလို၊ နောက်ပိတ်ရမလို၊ အပေါ်ပိတ်ရမလို၊ အောက်ပိတ်ရမလို ဖြစ်သွားသည်။ သူ ကပျာကယာဖြစ်နေတုန်း သားကောင်မြင်သော မြေခွေးများလို စိုက်ကြည့်ပြီး တက်လာသော လူသုံးယောက်။

"အား"

မင်းထက် အာခေါင်ခြစ်အော်ရင်း ဖရီးပိုးများလက်မှ လွတ်အောင်ပြေးပြီး အခန်းတံခါးကို ဝုန်းခနဲ ဆွဲပိတ်လိုက်ရလေတော့သည်။

× × ×







www.burmeseclassic.com

www.burmeseclassic.com



"ကလင် ကလင် ကလင်"

တစ်ဖက်မှ ဖုန်းမြည်သံ။

"ဟယ်လို"

"ပန်းဆုလား၊ မောင်ပါ"

တစ်ဖက်မှ အသံတိတ်သွားသည်။ ပြီးမှ အားရဝမ်းသာဖြင့်

"ဩော် မောင်လား၊ ပြောလေ"

"အဟင့်"

မင်းထက် မျက်ရည် ပတစ်ခနဲ ထွက်လာ၏။ တစ်ဖက်မှ အံ့ဩတကြီးဖြင့်

"ဟင် မောင် မောင်ငိုနေတာလားဟင်"





"အင်း အဟင့်"

"နောက်မီး နောက်မီးကွဲပြီလား"

"ဘာတွေလာလျှောက်ပြောနေတာလဲ၊ ဘာနောက်မီးကွဲရမှာလဲ"

အသံတိတ်သွားပြန်သည်။ စဉ်းစားနေသည့်ပုံ။ အတန်ကြာမှ

"ဒါဆို ဘာလို့ ငိုနေရတာလဲ၊ ပန်းဆုပြောတဲ့အတိုင်း မောင်သူတို့ကို မပြောပြလိုက်ဘူးလား"

"အဟင့်"

ပြောရမည့်စကားကို ပြန်မပြောနိုင်သေး။ မျက်ရည်ကို ကုန်အောင်ညှစ်ဖြုတ်ရသေး၏။ ပြီးမှ

"ပြောတာပေါ့၊ ပြောလိုက်တာပေါ့လို့"

"ဘာပြောလဲ၊ သူတို့က ဘာပြန်ပြောလဲ"

"ကိစ္စမရှိဘူးတဲ့၊ အဟင့်"

"ဟင်"

တစ်ဖက်မှ ကြောင်သွားပုံရသည်။ ပြီးမှ ဇဝေဇဝါအသံဖြင့်

"ဘာကိုကိစ္စမရှိတာလဲ"

"ဘာဖြစ်ဖြစ် ကိစ္စမရှိဘူးတဲ့ ဟီး"

ပြောရင်း ပိုငိုချင်လာ၍ ငိုချလိုက်မိသည်။ တစ်ဖက်မှ အတန်ကြာငြိမ်သက်နေသည်။ နောက်မှ

"မဟုတ်ဘူးလေ၊ အမွေရှင်ကို ရိုရိုသေသေဆက်ဆံဖို့ မပြောဘူးလား"

"ကိစ္စမရှိဘူးတဲ့"

"နောက် နှစ်သက်ရာတစ်ယောက်ကို ခေါင်းခေါက်ဆူမယ်လို့ မပြောထည့်လိုက်ဘူးလား"

www.burmeseclassic.com



“ကိစ္စမရှိဘူးတဲ့”

“ဒါဖြင့် ကျွန်တော်က ယောက်ျားကြီးဗျလို့ ပျော်ပျော်ကြီး မပြောပြလိုက်ဘူးလား”


“အဲဒါကိုပါ ကိစ္စမရှိဘူးဆိုလို့ ငိုနေရတာပေါ့ဗျာ၊ ဟီးဟီး”

“ဟမ်”

မင်းထက်ငိုသံနှင့်အတူ တစ်ဖက်မှ ကြောင်ပြီး အသံတိတ်သွား၏။ နောက်မှ တစ်ဖက်က အသံကျယ်ကျယ်က

“ဖရီးဗိုး”

“ဝါး”




ဟိုဖက်က အောင်မြင်သော အသံကြားတော့ မင်းထက် ပို၍ ငိုချင်လျက်လက်တို့ဖြစ်သွားသည်။

“ဝါး”

ထို့ကြောင့် အားရအောင်ငိုရင်းက

“ဝါး အဲဒါကြောင့်ပြောတာပေါ့၊ တစ်အိမ်လုံးက ဘက်စုံချွန်တဲ့ ဖရီးဗိုးတွေချည်းမို့ ငိုနေရတာပေါ့၊ ဝါး”

တစ်ဖက်မှ အသံတိတ်သွား၏။ စဉ်းစားနေပုံ။ အတန်ကြာမှ

“ဒါဖြင့် ဒီလိုလုပ်”





“ဟင် ဟင် ဘယ်လိုလုပ်ရဦးမှာလဲဟင်၊ ဒုက္ခရောက်ဦးမှာလား၊ အဟင့်”

“အာ ဒုက္ခမရောက်ပါဘူး”

မင်းထက် ငိုသံကို အနိုင်နိုင်မျိုချပြီး

“ပြောပါဦး၊ ဒုက္ခရောက်လာမယ့် အခွင့်အလမ်းလေး”

“ဒီလိုလုပ်”

“အင်း”

မင်းထက် မျက်ရည်သုတ်ရင်း နားထောင်သည်။ တစ်ဖက်မှ အားတတ်သရောအသံဖြင့်

“ဒီည တံခါးကို ချက်မချထားနဲ့”

“ဝါး”

တစ်ဖက်မှ စကားသံကြားသည်နှင့် ငိုရှိန်တိတ်နေပြီဖြစ်သော မင်းထက် အားရအောင်ပြန်ငိုမိသည်။ နောက်တော့ ချစ်လှစွာသော ချစ်သူကိုပင် သည်းမခံနိုင်တော့။

“ဟီး အခန်းတံခါး ချက်မချထားရင် ငါခွေးဖြစ်သွားမှာပေါ့ ဂုဏ္ဍာမရဲ့ ဟီး”

သူ့စကားကို တစ်ဖက်ကလဲ

“အို ဘာလို့ခွေးဖြစ်ရမှာလဲ၊ ဒီမှာ နားထောင်”

“ဟီး”

မင်းထက် ငိုရင်းနားထောင်သည်။ ချစ်သူစကား နားမထောင်သူ ဘယ်သူရှိအံ့။ . .

“ဟိုလူတွေက အမွေရှင်ကို မထိရဘူးဆို”

“ကိစ္စမရှိဘူး”

“ဒါကြောင့် သူတို့ကတော့ ဝင်ထိရဲမှာမဟုတ်ဘူး၊ ဝင်ရဲခဲ့ရင် ဟိုယောက်ျားလျှာ မိုးမြွတ်ပဲဝင်မှာ”

www.burmeseclassic.com



"အတုနဲ့ ဆော်လွှတ်လိုက်ရင်ရော၊ ငယ်ထိပ်ကိုပြောပါတယ်"

"မဆော်ဘူး၊ သေချာတယ်၊ ဘာလို့လဲဆိုတော့ သူလဲ အမွှေလိုချင်နေတာလေ"

"ဒီတော့"

"ဒီတော့ အတတ်နိုင်ဆုံး သူဝင်ညှိမှာပဲ၊ အဲဒီအခါကျရင် ကြိုက်ဈေးတောင်းပြီး ပွဲသိမ်းလိုက်ရုံပေါ့၊ ဟုတ်ဘူးလား"

"သူက ကိုယ့်ကို ပွဲဝင်သိမ်းသွားရင်ရော"

"ယောက်ျားလျာတွေက ယောက်ျားကို ဘယ်တော့မှ စိတ်မဝင်စားဘူး၊ ကိုယ်တွေ့"

"ဟမ်"

တစ်ဖက်စကားကြောင့် မင်းထက်ပင်ကြောင်သွားသည်။ ဒါကိုသိ၍ထင့်

"အဟဲ အိမ်နီးနားချင်းတွေမှာ တွေ့တာပါ၊ မောင်ကလဲ ဘာမှန်းမသိဘူး"

သြော် ကိုယ့်ကိုကိုယ်လဲ ဘာမှန်းမသိရသည့်ဘဝ။ တစ်ခါတစ်ခါ "ငါယောက်ျားအစစ်မှ ဟုတ်သေးရဲ့လား"ဟုပင် ဇဝေဇဝါ ပြန်စမ်းမိသေး၏။ မျက်နှာပြောပါတယ်။

"အဲ အဲဒါကရော သေချာပါ့မလားဟင်"

သူ့အမေးကို တစ်ဖက်က

"သြော် သေချာပါတယ် မောင်ရဲ့၊ သူ သေချာပေါက်မောင့်ကို လာညှိမှာပဲ၊ အဲဒီကျတော့မှ အပိုင်"

"ဟင် ပန်းဆုက အဲဒီယောက်ျားလျာနဲ့ မောင့်ကို စိတ်မပူဘူးလားဟင်"

"ဟာ မောင်ကလဲ ဘာစိတ်ပူစရာရှိလို့လဲ"

"ဟိုက ယောက်ျားလျာဆိုပေမယ့် မိန်းမပဲနော်"





"ကိုယ်တွေ့ပါဆို"

"ဟမ်"

ဘာမှဆက်မပြောဖြစ်တော့။ ဆက်ပြောနေလျှင် ပေါ်လာပြီး ကိုယ်ပဲ စိတ်ဆင်းရဲရပေဦးမည်။ ထို့ကြောင့် တယ်လီဖုန်းကိုချပြီး စဉ်းစားကြည့်လိုက်သည်။

ဟုတ်သား။ ဒီအမွေကိစ္စအတွက် ဒီမိန်းမလျာကို ညှိရပေမည်။ ကျားအချင်းချင်းကတော့ ဘယ်လိုမှ ဝင်မညှိနိုင်။ ညှိချင်ညှိလျှင် မိန်းမကသာ ညှိရမည်။ နောက်ထပ်စဉ်းစားကြည့်သည်။

ဘိုးမိုးစက်ကလဲ သူယောက်ျားကြီးမှန်း သိသွားသည်နှင့် ဒီအကွက်ဖန်တီးသွားခြင်းပင်။ ယောက်ျားအချင်းချင်း မဖြစ်နိုင်မှန်း သိပါလျက်နှင့် အမွေကို အလွယ်တကူလွှဲပေးသွားသည်ကို ထောက်ချင့်လျှင် သံယောဇဉ်မပြတ်နိုင်စွာ တစ်ဦးတည်းသော မိန်းကလေးနှင့် လွှတ်ထည့်သွားခြင်းပင် ဖြစ်နိုင်ပေသည်။

"ဟုတ်ပြီ၊ ဒီအကွက်ပဲ"

မင်းထက် စဉ်းစားရင်း ဝမ်းသာသွားသည်။ အကြံပေးသော ချစ်သူကိုပင် အထင်ကြီးသွားမိသည်။

"ကျေးဇူးပါပဲ ပန်းဆုရယ်"

ကြိတ်ဆုတောင်းပေးရင်း ရင်ကိုကော့ ခေါင်းကိုမော့၍ ခြေလှမ်းကိုစ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်း၌ လူစုံနေသည်။

မင်းထက်က ထမင်းစားပွဲထဲ ဝင်မထိုင်ဘဲ ရင်ကော့ခေါင်းမော့၍ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ သူ့ပုံက "ငါကျွေးလို့ နင်တို့စားရတာ"ဆိုသောရုပ်မျိုးနှင့်။

ဟိုသုံးယောက်ကလဲ "ကိစ္စမရှိဘူး"ဆိုသောရုပ်နှင့် စားစရာရှိဟာစားနေသည်။

မင်းထက်က လမ်းလျှောက်နေရာမှရပ်ပြီး

"အဟမ်း တတိယအကြိမ် စုံညီအစည်းအဝေးကြီး စတင်မယ်"

သုံးယောက်လုံး ခေါင်းထောင်သွားသည်။ နောက် ဘာမှ





မဖြစ်သလိုဟန်မျိုးနှင့်

"ကိစ္စမရှိဘူး"

"ကိစ္စမရှိပါဘူး"

"ကိစ္စမှမဟုတ်တာ"

မင်းထက်က တစ်ယောက်စီလိုက်ကြည့်ကာ

"အမွေရှင်တစ်ယောက်အနေနဲ့ ဘယ်သူမှ ထိခွင့်မရဘူးဆိုတာ သိထားကြပြီးဖြစ်ပါတယ်"

ဟိုသုံးယောက်က သူ့ကို ဂရုမစိုက်။ စားစရာရှိတာသာ ပုံမှန်စားနေသည်။

"အခု ဒီညထူးခြားတဲ့ အခွင့်အရေးအနေနဲ့"

သုံးယောက်လုံး စားနေရာမှ ရပ်သွားသည်။ နားစွင့်နေသည့်သဘော။

"တံခါးကို ချက်ချမထားပါဘူး၊ ဒါဆို ဘယ်သူ့အတွက် ဖွင့်ပေးထားတယ်ဆိုတာ သိမှာပါ၊ ဒါကြောင့် အမွေလိုသူတစ်ယောက်သောသူက အခန်းထဲကို ဝင်လာခွင့်ပြုလိုက်ပါတယ်"

"ဖတ် ဖတ် ဖတ်"

မင်းထက်က သူ့စကားကိုသူ သဘောကျပြီး လက်ခုပ်တီးသည်။ သို့သော် ဟိုသုံးယောက်ကတော့

"ကိစ္စမရှိဘူး"

"ကိစ္စမရှိပါဘူး"

"ကိစ္စမှမဟုတ်တာ"

ထုံးစံအတိုင်းပင်။ မင်းထက်က အားရဝမ်းသာရုပ်ကြီးနှင့် မိုးမြှတ်နားကပ်၍

"အမွေက ဘယ်သူ့အတွက်လဲ သဘောပေါက်တယ်ဟုတ်၊ ဟီဟိ"



www.burmeseclassic.com

www.burmeseclassic.com



မိုးမြတ်က သူ့ကိုမော့ကြည့်ပြီး

"ကိစ္စမရှိဘူး"

ဟိုနှစ်ယောက်ကပါ

"ကိစ္စမရှိပါဘူး"

"ကိစ္စမှမဟုတ်တာ"

မင်းထက် သူတို့ကိုဝေ့ကြည့်၍

"ဒါဆို အစည်းအဝေးပြီးဆုံးကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား"

"ဖတ် ဖတ် ဖတ်"

သူဘာသာသူ လက်ခုပ်တီး၍ အဆုံးသတ်သည်။

ဟိုသုံးယောက်က ဘာမှမဖြစ်သလိုပုံမျိုးနှင့် စားစရာရှိတာ ဆက်စားနေကြသည်။

မင်းထက်က ဆက်ထားသောဆံပင်ကိုခါရင်း

"ဒါပဲ"

ဆိုကာ ကော့ကော့ကော့ကော့နှင့် အိမ်ပေါ်တက်သွားလေသည်။ သူ့ကိုကြည့်၍ ဟိုသုံးယောက်က

"ကိစ္စမရှိဘူး"

"ကိစ္စမရှိပါဘူး"

"ကိစ္စမှမရှိတာ"

ဆိုရင်း . .

× × ×





ညကား နက်နေပေပြီ။

တစ်ခါတစ်ရံမှ ခပ်ဝေးဝေးမှ ကားသံတချို့ကြားရသည်။

မင်းထက်မှာ သတိနှင့်အိပ်ရင်း တစ်စုံတစ်ခုကို မျှော်လင့်နေသည်။ တအားကြီးအိပ်မပျော်သွားစေရန် ကြိုးစားရင်း တစ်ဖက်သို့လှည့်၍လှဲနေလိုက်သည်။

"ချောက်"

တံခါးဖွင့်သံ။

အိပ်နေရင်းနှင့် မင်းထက်ပြုံးလိုက်မိသည်။

"သေချာပြီ၊ ဝင်လာပြီ၊ ဟီဟီ ဘာမှမဖြစ်တောင် နိုက်ပြည်း လို့ရတာပဲ ဟီဟိ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာသာသူတွေးပြီး ပျော်နေသေး၏။

ခြေဖွနင်းသံ။

မင်းထက် လှည့်မကြည့်ဘဲ ငြိမ်နေသည်။

"ဟီဟိ ပြုသမျှနုလိုက်မှာပဲ"

ဟုတွေးရင်း အူမြူးနေသေးသည်။

အနားသို့ ဖွဖွတိုးလာသောခြေသံ။ အပိုင်ပဲမို့ မင်းထက်လှည့်မကြည့်သေး။ ရင်ထဲမှာ တထိတ်ထိတ်။

"ယောက်ျားလျာနဲ့ ဟီဟိ"

သူ့ပခုံးကို ဖွဖွဆွဲလိုက်သည်။

မင်းထက် ပြုံးရင်း ဖြည်းဖြည်းချင်းအလှည့်

"ဟာမ်"

မြင်လိုက်ရသော ပြုံးဖြီးဖြီးမျက်နှာကြောင့် မင်းထက်လန့်သွားသည်။

"ဦးမိုးသက်"

မင်းထက် လန့်ပြီး ခုန်ထမလို့ လုပ်စဉ်မှာပင် မျက်နှာပေါ်ကျလာသော လက်ကိုင်ပဝါတစ်ခု။

"ဖလူး ဖလူး"

သူရုန်းကန်သေးသည်။ သို့သော် မူးနောက်ရီဝေစေသော လက်ကိုင်ပဝါနံ့ကြောင့် သူမေ့ခနဲ။

နောက်ဆုံးထိ မြင်လိုက်ရတာကတော့ ဦးမိုးသက်၏ ပြုံးဖြီးဖြီးမျက်နှာသာ။ ကျန်တာ ဘာမှမသိတော့။

× × ×





ဥတုရာသီကား ပွင့်သင့်သလောက်ပွင့်သည်။

နံနက်ခင်းနေရောင်ခြည်ကလဲ လတ်လတ်ဆတ်ဆတ်ပင်။

သစ်ပင်ငယ်များတွင် နားနေကြသော ကျေးငှက်သာရကာများက စိုးစီနေကြပေပြီ။

တိတ်ဆိတ်ငြိမ်သက်နေသော အိမ်ကြီးအတွင်းမှ တံခါးနှစ်ချပ်ပွင့်လာသည်။ ယောက်ျားပျိုတစ်ယောက်နှင့် မိန်းမပျို(ယောက်ျားသဏ္ဍာန်)တစ်ယောက်တို့ အသီးသီးထွက်လာကာ မျက်နှာသစ်ကြ၊ သွားတိုက်ကြ၊ စားစရာရှိသည်များ စားကြကာ အခန်းတွင်းကိုယ်စီ ပြန်ဝင်သွားကြသည်။

အတန်ကြာ နှစ်ယောက်သား တစ်စုံတစ်ခုကို အတိရယာန်

နှင့် ပြိုင်တူလို ပြန်ထွက်လာကြပြီး တူညီစွာဖြင့် အခန်းတစ်ခုဆီသို့ ခပ်သွက်သွက်လှမ်းသွားကြသည်။ နောက် တိုင်ပင်ထားသည့်အလား အခန်းတံခါးကို ပြိုင်တူဆွဲ၍ ကြည့်လိုက်သည်။

"ဟင်"

အခန်းတွင်း၌ စောင်များ ခေါင်းအုံးများ ဖရိုဖရဲတွေ့ရသော်လည်း သက်ရှိလူကို လုံးဝမတွေ့ရ။ နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း

"မရှိတော့ဘူး"

"မရှိတော့ဘူး"

ပြိုင်တူရေရွတ်ပြီး နောက်ထပ်အခန်းတစ်ခုဆီ ပြေးလွှားသွားကြသည်။ နောက် ထုံးစံအတိုင်း အခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။ ထိုအခန်းကလဲ အရင်ကအတိုင်းပင်။ ဖရိုဖရဲဖြစ်နေသည်မှအပ ဘာကိုမှမတွေ့ရ။

"မရှိတော့ဘူး"

"မရှိတော့ဘူး"

နှစ်ယောက်သား ပြိုင်တူရေရွတ်မိပြန်သည်။ နောက် တစ်စုံတစ်ခုကို လေးလေးနက်နက်စဉ်းစားဟန်နှင့် ဖွင့်ထားသော တံခါးတစ်ဖက်စီ ကိုယ်စီမှီရင်း ငြိမ်သက်နေကြသည်။ အတန်ကြာမှ သက်ပြင်းချကြရင်း

"ကိစ္စမရှိပါဘူး"

"ကိစ္စမရှိပါဘူးလေ"

ရေရွတ်ကာ အေးဆေးသော ခြေလှမ်းမျိုးနှင့် ကိုယ်စီ အခန်းသို့ ပြန်သွားကြသည်။

နောက်ပိုင်းတွင်တော့ အိမ်ကြီးမှာ ပုံမှန်ပြန်လည်ပတ်နေလေတော့သည်။ နှစ်ယောက်သား စားစရာရှိတာစားသည်။ သွားစရာ





ရှိလျှင်သွားသည်။ အိပ်စရာရှိတော့လဲ အိပ်ကြသည်။ သို့သော် သူတို့နှစ်ယောက်ဆုံတိုင်း ပြောဖြစ်သော စကားတစ်ခုတော့ ရှိသည်။ ထိုစကားမှာ

"ကိစ္စမရှိပါဘူး"

"ကိစ္စမှမဟုတ်တာ"

ဟူ၍ပင်။

× × ×

www.burmeseclassic.com



ရက် လ အနည်းငယ်ကြာသွားပေပြီ။

ပုံမှန်လည်ပတ်နေသော သဘာဝတရားပင် အနည်းငယ် အပြောင်းအလဲ ဖြစ်ပေါ်လာပေပြီ။ ယခင်က အေးနေသော်လည်း ယခုတော့ အအေးလျော့လာလေပြီ။

သို့သော် ရာသီဥတုကား ကောင်းမွန်နေဆဲ။

ထိုသို့ ရာသီဥတုကောင်းမွန်ဆဲ နေ့တစ်နေ့၌ သတင်းစာထဲ ကြော်ငြာတစ်ခု ထူးထူးဆန်းဆန်း ပါလာသည်။ ထိုကြော်ငြာမှာ

**အဖေ မင်းထက်**

**ဖြစ်ခဲ့တဲ့ကိစ္စအားလုံးကို ခွင့်လွှတ်ပါတယ်၊**

**အိမ်ကို အမြန်ပြန်လာပါ၊ စိတ်တိုင်းကျ ဖြစ်စေရမယ်၊**

**ကိစ္စမရှိပါဘူး၊**

**ကိစ္စမှမဟုတ်တာ**

**သားနှင့်သမီး**

ဟူ၍ပင်ဖြစ်သည်။

ထိုသို့ပါရှိပြီး တစ်ပတ်ခန့်အကြာဟုမှတ်ပါ။

× × ×





ရာသီဥတု သာယာသော နေ့တစ်နေ့ပင်ဖြစ်သည်။

နံနက်ခင်းနေရောင်ခြည်ကလဲ လတ်ဆတ်နေတုန်းပင်။

သစ်ပင်များ၌ ငှက်ကလေးများ စိုးစီနေစဉ်ကာလ၌ မည်သည့် ကိစ္စမှမရှိသော အိမ်ကြီးထဲသို့ လူကြီးတစ်ယောက် အားရဝမ်းသာ ပြေးလာသည်။ ပြီးနောက် အသံကျယ်ကျယ်ဖြင့်

"သားတို့သမီးတို့ရေ အဖေပြန်လာပြီဟေ့၊ ဟေ့ မိုးထက်တို့ မိုးမြတ်တို့ အဖေပြန်လာပြီ"

ထိုအော်သံကြား၍ အိပ်ခန်းထဲ ကိုယ်စီကွေးနေသော သူ နှစ်ယောက် ထွက်လာကြပြီး ဘာမှမထူးခြားဟန်နှင့်

"ဪ အဖေတောင် ပြန်လာပြီပဲ၊ ကိစ္စမရှိပါဘူး"

www.burmeseclassic.com



"အေးလေ၊ အချိန်တန်လို့ အိမ်ပြန်လာတာ ကိစ္စမှမဟုတ်တာ"

သူတို့၏စကားကို ဦးမိုးသက်က ဝမ်းသာစိတ်ကို ထိန်းမနိုင်သောရုပ်ကြီးဖြင့် ပြုံးဖြဲပြီး

"ဟဲဟဲ ဒီတစ်ခါတော့ ကိစ္စရှိပြီ၊ ကိစ္စရှိပြီ၊ သားတို့သမီးတို့ရဲ့"

ဟိုနှစ်ယောက် အခန်းထဲမှထွက်လာပြီး တစ်ယောက်ကိုတစ်ယောက် မျက်မှောင်ကြုတ်ကြည့်ရင်း

"ကိစ္စရှိတယ်၊ ဘာကိစ္စလဲ"

"ကိစ္စ ဘာကိစ္စရှိလို့လဲ"

နှစ်ယောက်လုံးအမေးကို ဦးမိုးသက်က ပခုံးများဆွဲယူရင်း

"ဟဲဟဲ သေချာတဲ့ကိစ္စပေါ့ကွာ၊ သေချာတဲ့ကိစ္စပေါ့"

နှစ်ယောက်လုံး ဖခင်ဖြစ်သူကိုကြည့်ကာ

"ဘာကိစ္စလဲ"

"ဘာကိစ္စရှိလို့လဲ"

ဦးမိုးသက် အားရဝမ်းသာရယ်ရင်း

"ဟားဟား အဖေမိန်းမရတော့မယ်၊ အဖေမိန်းမရတော့မယ်ကွ၊ ဟားဟားဟား ဟားဟားဟား"

နှစ်ယောက်သား အရယ်လွန်နေသော ဦးမိုးသက်ကို မော့ကြည့်ကြသည်။

"မိန်းမရတော့မယ်"

"မိန်းမရတော့မယ် ဟုတ်လား"

"ဟားဟား သိပ်ဟုတ်တာပေါ့၊ အခု အဖေ မိန်းမခေါ်လာပြီ၊ ဟားဟား၊ မင်းတို့အမေလေးပေါ့ကွာ၊ ဟားဟား"

နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်





ကြသည်။ ပြီးနောက် ဦးမိုးသက်ကို မော့ကြည့်ကြသည်။ ပြီးနောက်

"ကိစ္စမရှိပါဘူး"

"ကိစ္စမှမဟုတ်တာ"

သားနှင့်သမီးကိုကြည့်၍ ဦးမိုးသက်ပင် ကြောင်သွားသေး၏။ နောက်မှ မျက်နှာကိုပြန်ဖြဲရင်း

"ဟဲဟဲ ကိစ္စမရှိပေမယ့် အဖေ့မိန်းမမြင်ရင် ကိစ္စရှိသွားမယ်၊ ဟဲဟဲ ကိစ္စကိုရှိသွားမယ်၊ ဟားဟားဟား"

"အဖေ့မိန်းမ"

"မိန်းမက ဘယ်သူလဲ"

သူတို့၏အမေးကို ဦးမိုးသက်က စပ်ဖြဲဖြဲမျက်နှာဖြင့်

"မင်းတို့တွေ့ရင် အံ့အားသင့်သွားမယ်၊ မိန်းမရေ ရှက်မနေပါနဲ့၊ အိမ်ထဲလာပါ"

အိမ်ပေါက်ဝသို့ လှည့်ခေါ်သည်။ မည်သည့်အရိပ်အယောင်မှ မတွေ့ရ။ ထို့ကြောင့်

"မိန်းမရေ လာပါဆိုကွာ၊ ရှက်နေပြန်ပြီ"

သူ၏ခေါ်သံကြောင့် တံခါးဝမှ လှမ်းဝင်လာသော လူရိပ်တစ်ခု။

"ဟာ"

"ဟင်"

ထိုအမျိုးသမီးကိုမြင်တော့ နှစ်ယောက်လုံး အံ့အားသင့်သွားသည်။

"မင်းထက်"

"မင်းထက်ကြီး"

မှန်ပေသည်။ တံခါးဝမှာ ငိုချင်လျက်မျက်နှာနှင့် ရပ်နေသော မင်းထက်၊ ကိုယ်ပေါ်မှာလဲ ခါတိုင်းလို မိန်းမအဝတ်အစားတွေ



www.burmeseclassic.com

www.burmeseclassic.com



နှင့်၊ မင်းထက်ကိုမြင်တော့ နှစ်ယောက်လုံး ရယ်ကျဲကျဲဖြစ်သွားပြီး

“ဟာ အဖေက နောက်ပြန်ပြီ၊ ဒီကောင်က ယောက်ျားကြီး၊ အဖေ ဘယ်လိုယူလို့ရမှာလဲ”

“ဟုတ်သား၊ အဟုတ်မှတ်လို့ နားထောင်နေတာ၊ ဘာလဲ အဖေစီးချင်းထိုးဖို့က ဟဲဟဲ”

သူတို့စကားကို ဦးမိုးသက် ဖြဲခနဲရယ်လိုက်ပြီး အသံတိုးတိုးနှင့်

“အစကတော့ ယောက်ျားမှန်ပါတယ်ကွာ”

“ဘယ်လို”

“ဘာ”

နှစ်ယောက်လုံး ဦးမိုးသက်ကို တအံ့တသြပြန်ကြည့်သည်။ ဦးမိုးသက်က ပြုံးဖြဲဖြဲနှင့်

“အခုတော့ အဖေ သူ့ကို ဒီကနေ ဘန်ကောက်ထိ မေ့ဆေးလေးအုပ်အုပ်ပြီး ခေါ်သွားပြီး ဟိုမှာ ဟီဟိ”

စကားမပြောနိုင်လောက်အောင် အူမြူးနေသေး၏။ ပြီးမှ ရယ်သံကို ဂလု ဂလုနှင့် မျိုချပြီး

“ဖြတ်ဖောက်ချုပ် လုပ် အဟိ”

“ဗျာ”

“ဘယ်လို”

နှစ်ယောက်သား မျက်လုံးပြူးသွားသည်။ ဒီကနေ ဘန်ကောက်ထိ မေ့ဆေးလေးအုပ်အုပ်ပြီး ခေါ်သွားဖို့ဆိုသည့်ကိစ္စ လွယ်လှသည်တော့မဟုတ်။ ဖခင်၏ တဏှာအားကို အသိအမှတ်ပြုရပေလိမ့်မည်။

“အဖေ အဖေ့ဟာက ဟုတ်ရဲ့လား၊ ကျွန်တော်တော့မယုံဘူး”

“ဟုတ်တယ်အဖေရာ၊ ဒါကတော့ မယုံနိုင်စရာ မယုံဘူး”

နှစ်ယောက်လုံး အကြောက်အကန်ငြင်းသည်။ ဒါကို ဦးမိုး





သက်က

“မယုံဘူးဟုတ်လား၊ မင်းရေ သူတို့ယုံသွားအောင် ထဘီလေး လှပ်ပြလိုက်ပါဦးကွယ်၊ ပြလိုက်ပါဦး ဟီဟိ၊ အခြေအနေမှန်သိရအောင်”

သူ့စကားကို မင်းထက်က ငိုမဲ့မဲ့နှင့် ထဘီအလှပ်တွင်

“ဟင်”

“ဟာ”

“ဝါး”

သူတို့ အံ့အားသင့် အာမေဋိတ်သံနှင့်အတူ မင်းထက်၏ ငိုကြီးချက်မငိုသံ။

“ဝါး”

မင်းထက်ငိုသံက စီညံနေတုန်း။

“ဝါး အဲဒါမှ ဘဝတုံးတာ ဝါး”

သူ့ငိုသံကြောင့် ဟိုနှစ်ယောက် ကြောင်သွားသည်။ ပြီးမှ ဖခင်မျက်နှာ ပြန်မော့ကြည့်ရင်း

“အဖေ အဖေ မင်္ဂလာဆောင်ပြီးပြီလား”

“လက်မှတ်ရော ထိုးပြီးပြီလား”

သူတို့အမေးကို ဦးမိုးသက်က ဖြဲခနဲရယ်ရင်း

“မင်းတို့ကလဲကွာ၊ အခုမှ ပြု






www.burmeseclassic.com

www.burmeseclassic.com



ပြင်ထားတုန်း ရှိသေးတာ၊ အဟဲ အသုံးမပြုရသေးပါဘူး၊ ဟီးဟီး၊ အသစ် အသစ် အဟာစ်"

သူ့စကားကို နှစ်ယောက်လုံး အားရဝမ်းသာဖြင့်

"ဒါဆို မင်္ဂလာမဆောင်ရသေးဘူးပေါ့"

"ဟင့်အင်း"

"ဒါဆို လက်မှတ်လဲ မထိုးရသေးဘူးပေါ့"

"ဟင့်အင်း"

"ဒါဆို ဒါလေးက ဘုံပိုင်ပဲရှိသေးတာ"

"ဟမ်"

"ဒါဆို ပြည်သူပိုင်ပစ္စည်းလေးပေါ့"

"ဟွင်"

နှစ်ယောက်သား အားရဝမ်းသာစကားကြောင့် ဦးမိုးသက် ကြောင်သွား၏။ နောက်မှ သတိရပြီး

"သား သားတို့ သမီးတို့ကလဲကွာ၊ ဟိုလေ ဒီကနေ ဘန်ကောက် အထိ အဖေ ဘယ်လောက်ကြိုးစား ကြိုးစားခဲ့"

"နေဦး"

သူ့စကားကို မိုးထက်က လက်ကာပြကာတားသည်။ ပြီးမှ

"ကျွန်တော့်တုန်းကလဲ အဖေတို့ ပြည်သူပိုင်ဆိုပြီးတော့ ကြမ်းခဲ့တာ မှတ်မိလား"

ဦးမိုးသက်က ဘာပြောရမှန်းမသိ။ ထို့ကြောင့် ခေါင်းကုတ်လိုက် ဖင်ကုတ်လိုက်နှင့်

"ဟင် အဟဲ၊ ဒါ ဒါကတော့ကွာ၊ အဲဒီတုန်းက ကျား ကျား အချင်းချင်းလေကွာ၊ အခု အခုက"

"အဖေ ကျားအချင်းချင်းတောင် မရှောင်ခဲ့တာ၊ အခုမ,ဖြစ်ပြီးမှ ကျွန်တော်တို့လဲ ဒီပြည်သူပိုင်ကို နိုင်ငံသားပီသစွာ ကြံခွင့်ရှိ





တယ်"

မိုးထက်စကားကို မိုးမြတ်ကလဲ

"ဟုတ်တယ်၊ အခုမှ မြတ်အကြိုက်တွေ့ပြီ၊ လာထား၊ ဒါမှ ငါ့အတွက် ဘုရားမ,တာ၊ မ, မောင့်အခန်းသွားမယ်၊ ခါးပတ်တွေ အများကြီးရှိတယ်"

"ဟ ဟ နေ နေကြစမ်းပါဦး"

"မနေဘူး မနေဘူး၊ တို့က ခါးပတ်မလို"

"မလုပ် မလုပ်ကြပါနဲ့ကွာ၊ အဖေ့ဖို့"

ဦးမိုးသက်မှာ နှစ်ယောက်လုံးကို မဆွဲနိုင်။ မင်းထက်ခမျာလဲ ဘယ်ထွက်ပြေးရမှန်းမသိ။

"လုပ် လုပ်ကြပါဦး၊ တကယ်လုပ်မယ့်ဟာတွေနဲ့တော့ တွေ့ပြီ၊ ဟီး"

"ဟုတ်တယ်၊ တကယ်လုပ်မှာ လာပြီ လာပြီ"

"မ မောင့်ဆီလာ၊ မောင့်ဆီလာ မောင်ဆိုဒ်သိပြီ"

"နေ နေကြစမ်း၊ နေကြစမ်းပါဦး"

ဦးမိုးသက်တို့ ရုန်းရင်းဆန်ခတ် ဖြစ်နေတုန်းမှာပင်

"ကလင် ကလင် ကလင် ကလင် ကလင် ကလင် ကလင်"

ဖုန်းမြည်သံ။ အားလုံးကြောင်ပြီး ရပ်သွား၏။ ဒါကို ဦးမိုးသက်က

"တောက် အရေးကောင်းမှ ဘယ်ကဖုန်းက လာပြန်ပြီလဲကွာ၊ မိုးထက် ဖုန်းသွားကိုင်စမ်း"

မိုးထက်က မသွားချင်သွားချင်ဟန်နှင့် ဖုန်းသွားကိုင်သည်။

"ဟယ်လို"

"ဗျာ"

မိုးထက် မျက်လုံးပြူးပြီး ကြက်သေသေသွားသည်။ နောက်

www.burmeseclassic.com

www.burmeseclassic.com



ကိုင်ထားသော ဖုန်းခွက်၊ သတ်လက်လွတ်နှင့် လွတ်ကျသွားသည်။

သူ့ကိုကြည့်၍ အားလုံးတအံ့တဩ

"ဘာ ဘာဖြစ်တာလဲဟင်၊ ဘာဖြစ်လို့လဲ"

ဦးမိုးသက်အမေး။

"ဘာတဲ့လဲ ဘာဖြစ်လို့လဲ"

မိုးမြတ်ထံမှ စကားသံ။ မိုးထက် မျက်နှာရှုံ့မဲ့သွားပြီး ငိုသံဝဲဖြင့်

"အဘိုး ဆေးရုံက ဆင်းလာပြီတဲ့"

"ဟင်"

"ဘာ"

အားလုံး၏အာမေဋိတ်သံ။ မိုးထက်က ငိုချလိုက်ပြီး

"ဟီး အခု ကျန်းမာရေးကောင်းတာမှ ဝှီးချဲ(လ်)တောင် မလိုတော့ဘူးတဲ့၊ ဟီး"

"ဝါး"

သူ့စကားဆုံးသည်နှင့် ထငိုသော ငိုသံကျယ်ကျယ်။ ကြည့်လိုက်တော့ မင်းထက်။

"ဝါး ဒီအဘိုးကြီး ခွင်ဆင်ပြန်ပြီ၊ ခွင်ဆင်ပြန်ပြီတော်ရေ၊ ဝါး"

အားလုံး ကြက်သေသေလျက်။

လေးစားစွာကြိုးစားလျက်

အကြည်တော်



BURMESE CLASSIC .com

www.burmeseclassic.com